www.burmeseclassic.com

ရွှေပဒေသာစာပေ

# အလင်းသစ်

ကောင်းကင်အနှံ့..
ငါ့အချစ်တွေကြဲဖြန့်ထားပါရစေ



(အချစ်
လုံးချင်းဝတ္ထု (သစ်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ စက်တင်ဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ● ၈၃
အလင်းသစ်
ကောင်းကင်အနှံ့ ငှါအချစ်တွေ ကြဲဖြန့်ထားပါရစေ/အလင်းသစ် –
ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၉၆ – စာ ၊ ၁၂ ● ၇ × ၁၈ စင်တီ။
(၁) ကောင်းကင်အနှံ့ ငှါအချစ်တွေ ကြဲဖြန့်ထားပါရစေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ငါ့လက်က အနုလက်မဖြစ်ဖို့ ဆယ်နှစ်တော့ အချိန်ပေး။
ဒါ အလွန်ဆုံးကြာလှပါ။ ဆယ်နှစ်မပြည့်ခင်လည်း ဖြစ်နိုင်တယ်။

**နေမထီ**



www.burmeseclassic.com

www.burmeseclassic.com

# အလင်းသစ်

## ကောင်းကင်အနှံ့ ငါ့အချစ်တွေ ကြဲဖြန့်ထားပါရစေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ညီလေး"

အိမ်ပေါ်ကနေ ဆင်းလာပြီး ဆိုင်ကယ်ဆီကိုအသွား လယ်ထဲကနေ ပြန်လာတဲ့ ကိုကြီးက ပခုံးမှာထမ်းထားတဲ့ပေါက်တူးကိုပင် မချတဲ့ ခေါ်လိုက်တာကြောင့် နေမဏိ လှည့်ကြည့်လိုက်သည်။

"ဒါ ... ဘယ်သွားမလို့လဲ"

"ဟာ ... ကိုကြီးကလည်း မေ့နေပြီလား။ ဒီနေ့ ရွာအလှူအတွက် မြို့က အလှူရှင်တွေလာမှာလေ။ အဲဒါ သွားကြိုရအောင်"

"သြော် ... အေး၊ ဟုတ်သားပဲကွ"



www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်

ကောင်းကင် ပေါက်တူးကိုချပြီး အိမ်အောက်သို့ ထိုးသွင်းပြီးလေလျှင် . . .

"မြို့ကလူတွေကို သွားကြို့တာ မင်းက ဒီပုံစံနဲ့သွားကြိုမှာလား"

ကိုကြီးစကားကြောင့် နေမဏိ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ငုံ့ကြည့်လိုက်မိသည်။ သူဝတ်ထားတာ ပုဆိုးကွက်စိပ်အပြာရောင်နဲ့ ရှပ်အင်္ကျီလက်တို အဖြူခံပေါ်မှာ အပြာနုနဲ့ ကွပ်ထားတဲ့အင်္ကျီနဲ့လေ။ ဒါ့အပြင် ဘာတွေများ တိုးဝတ်ရဦးမှာလဲ။ ဒါတောင် အလှူမင်္ဂလာဆောင်တွေမှာဝတ်တဲ့အသစ်တွေလေ။

"ဒီပုံစံနဲ့မသွားလို့ ကျွန်တော်က ဘယ်ပုံစံနဲ့ သွားရမှာလဲကိုကြီးရ၊ ဘာလဲ တိုက်ပုံဝတ်ပြီး ကျက်သရေခေါင်းပေါင်းနဲ့ သွားရမှာလား"

"မဟုတ်ဘူးလေကွာ။ မြို့ကလူတွေကို သွားကြိုမှာဆိုတော့ မြို့ကြိုက်စတိုင်လ် ဘောင်းဘီလေး ဘာလေး ဝတ်သွားဖို့ ပြောတာကွ။ နည်းနည်းပါးပါးရှိန်တာပေါ့။ မြို့က သူဌေးသမီးလည်း ပါလာမယ်ဆိုလားပဲ"

"သူဌေးသမီးပါလာတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ။ ဘောင်းဘီဝတ်ပြီး မော်ဒယ်လ်ရှိုး လျှောက်ပြရမှာလား။ နေစမ်းပါ



ကြိုးစားလိုက်လေ၊ နှင်ပြောသလို ဆယ်နှစ်ဆိုတဲ့အချိန်မှာ အခု ငါပိုင်ဆိုင်တဲ့ လက်ရှိဘဝထက် သာမယ်ဆို ငါ ကျွန်နဲ့တူသော မယားအဖြစ်နဲ့ နှင့်အနားမှာ တစ်သက်လုံး ခစားသွားမယ်။

နှင်းမဟော်



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ကိုကြီးနဲ့အတူ လယ်သမားကြီးဦးသာအောင် လုပ်နေခဲ့တာလေ။

အခုလည်း ...

လယ်ထဲကနေ ကိုကြီးနဲ့အတူတူပြန်လာပြီး ကိုယ်က ဘကြီးသာအေးတို့အိမ်ကို ခဏဝင်ကျန်ခဲ့တာပါ။

"ကိုကြီး"

"ဘာလဲကွ"

"ကိုကြီးညီကို ကြည့်ပြောဦးလေဗျာ ... ဆိုင်ကယ်မောင်းတာ ကြမ်းလိုက်တာ။ တော်ကြာ သေရာကအမေကို ထိခိုက်ပြီး အဆဲခံနေရဦးမယ်။ ဆိုင်ကယ်ဝယ်မိတာ ဒီကောင့်ကို မျောက်အတောင်ပံတပ်ပေးသလိုဖြစ်နေပြီလား မသိဘူး"

"မင်းပြောပုံက ကိုကြီးညီဆိုတော့ မင်းညီရော မဟုတ်ဘူးလား။ မင်းမှာလည်း ဆုံးမပိုင်ခွင့်ရှိတယ်လေကွာ။ ဒီအိမ်မှာ ငါပြီးရင် မင်းမှာ အာဏာရှိတယ်"

လမင်း အစ်ကိုဖြစ်သူကို မျက်လုံးပြူးနှင့်မော့ကြည့်ပြီး ...

"အခုမှ အုပ်ချုပ်ရေးမှူးနဲ့ ရွာလူကြီးကျနေတာပဲ ပြောပုံက။ ကိုကြီးကအကြီးဆိုတော့ အာဏာပိုရှိလို့ ပြောနေတာပေါ့ဗျ"

"ငါ့အာဏာကလည်း ဒီကောင်နဲ့ကျ ပြားသွားတာပါပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



ခံလည်းမပြော နားလည်းမထောင်။ ဒါပေမဲ့ ညီလေးက သူများတွေလို မူးယစ်ဆိုးသွမ်းနေတာမှ မဟုတ်ဘဲကွ။ မဟုတ်မခံစိတ်ရှိတာပါ။ နေပါစေ လွှတ်ထားလိုက်"

"လွှတ်ထားရင် ပျက်သွားမှာစိုးလို့ ပြောနေတာကိုကြီးရဲ့"

"မပျက်ပါဘူး။ နေမဏိစိတ်ကို ငါသိတယ်။ လူနေတော့ ချုံကြား စိတ်နေတော့ ဘုံဖျားဆိုတဲ့ကောင်လေ။ သူ တကယ်တမ်းကျတော့ ပရမ်းပတာ ဘယ်တော့မှ မလုပ်ဘူး။ အချက်အလက်နဲ့ တိကျတယ်၊ ပြတ်သားတယ်။ ကိစ္စတစ်ခုကို ရဲရဲတင်းတင်း ရင်ဆိုင်ရဲတယ်။ အလုပ်ကို သူမလုပ်ချင်သေးလို့ မလုပ်တာ။ လုပ်ချင်စိတ်ရှိလာလို့လုပ်ရင် ထက်မြက်မယ့်ကောင်ကွ"

"ညွန့်းလှချေလား၊ သွားတွေကျိုးလာပြီ အား"

"ဘာဖြစ်တာလဲ"

လမင်းမောင်က မျက်နှာကို ရှုံ့မဲ့ပြီး ပါးတွေကို လက်ဝါးနှင့် ဖိပွတ်၍ ပြောလေသည်။ သူတို့ညီအစ်ကိုတွေက ရွာထဲကကာလသားတွေထဲမှာ နာမည်အလှဆုံးလူတွေပဲပေါ့။ ကောင်းကင်ယံ၊ လမင်းမောင်နဲ့ နေမဏိဆိုတော့လေ။ သူများတွေက နာမည်ကို နေ့သင့်နံသင့် မှည့်ပေးကြသည်။

သူတို့အမေကတော့ အဲဒီလိုမဟုတ်ပါဘူး။





ကိုကြီးရာ ... ဒေါင်းယောင်ဆောင်လည်း ကျီးကကျီးပဲ။ အလကား အလုပ်ရှုပ်လို့"

"ညီလေး"

ခေါ်တာပင် မရလိုက်ဘဲ နေမဏိ ဆိုင်ကယ်ပေါ်ရောက်တာနှင့် စက်နှိုးပြီး "ဂူးခနဲ" မောင်းထွက်သွားလေတော့သည်။ ဆိုင်ကယ်စီးကလည်းကြမ်းပဲ။ ကျွမ်းကလည်းကျွမ်းတော့ ကြမ်းပြီပေါ့လေ။ အစ်ကိုတွေမှာ သူ ဆိုင်ကယ်စီးရင် စိတ်ပူလို့ပြောနေရပေမယ့် ပြောလို့မရပါဘူး။ သူ ဆိုင်ကယ်စီးလို့ မှောက်တယ် တိုက်တယ်ဆိုတာလည်း မရှိခဲ့သေးပါဘူး။

ဒါပေမဲ့ ...

လူ့ကံဆိုတာ ပြောလို့မှမရတာ။ ညီအငယ်ဆုံးလေးမို့ စိတ်ပူတာကပူတာပါပဲ။ မိဘနှစ်ပါးမရှိတော့ကတည်းက ညီအစ်ကို သုံးယောက် သွေးစည်းညီညွတ်စွာနဲ့ ကြင်ကြင်နာနာ နေလာခဲ့ကြတာ။ အကြီးနှစ်ယောက်က ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ရလို့ ညီအငယ်ဆုံးလေးကိုတော့ ပညာတတ်ဖြစ်ပါစေဆိုပြီး ကျောင်းထားခဲ့ကြတာလေ။

ဆယ်တန်းကို သုံးနှစ်ကျပြီး ...

အခုတော့ ... ဆက်တက်နိုင်းလို့ကို မရတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းကြီးသားက အပြောလေးချောစွာနှင့် စာကျက်ရတာပျင်းလို့ စာမကျက်ရတဲ့ပညာတွေပဲ ရှာမတဲ့လေ။

"ဝူး"

"ဟာ ... ဟော့ကောင်"

"........................"

"ဒီကောင် ခက်တော့တာပဲ။ ညီလေး ဆိုင်ကယ်ကို ဖြည်း ဖြည်းမောင်းလေကွာ"

အခုတစ်ခါ အော်ပြောလိုက်သူက မင်းမောင်ပါ။

"ဘာမှမဖြစ်ဘူး စိတ်ချ"

နေမထိ ပြန်အော်သွားပေမယ့် လမင်းမောင် စိတ်ပူသွားရ၏။ ညီလေးက ဆိုင်ကယ်စီးကြမ်းလို့ သူတို့မှာ စိတ်မချနိုင်ဘူးလေ။ အငယ်ဆုံး မိဘဆိုး ဖတဆိုးလေးမို့ အလိုလိုက်ထားတာ သူတို့မှား နေပြီလား။ သူတို့မှာ ကောင်းကင်ယံရယ်၊ လမင်းမောင်ရယ်၊ နေမထိ ရယ်ဆိုပြီး ညီအစ်ကိုသုံးယောက် ရှိသည်လေ။

မိဘတွေဆုံးသွားပြီးကတည်းက ...

ကိုကြီးက ဒီအိမ်မှာ အုပ်ထိန်းသူမိဘပဲပေါ့။ မိဘတွေ ကျန်ခဲ့ တဲ့ အိုးအိမ်နှင့် လယ်တွေကို မတိုးတက်ရင်တောင် မယုတ်လျော့စေရ ဘူးဆိုပြီး ကိုကြီးကပဲ ဦးဆောင်၍ လုပ်ကိုင်ထိန်းသိမ်းနေရသည်။





ဝတ္ထုတွေဖတ်ပြီး သားတွေကို ဝတ္ထုထဲက နာမည်လှလှလေး တွေ မှတ်ထားပြီး မှည့်ပေးတာတဲ့လေ။ ဒါကြောင့် နာမည်လှတာကိုပဲ ကဲ့ရဲ့တဲ့သူတွေ ရှိတာပေါ့။

"ဘာဖြစ်တာလဲ၊ သွားရည်တောင်ကျတော့မလား မသိဘူး"

"ကိုကြီးက ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတာကိုး"

"ကိုယ့်ငါးချဉ်မို့လို့ ကိုယ်ချဉ်တာ မဟုတ်ဘူးကွ။ ဒီကောင့် စိတ်ကို ငါယုံလို့ပြောတာ"

လမင်း ခပ်မဲ့မဲ့လေးလုပ်ပြမိသည်။ ဒါ ကိုယ့်ညီလေးကို ချီးမွမ်းတာ မနာလိုလို့ မဟုတ်ပါဘူး။ တမင် ကိုကြီးမခံချင်အောင် လုပ်ပြတာပါ။

"ကဲပါ ... အဲဒါတွေထားလိုက်ပါတော့။ မနက်ဖြန် လယ်တွေကို ဓာတ်မြေသြဇာပက်မှာနော်။ အဲဒါ ဓာတ်မြေသြဇာအိတ် တွေ သွားထမ်းရဦးမယ်"

"ဘယ်မှာသွားထမ်းရမှာလဲ။ အိမ်မှာရှိတဲ့အိတ်တွေကရော ဘာလုပ်မလို့လဲ"

"အိမ်မှာရှိတဲ့ အိတ်လောက်နဲ့ မလောက်လို့ပေါ့ကွ။ မကြ ကြီးတို့အိမ်မှာ သွားထမ်းရမှာပေါ့။ အဲဒီက အိတ်တွေ အငှါးယူပြီး ပက်မယ်။ အိမ်က အိတ်တွေ ထားလိုက်ဦး။ နောက်တစ်ခါမှ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



အိတ်တွေကိုပက်မှာ”

“ဟုတ်ပါပြီ၊ အခု ကျွန်တော် ဘာလုပ်ရမလဲ”

“ထမင်းချက်ဖို့လုပ် ငါ ထင်းခွဲမယ်”

“ဟုတ်”

အလုပ်ကို တာဝန်ကိုယ်စီခွဲပြီး ထရပ်လိုက်ကြသည်။ သူများတွေဆို ညီအစ်ကိုမောင်နှမချင်း မတည့်ကြဘူးတဲ့လေ။ သူတို့ ညီအစ်ကိုတွေကတော့ သင့်သင့်မြတ်မြတ် ကြင်ကြင်နာနာနဲ့ နေကြသည်သာ။

မိဘတွေမှ မရှိကြတော့ပဲလေ။ ဒါကြောင့် ကိုကြီးက အုပ်ထိန်းသူ မို့ ကိုကြီးစကားကို နားထောင်ကြရသည်။

ကိုကြီးကလည်း ...

အစ်ကိုကြီး အဖအရာမှာ အုပ်ထိန်းသူပီသပါပေတယ်။ အလုပ်ကိုယ်စီလုပ်ရမည်ဆိုလျှင် ညီတွေကို သက်သာမယ့်အလုပ်လုပ်နိုင်းပြီး သူက ပင်ပန်းမယ့်အလုပ်ကိုသာ လုပ်တတ်သူပါ။ အခုလည်းကြည့်၊ လမင်းကို ထမင်းချက်နိုင်းပြီး သူက ထင်းခွဲမယ်တဲ့။ လမင်းကလည်း ကိုကြီးရဲ့စေတနာတွေကို နားလည်သူမို့ ...

“ကိုကြီး”

“.............”





“ကိုကြီး”

ကိုကြီးက ပုဆိန်ကိုယူရင်း လှည့်အကြည့်တွင် ...

“ကျွန်တော် ထင်းခွဲမယ် ကိုကြီးထမင်းချက်”

“ဘာဖြစ်လို့လဲ”

“ကျွန်တော်က ထမင်းပဲ ချက်ချင်တာ။ အိုးတော့ မတိုက်ချင်ဘူး။ အိုးကမည်းနေတယ်၊ ဟိုကောင်စားသောက်ပြီး ဘယ်လိုတွေလုပ်ထားတာလည်းမသိဘူး။ ကျွန်တော်က အိုးတိုက်ရမှာကို အရမ်းပျင်းတာ ကိုကြီးသိလျက်သားနဲ့”

ပြောရင်းပဲ လမင်း ကိုကြီးလက်ထဲက ပုဆိန်ကိုဆွဲယူပြီး အိမ်ပေါ်ကနေ ဆင်းလာခဲ့တော့သည်။ တကယ်လည်း အိုးတွေ ပန်းကန်တွေ တိုက်ရမှာကိုတော့ သူ ပျင်းပါသည်။ ဒါပေမဲ့ ... အခု အိုးက တကယ်မမည်းပါဘူး။ ကိုကြီးကို သက်သာစေချင်လို့ပါ။

“ဟင်”

ကောင်းကင် အိုးကိုကြည့်ပြီး သဘောပေါက်လိုက်ပါပြီ။ လမင်း သူ့ကို ပင်ပန်းမှာစိုးလို့ ညာသွားတာကိုလေ။ ဪ ကိုယ်က အကြီးပီပီ သူတို့အပေါ် ငဲ့ညှာတော့ သူတို့ကလည်း သိတာပေါ့။ ကောင်းကင် ကျေနပ်စွာပြုံးလိုက်မိပြီး ...

“ခွေးကောင် ငါ့ကို ညာသွားတာ”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အိုးထဲသို့ ဆန်ထည့်၍ ထမင်းချက်ဖို့ ပြင်ရတော့သည်သာ။ ကိုယ့်ညီတွေက ကိုယ်ချက်တဲ့ထမင်းက ပိုစားကောင်းတယ် ထင်ကြတာကိုး။

* * *



## အခန်း (၂)

နေမဏီတို့အဖွဲ့ ကားမဆိုက်သေးတာနှင့် ကော်ဖီဆိုင်သို့ ဝင်ကာ သောက်တော့ကြသည်ပါ။ နေ့လယ်ခင်းဆိုတော့ နေပူထဲက လာတာနှင့် အအေးပဲသောက်ဖြစ်ကြတာလေ။ ဒီရာသီက နွေစပါးတွေ စိုက်တဲ့ ရာသီပါ။ အခုဆိုရင် စိုက်ပြီးလို့ စာတ်မြေသြဇာပင် ကျွေးနေကြပါပြီ။

နွေနဲ့မိုး ...

လယ်စိုက်ကောချင်း အတူတူပေမယ့် နွေစပါးကို ပိုပြီး အားထားလုပ်ကိုင်ကြသည်လေ။ ဘာဖြစ်လို့လဲဆို နွေစပါးက အသွက်နှုန်း



www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်းတယ်လို့ ထင်ကြတာကိုး။ သူတို့ကပဲ စိတ်လောနေတာလား။ ကားကပဲ နောက်ကျနေတာလား။ အခုထိ ရောက်မလာတော့ နေမထိ စိတ်မရှည်ချင်တော့ပေ။

"ကျွတ် ... အခုထိ မလာသေးဘူးကွာ။ စိတ်ပျက်ဖို့ကောင်းလိုက်တာ"

"မင်းကလည်း ဘယ်လိုဖြစ်နေတာလဲ၊ လာမှာပေါ့ကွ။ ကားပေါ်တက်ကာနီးတောင် ဖုန်းဆက်ထားသေးတာပါပဲ ဥစ္စာ"

ဖိုးဇော်က သည်းခံဖို့ပြောပေမယ့် ...

"စောင့်ရတဲ့အလုပ်ကို ငါ စိတ်အပျက်ဆုံးပဲ။ အဲဒီ သူဌေးဆိုတဲ့လူတွေကလည်း ပြောတော့ ကိုယ်ပိုင်ကားနှစ်စီးရှိတယ်ဆိုပြီး ကိုယ့်ကားနဲ့တော့ ကိုယ်မလာဘူး။ တမင်သက်သက် တို့ကိုဒုက္ခပေးတာ"

"မင်းကလည်း အဲဒီလို မတွေးစမ်းပါနဲ့ နေမထိရာ။ သူတို့မှာ ကားရှိနေပေမယ့် နေ့တိုင်းမောင်းနေရတာ မမောင်းချင်လို့ စိတ်လွတ်ကိုယ်လွတ် အဝေးပြေးနဲ့လာတာပဲ ဖြစ်မှာပေါ့ကွ။ သူများကို ဒုက္ခပေးချင်လို့ရယ်လို့ ဘယ်ဟုတ်ပါ့မလဲ"

"သူဌေးသမီးက ချောလား မချောလားတော့မသိဘူး မျက်နှာကတော့ တော်တော်ကြီးနေပြီ"





"ဟော့ကောင်"

သန်းဝင်းက စပ်ဖြဲဖြဲမျက်နှာနှင့် ပြောလေတော့ ဖိုးဇော်က ပေစောင်းစောင်းကြည့်လေသည်။ ဒါကိုပဲ သန်းဝင်းက ...

"ငါပြောတာ မဟုတ်လို့လား။ ရောက်မှုတဲ့သူတွေက သူဌေးသမီး အရမ်းလှတာပဲ၊ ဗီဒီယိုထဲက မင်းသမီးတွေအတိုင်းပဲဆိုတာနဲ့ မင်း လာကြိုချင်တာ ဖင်တစ်ပိုင်းသေနေတာလေ။ အဲလေ ဖင် တစ်ပိုင်းသေရင် လာကြိုလို့မရဘူး၊ ဒီလို ဒီလို ဖြစ်နေတာ"

သန်းဝင်းက ပခုံးတွန့်ပြီး ဖုတ်လိုက် ဖုတ်လိုက်လုပ်ပြတော့ နေမထိက ပြုံးစိစိနှင့်ပါ။ ဘယ်သူတွေ ဘယ်လိုပဲ အထင်ကြီးကြီး နေမထိကတော့ အထင်မကြီးပါဘူး။ တောသားလည်း လူ၊ မြို့သားလည်းလူပဲလေ။ မြို့သားလည်း ထမင်းစားတာ တောသားလည်း ထမင်းစားတာပါပဲ။ အချိန်တန် အပေါ့ အလေးသွားတော့လည်း ဟိုဒင်းလှန်သွားရတာ အတူတူပါပဲ။

ချောတာ လှတာကရော ...

သေရင် အခေါင်းထဲ မြေဩဇာဖြစ်ရတာချင်းအတူတူ။ တောသားတွေကမှ မြေမြှုပ်ခံရရုံပဲ။ မြို့သားတွေက သေတာတောင် မီးရှို့ပြာကျဖြစ်ရသေးသည်လေ။ ဘာအထင်ကြီးစရာရှိလို့လဲ။

"ဟော့ကောင် သန်းဝင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မင်းမသိရင် မှတ်ထား။ ယောက်ျားအမျိုးအစားနှစ်မျိုးပဲ ရှိတယ်ကွ"

"ဆိုစမ်းပါဦး ... အဲဒီနှစ်မျိုးက ဘာတွေလဲ"

"သူများယောက်ျားနဲ့ ကိုယ့်ယောက်ျားလေ"

"ခွေးကောင်"

စောစောက လေသံမာမာနှင့် ယောက်ျားရင့်မာကြီးက အခု တော့ လက်ညှိုးထိပ်ကို ပါးစပ်ထဲထည့်ပြီး မှုန့်ပြလေတော့ သန်းဝင်း ဆဲလေတော့သည်။

"သူများယောက်ျားနဲ့ ကိုယ့်ယောက်ျားနှစ်မျိုးနှစ်စား ရှိတာ မင်းပြောမှလားကွ။ ဒါဆို မင်းယောက်ျားက ဘယ်သူလဲ"

"နင်လေ"

"ဟာ"

ပြောပြီး သန်းဝင်းပါးကို လက်ညှိုးနှင့်ထိုးပြီး တွန်းလိုက်လေ တော့ နေမဏိက 'ဝေါ်' ဟု အသံထွက်ပြီး မျက်နှာက ရှုံ့မဲ့သွားလေ သည်။

"ဝေါ်"

"ဘာဖြစ်တာလဲ ဗိုက်ကြီးချင်လို့လား"





"မင်းကြီးတော်ကြီး ဗိုက်ကြီးရမလား၊ ငါက ယောက်ျား စစ်စစ်ကွ"

"ငါကလည်းစတာပါကွ၊ ယောက်ျားနှစ်မျိုးနှစ်စားမှာ နှာဘူးနဲ့ ဂန့်ဒူးပဲရှိတယ်ဆိုတာ ပြောချင်လို့ နှဲ့ပြတာပါ"

"ဟော ... ဟိုမှာ ကားလာပြီ"

သန်းဝင်းစကားကြောင့် ကြည့်လိုက်ကြတော့ မှန်ပါသည်။ ရန်ကုန်ကား ဆိုက်လာပြီလေ။ သုံးယောက်သား ဆိုင်ထဲကထွက်လာ ပြီး ကားနာမည်နှင့် ကားနံပါတ်ကို ကြည့်လိုက်တော့ သူတို့မှန်းဆက်ပြီး ပြောပြတဲ့ ကားနံပါတ်ပါပဲ။ ဒါကြောင့် ကားဆီကိုလာခဲ့ပြီး ခရီးသည် တွေ တစ်ယောက်ပြီးတစ်ယောက် ဆင်းတာကို ရပ်ကြည့်နေမိကြ သည်။

"ဟော ... ဟိုမှာ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ကွ၊ ဟိုမှာ နောက်ကဆင်းလာပြီ ဦးဘုန်း မဟာ"

"မင်းက သူ့ပဲ သိတာလား"

"အေးလေ ... ရွာလာရင် ဒီလူကြီးပဲလာတာကို။ သူ့မိသားစု က ခုမှလာဖူးတာ၊ ဒါ ပထမဆုံးအကြိမ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးတယ် ကိုသန်းဝင်းရယ် . . . ခင်ဗျားပဲသိ။ ကဲ . . သိတဲ့သူ ရှေ့ကကြွ"

"ဟာ . . . မင်းက သွက်သွက်လက်လက်ရှိတာ မင်းပဲစ၊ ကြိုလိုက်ပါ"

နေမဏိ သန်းဝင်းကို မျက်စောင်းထိုးလိုက်ပြီး သူပဲ ရှေ့ ဘက်ကာ ကားပေါ်ကဆင်းလာတဲ့ ဦးဘုန်းမဟာကို . . .

"ဦးလေး"

"ဟေ"

"ဦးလေးက ဦးဘုန်းမဟာထင်တယ်"

"ဟုတ်တယ် . . . ဟုတ်တယ်၊ မင်းတို့က ဆရာတော် လွှတ်လိုက်တဲ့လူတွေထင်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ၊ ဆရာတော်လွှတ်လိုက်လို့ ဦးလေးတို့ ကို လာကြိုတာပါ"

ပြောရင်း နေမဏိက ဦးဘုန်းမဟာ၏လက်ထဲက အိတ်ကို လှမ်းဆွဲယူလေလျှင် ဦးဘုန်းမဟာက အသာလေးလွှတ်ပေးလေ၏။

"ဟော့ကောင်တွေ"

"ဟေ"

"အန်တီ လက်ထဲက အိတ်ကို ယူကြဦးလေကွာ"





"သြော် . . . အေး"

ဖိုးဇော်က သူဌေးသမီးကိုကြည့်နေတာ မျက်တောင်မခတ် နိုင်ပါ။ ဒါကြောင့် နေမဏိပြောတာကို ကြားဟန်မတူပါဘူး။ ကြားတဲ့ သန်းဝင်းကပဲ သူဌေးကတော့်လက်ထဲကအိတ်ကို လှမ်းယူလေလျှင် . . .

"အန်တီ ကျွန်တော့်ကိုအိတ်ပေး"

"အို . . . နေစမ်းပါ"

"ဟင်"

"တင်မ"

ဦးဘုန်းမဟာ ကောင်လေးကို အားနာသွားရ၏။ တင်မက လက်ကို ပုတ်ချလိုက်တာကိုး။ နေမဏိလည်း သူဌေးကတော်၏ လုပ်ရပ်ကြောင့် စိတ်ထဲမှာ တင်းခနဲဖြစ်သွားရသည်။ စေတနာကို စော်ကားလိုက်တာ။ ဒါပေမဲ့ ခုမှတွေ့စမို့ ဘာမှမပြောသေးပါဘူး။

"မင်းကို ပင်ပန်းမှာစိုးလို့ ကောင်လေးက ကူဆွဲတာလေ။ ဘာလို့ စေတနာကို စော်ကားတာလဲ"

"ဒီအိတ်ထဲမှာ အလှူအတွက်ဝယ်ဖို့ ပိုက်ဆံတွေပါတယ်လေ ကိုရဲ့။ ဒီခေတ်ထဲမှာ ကိုယ်ကကျူးရင် ကိုယ့်ဖူးတောင် ယုံရတာမဟုတ် ဘူး။ တောသားတွေက ရိုးသားပါတယ်လို့ မပြောနဲ့။ တောသားလည်း



www.burmeseclassic.com

www.burmeseclassic.com



နင် မြို့သားတွေ လိုက်လို့မမီဘူး။ ကိုယ့်ဘာသာကိုယ်ဆွဲနိုင်တယ်"

"ကျွတ်"

"ဆွဲနိုင်ရင်လည်း ဆွဲဗျာ၊ ဟော့ကောင်တွေ ...လာ သွားမယ်"

နေမဏိ ရှေ့ကထွက်သွားတော့ အားလုံးပဲ နောက်ကနေ လိုက်လာခဲ့ကြတော့သည်။ နှင်းမဟော်ကတော့ အခုထိ ဘာစကားမှ မပြောဖြစ်သေးပါဘူး။ လာကြို့တဲ့ဆိုင်ကယ်ကသုံးစီး၊ သူတို့မိသားစုက သုံးယောက်ဆိုတော့ တစ်စီးကို တစ်ယောက် စီးရမှာပေါ့။ နှင်းမဟော် ဘယ်ဆိုင်ကယ်ကိုစီးရင်ကောင်းမလဲ။

အသစ်အတိုင်းရှိနေသေးတဲ့ နေမဏိဆိုင်ကယ်ဆီသို့ သွား လေလျှင် သူကြည့်ပုံက ပေစောင်းစောင်းပါပဲ။

"နင် ငါနဲ့လိုက်စီးမှာလား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ နင့်အမေ ငါ့ကိုယုံကြည်စိတ်ချရဲ့လား အရင်မေးကြည့်ဦး"

"မလိုပါဘူး၊ ငါ့အမေက ငါပြီးရင် ပြီးတယ်"

"ပြီးတာပဲ"

သူက နင်နဲ့ငါ သုံးတော့ နှင်းမဟော်လည်း နင်နဲ့ငါပဲ





သုံးလိုက်တော့သည်။ တောသားက စကားပြော မာရေကြောရေနဲ့ပါ လား။ မျက်နှာကြောကလည်း တင်းပဲ့။ နှင်းမဟော် ဂရုမစိုက်ပါဘူး။ ကိုယ်က သူ့ဌေးသမီး မြို့သူပဲလေ။ ပြီးတော့ မြို့မှာတောင် ချူချင် သူတွေ ဝိုင်းဝိုင်းလည်နေအောင်လှတာ။

ဒါကို ဂရုမစိုက်ဘူးဆိုတော့လည်း ...

ကိုယ်ကအဖက်မလုပ်ရုံပဲပေါ့။ အခုက ဆရာတော် အကြို ထောက်လိုက်တာမို့ မဖြစ်မနေ စကားပြောနေရတာပါ။

"သမီး"

"ရှင် မေမေ"

"လမ်းတွေ ကြမ်းမယ့်ပုံပဲ၊ ခိုင်ခိုင်ကိုင်ထားနော်၊ တော်ကြာ ပြုတ်ကျနေဦးမယ်"

"ဟုတ်ကဲ့ မေမေ"

"ဟဲ့ ... ကောင်လေး"

နေမဏိ လှည့်ကြည့်လိုက်တော့ ကိုယ့်ကိုကြည့်ခေါ်တာ မို့ ...

"ကျွန်တော်နာမည် ကောင်လေးမဟုတ်ပါဘူး၊ နေမဏိပါ"

"နင့်ဘာသာနင် နေမဏိဖြစ်ဖြစ်၊ မြေမဏိဖြစ်ဖြစ် နင့် နာမည်က အရေးမကြီးဘူး၊ အရေးကြီးတာက ငါ့သမီး ပြုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေမယ် ဖြည်းဖြည်းမောင်း"

"ဗူး"

"ဟဲ့"

ပြောနေရင်းက ဆိုင်ကယ်ကို စက်နှိုးပြီး မောင်းထွက်သွားတာ ဗူးခနဲပါပဲ။ နှင်းမပေါ်ပါးပြင်လေး သူ့ကျောပြင်မှာကပ်သွားလေလျှင် . . .

"တောက် . . . ဒါ တမင်သက်သက် ငါ့ကိုရွဲ့တာ။ သမီးရေ နိုင်နိုင်ကိုင်ထားနော်"

ဦးဘုန်းမဟာ ဟူးခနဲ လေကိုမှုတ်ထုတ်ပစ်လိုက်၏။ ကိုရွှေတောသားနဲ့ မာနခဲတို့တော့ တွေ့ကြဦးမှာပေါ့။

* * *



## အခန်း (၃)

ဘုန်းကြီးကျောင်းရှေ့ရောက်တာနှင့် နေမဏိ ဆိုင်ကယ်ကို ရပ်ပေးလိုက်ကာ . . .

"ဆင်း"

"ဟင် . . . ရောက်ပြီလား"

"ရောက်ပြီလေ . . . ဟိုမှာ ဘုန်းကြီးကျောင်း။ နှင် မမြင်ဘူးလား။ နင့်ဘာသာနင်ပဲ ဝင်သွားတော့။ ငါက ပြန်တော့မှာ။ ရှေ့ယူ . . . နင့်အိတ်"

"နင်ဆွဲပေးလေ၊ ပို့မယ့်ဝို့ ဘုန်းကြီးကျောင်းရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပါလား"

"ကျွတ်"

နေ့မထီ ကတ်ဖိုးကတ်ဖွဲ့လုပ်လို့မရပါလား။ ကောင်မလေး သူ့အိတ်သူသယ်ပြီး လမ်းလျှောက်သွားရအောင် ညစ်လိုက်ပေမယ့် သူမက မသွားပေ။ သူ ပေကပ်နေရင်လည်း ဆရာတော်က ဆူဦးမှာ လေ။

"ကျောင်းရောက်အောင်ပို့ဆို ပို့ပေးမယ်၊ ဒါပေမဲ့ ဟိုရောက် ရင် နင့်အိတ်နင်သယ်"

"ငါမနိုင်ဘူးလေ၊ နင်သယ်ပေးပေါ့"

"ဘာလို့ သယ်ပေးရမှာလဲ မသယ်ပါဘူး။ ဒါ အဝတ်အိတ် မဟုတ်လား။ နင့်ထဘီတွေပါမှာပေါ့။ ဝတ်တတ်ရင် သယ်တတ်ရမယ်။ ငါက ဘုန်းကံအနိမ့်ခံပြီး သယ်ပေးရမှာလား။ လုံးဝ နိုးပဲ"

"ကျွတ်"

"ဂူး"

"အမေ့"

နှင်းမပော်ကိုယ်လေး ယိုင်ခနဲဖြစ်သွားလေသဖြင့် ကိုင်မိ ကိုင်ရာ သူ့ခါးကိုပဲ ဖက်ထားလိုက်မိသည်။ ဒေါ်သဖြစ်ဖို့ ကောင်းလိုက် တာ။ ကျောင်းကိုရောက်တော့ ဆရာတော်နဲ့ လူကြီးသုံးလေးယောက်





ရောက်လာပြီး မပော်နဲ့ရွယ်တူ ကောင်မလေးနှစ်ယောက်ပါ ပါလာ လေသည်။

"ပိုင်း"

"ရှင်"

"ကလေးမလေးအိတ် သယ်ပေးလိုက်ဦး"

"ဟုတ်ကဲ့"

မပော် ဒေါ်သဖြစ်ဖြစ်နှင့် ဆိုင်ကယ်ရှေ့ သူ့ခြေထောက် ဒူးနားမှာရှိတဲ့ အိတ်ကို ဆွဲယူလေလျှင် ပိုင်းဆိုတဲ့ကောင်မလေးကပဲ လာဆွဲယူသွားလေ၏။

"လာ . . . ညီမ မမနဲ့လိုက်ခဲ့"

နောက်က ဆိုင်ကယ်တွေပါ ရောက်လာပြီး လူကြီးတွေ ရယ်ကြမောကြ စကားပြောကြနှင့်ပဲ အားလုံး ကျောင်းပေါ်သို့ တက်ခဲ့ ကြတော့သည်။

"ဒကာကြီးကလည်း အပင်ပန်းခံပြီး ခရီးသည်တင်ကားနဲ့ လာရတယ်လို့။ ကိုယ့်ကားနဲ့ကိုယ် လာလိုက်ရင် ပြီးတာပဲဥစ္စာ"

"တင်ပါ့ဘုရား။ ကားတစ်စီးက လာကာနီးမှ ဘာဖြစ်မှန်း မသိလို့ ဝပ်ရှော့ပို့လိုက်ရပါတယ် ဘုရား။ တစ်စီးကတော့ အလုပ်ကိစ္စ အတွက် သွားဖို့လာဖို့ လိုအပ်လို့ တပည့်တော်အလုပ်က မနေ့ကကို



www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့ရပါတယ် ဘုရား"

"ဩော် ... အေးပေါ့လေ၊ တစ်ဖက်မှာလှူသလို တစ်ဖက်ကလည်း ရအောင်ပြန်ရှာဖို့ အလုပ်ကို ရပ်နားမထားခဲ့တာ ကောင်းပါတယ်"

"တင်ပါ့ဘုရား"

"ဒါနဲ့ ဒကာမကြီးတို့သားအမိ ကျောင်းမှာနေဖို့ အဆင်မပြေမှာစိုးတာနဲ့ ရွာထဲမှာနေဖို့ ဘုန်းကြီးစီစဉ်ထားပါတယ်။ ဟဲ့ ... ဝိုင်း"

"ဘုရား"

"ဒကာကြီးတို့မိသားစုကို နင်တို့ခေါ်သွားလိုက်၊ ကြားလား။ အရေးထဲ ဒီနေ့မှ နင့်အဖေကလည်း သွားရလာရနဲ့။ ငါ့မှာလည်း သူ့ကိုပဲ နေရာတကာ အားကိုးနေရတယ်။ ရွာထဲမှာ ခင်မောင်က ရပ်ရေးရွာရေး ဘာပဲဖြစ်ဖြစ် သူ့မပါရင် မပြီးဘူး ဒကာကြီးရေးအခုလည်း ဒကာကြီးတို့မိသားစု နေရေး စားရေး အဆင်ပြေဖို့အတွက် သူ့ကိုပဲ တာဝန်ပေးထားရတာ"

"တင်ပါ့ဘုရား"

ဝိုင်းရွှေနဲ့ကြာဖြူက မပော့်အနားသို့ တိုးကပ်ပြီး ထိုင်ကြလေသည်။ ဆရာတော်က ခေါ်သွားတော့ဆိုရင် ညှိသည်တွေကို ခေါ်သွားဖို့ အဆင်သင့်အနေအထားပါ။





"ဒီက ကလေးမနှစ်ယောက်က ဘယ်သူ"

"ကျွန်မက ဝိုင်းရွှေပါ အန်တီ။ သူက ကြာဖြူမပါ။ အဲလေ ... ကြာဖြူမိုးပါ"

ကြာဖြူကလည်း ခေါင်းလေးညိတ်ပြလေသည်။ သူတို့ဖော်ရွေတာ မဖော်ရွေတာတွေကို ဒေါ်တင်မလတ် စိတ်မဝင်စားပါဘူး။ လမ်းတစ်လျှောက်လုံး တွေးပြီး သူမစိတ်ပူနေခဲ့တာ။ နေရေး စားရေးအဆင်ပြေပါ့မလားလို့လေ။ တောနဲ့မြို့က တူမှမတူတာ။ မြို့မှာက ပိုက်ဆံရှိရင် ကိုယ်စားချင်တာကို အချိန်အရွေး သွားဝယ်စားလို့ရသည်။

တောမှာက ဈေးနဲ့ဝေးတော့ ...

ကိုယ်စားချင်ရာ အချိန်ဝယ်လို့မရ။ လိုချင်တိုင်းလည်းမရ။ အစားအသောက်က ရှားပါ့ဘိသနဲ့။ အနေဆင်းရဲ အစားဆင်းရဲပဲလေ။ အဲဒါကြောင့် လင်တော်မောင်ကို ကိုယ့်ဘာသာပဲ သွားပါလို့ ပြောတာ ပြောလို့ကိုမရဘူး။

"ဟုတ်ပြီ ... အန်တီမှတ်ထားပါ့မယ်။ အန်တီတို့က ဝိုင်းရွှေတို့အိမ်မှာနေရမှာလား"

"ဟုတ်ကဲ့ရှင့်"

"ညည်းတို့အိမ်မှာ Aircon ရှိလား။ အန်တီက အပူဒဏ်ကို မခံနိုင်လို့ မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း"

မပေါ် အားနာသလိုပြောလိုက်မိတော့ မိခင်မျက်စောင်းထိုးတာနှင့် ဘာမှဆက်မပြောဖြစ်ဘဲ ငြိမ်သက်သွားလေသည်။

"ဟို . . . အန်တီပြောတဲ့ဟာတော့ မရှိပါဘူးရှင့်။ လေပန်ကာတော့ ရှိပါတယ်။ ကျွန်မတို့ရွာက မြို့နဲ့ နည်းနည်းဝေးတော့ ဆိုလာပဲ သုံးရတာလေ။ အဲဒါကြောင့်ပါ။ ပြီးတော့ . . . တောက လေကောင်းလေသန့်ရပါတယ်"

"အေးပေါ့လေ . . . မရှိတော့ ရှိတာနဲ့ပဲ ကျေနပ်ရမှာပေါ့။ ပြောရင်လည်း ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်ရုံပဲရှိမယ်"

ဆရာတော်သက်ပြင်းချတာကိုကြည့်ပြီး နေမထိလည်း စိတ်မချမ်းသာဖြစ်သွားရသည်။ ဒီမိန်းမကြီး တော်တော် ဂုဏ်မောက်တာပဲ။ ရွာကိုလာတဲ့ မြို့သူမြို့သားတွေ နေမထိ တွေ့ဖူးပါတယ်။ ကိုယ့်ရွာကိုယ့်ဓလေ့မှာ လိုက်လျောညီထွေနေသွားကြတာပါပဲ။ သူတို့ကျမှ ဟွန်း ရွှေထမင်းကို ပါးစပ်နဲ့စားပြီး ရွှေဝမ်းတွေသွားတာများမှတ်နေလား မသိပါဘူး။

နေမထိ . . .

ဘုရားစူး မိုးကြိုးပစ်ကိုပဲ အမြင်ကတ်မိပါသည်။

"စိတ်ချပါ ဒကာမလေးရယ်၊ Aircon မရှိတာကလွဲရင်





ကျန်တာအားလုံး အဆင်ပြေအောင် သူတို့လုပ်ပေးပါလိမ့်မယ်"

"ရပါတယ် ဆရာတော်ဘုရား။ တပည့်တော်ဇနီး နည်းနည်းဇီဇာကြောင်တတ်တာကိုတော့ သည်းခံပေးပါ ဘုရား"

ကိုယ့်ကို ဇီဇာကြောင်တယ်ပြောပြန်တော့လည်း ဒေါ်တင်မလတ် မကြိုက်ပြန်ပေ။ ဒါကြောင့်ပဲ ခင်ပွန်းသည်ကို မသိမသာ မျက်စောင်းလှည့်ထိုးပစ်လိုက်၏။

"Aircon မရှိလည်း မပူပါနဲ့ ဘုန်းဘုန်းဘုရား။ တပည့်တော်တို့ မြို့ထဲမှာ ရေခဲသွားဝယ်ပြီး ငါးသလောက်လို ရေခဲရိုက်ပေးထားပါ့မယ် ဘုရား"

"ဘာ"

"ဟဲ့ . . . နေမထိ"

ဆရာတော် မျက်ထောင့်နီကြီးနှင့် ကြည့်လေတော့ ဇက်ပုသွားသည့်တိုင် နေမထိမျက်နှာက စပ်ဖြဲဖြဲနှင့်ပါ။ ဖိုးဇော်နှင့် သန်းဝင်းလည်း ကျိတ်ရယ်ကြသည်သာ။ သန်းဝင်း ခပ်တိုးတိုး ပြောလိုက်သည်။

"မင်း အကြံကောင်းတယ်ကွ မဆိုးဘူး . . . ခစ် ခစ်"

"နေမထိ"

"ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနော် ကြပ်ကြပ်သတိထား"

ဆရာတော်ပြောတော့ ဘယ်ရမလဲ သူငယ်ချင်းတွေကို လက်ကုတ်ခေါ်ပြီး ကျောင်းထဲကနေ ထွက်လာခဲ့ကြတော့သည်သာ။

* * *



## အခန်း (၄)

"ဒီပွဲတော်မှာ"

"ဟေ့ ဟေ့ ဟေ့ ဟေ့ ... ဝါး"

"သွားကြစို့ သွားကြစို့ သွားကြစို့လား"

"သွားကြစို့ သွားကြစို့ သွားကြစို့လား"

"လိုက်မှာလားကွယ် ဒေါ်မိုးရယ်"

"လိုက်မှာပေါ့ကွယ် ရွှေရိုးရယ်"

"လာဟ သွားကြရအောင်"

အလှူမှာ အိုးစည်ဝိုင်းနဲ့ ဒိုးပတ်ဝိုင်းပါပြီး အိုးစည်ဝိုင်းမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တဲ့သူ သိပ်မများလှပေ။ ဒိုးပတ်ဝိုင်းမှာပဲ ကြည့်တဲ့သူက အုံနေသည်လေ။ ဦးရွှေရိုးနဲ့ ခေါ်မိုးအကတွင် ဦးရွှေရိုးက နေမထိဖြစ်ပြီး ခေါ်မိုးက ကြာဖြူမလေ။ ကွေးနေအောင်ကတဲ့ နှစ်ယောက်ကိုကြည့်ပြီး အလှူရှင် ဦးဘုန်းမဟာမှာ ကျေနပ်သဘောကျ ပြုံးကြီးနှင့်ပါ။

လာဟ သွားကြရအောင်။

ဆိုတဲ့အပိုဒ်မှာ နေမထိက ကြာဖြူမကို လက်ဆွဲခေါ်ပြီး တင်ပါးကို ကောက်ပြတော့ ကြည့်နေကြတဲ့လူတွေထဲက သူတို့သူငယ်ချင်းတွေမှာ ရယ်ကြတာ တစ်ခစ်ခစ်နှင့်ပါ။

"အိုးစည်ဝိုင်းနဲ့ဆို ကမယ်"

"ဒိုးပတ်ဝိုင်းနဲ့ဆို ကမယ်"

"အိုးစည်ဝိုင်း ဒိုးပတ်ဝိုင်းရောပါတယ်နော်"

"တီးကြစို့"

"ကကြစို့"

"နင်လည်းပါ ငါလည်းပါ"

"ရွှေရိုးက နင့်ကိုမိုးကာ ရွှေရိုးက နင့်ကိုပိုးမှာ"

"ဘာနဲ့မိုးမှာတုံး"

"ထီးနဲ့ ထီးနဲ့"

"ပီအောင်ပြော ခေါ်မိုးက မိုးပေါ်ထက်က ××× ဒီပွဲမှာ





ဆင်းလို့ ကတာ ××× ရွှေရိုးရယ် သိပ်ကိုရိုးတော့ ××× နင့်ကိုအားနာ ××× မိမိုး သနားမိတာ ××× ဟဲ့ရွှေရိုး ××× နင့်လို ငရိုးငအကိုလေ ××× မိမိုးက သနားတယ်ဟဲ့"

"အောင်မာ . . . သူကများ . . . လာ လာချည်သေး"

သီချင်းကိုရော ကတဲ့လူတွေရော သဘောကျလွန်းလို့ ဆုချဖို့အတွက် ဦးဘုန်းမဟာ ပိုက်ဆံအိတ်ထဲကနေ တစ်သောင်းတန် ငါးရွက်ကို ဆွဲထုတ်လိုက်လေလျှင် . . .

"ကိုဘုန်းမဟာ"

"ဟင်"

"ရှင် . . . အဲဒါ ဘာလုပ်မလို့လဲ"

"အိုးစည်ဝိုင်းကိုရော ဒိုးပတ်ဝိုင်းကိုရော ဆုချမလို့လေကွာ။ သူတို့ခမျာ ကိုယ့်အလှူမှာ အပင်ပန်းခံပြီး ကလုပ်ကြ။ အခုလည်းကကြ ခုန်ကြနဲ့ ဘယ်လောက်ပီတိဖြစ်စရာကောင်းလဲ"

"ပီတိဖြစ်တာတော့ ဖြစ်တာပေါ့ရှင်။ ဆုချတာ ငွေဒီလောက်များများ ဆုချဖို့လိုလို့လား။ ငါးထောင် တစ်သောင်းဆို တော်ရောပေါ့"

"မင်းကလည်း အသာနေစမ်းပါ။ ဆင်ဝယ်ပြီး ချွန်းမိုးနှမြှောက်သလို ဖြစ်နေပြီ။ ဒီလောက် သိန်းနဲ့ချီလှူပြီးမှ ဒါလေးနဲ့ ပြောနေစရာလား။ အလှူ လှူပြီး ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေနဲ့၊ မင်းအသာနေ”

ဒေါ်တင်မလတ်နဲ့ ဦးဘုန်းမဟာ တိုးတိုးကျိတ်ကျိတ် ပြောနေကြတာတွေကို အသံချဲ့စက်နှင့် အိုးစည်ဒိုးပတ်ဝိုင်းအသံတွေကြောင့် ဘယ်သူမှ မကြားမသိကြပေ။ ဒိုးပတ်ဝိုင်းဆီမှာလည်း . . .

“ဒီမှာ . . . ဒီမှာ၊ အတော်ဆိုးတဲ့ ဒေါ်မိုးရော။ ငါ့ကိုကြည့်စမ်းပါ xxx နေတိုး နေတိုး”

“အောင်မာ xxx ပေလုဝကများ xxx တော်ပါ တန်ပါ အဘိုးကြီးရွှေရိုးရော၊ ရူးသွားပြီလားကွာ xxx အရေးထဲ အိမ်သာများ ဆေးခြယ်နေရသေးသတဲ့တော်”

“ရွှေဆိုတဲ့အမျိုးရယ်က ဘယ်တော့မှမရိုးပါ xxx သိရဲ့လား”

“မိုးဆိုတဲ့မိုးရွာမှ xxx မြစ်ချောင်းတွေဖြစ်လာ သိလိုက်ဦး”

“ရွှေဆိုတဲ့အမျိုးရယ်က ဘယ်တော့မှမရိုးပါ xxx သိရဲ့လား”

“မိုးဆိုတဲ့ မိုးရွာမှ xxx မြစ်ချောင်းတွေဖြစ်လာ xxx သိလိုက်ဦး”

နှစ်ယောက်သား ဟန်နှင့်ပန်နှင့် ကနေတာကို ဖုန်းနှင့်ဓာတ်ပုံရိုက်သူကရိုက်၊ ဗီဒီယိုရိုက်သူတွေက ရိုက်နှင့် လူတွေ တိုးဝှေ့နေကြသည်သာ။ ညီဖြစ်သူကိုကြည့်ပြီး ကောင်းကင်နဲ့ လမင်းမှာလည်း သဘောတွေကျလို့ ပါးစပ်ကြီးတွေ နားထင်ရောက်လုမတတ်ပါဘဲ။





ဆရာတော်ကလည်း ပိုက်ဆံတစ်သောင်း လာဆုချသည်လေ။

“ရွှေရိုးဆိုတာဟာလေ ဘယ်အခါမှ မရိုးပါဘူးဗျ xxx ရွှေရိုးဆိုတာဟာလေ ဘယ်အခါမှ မရိုးပါဘူးဗျ”

“မိုးဆိုတာဟာလေ ဤကမ္ဘာအကျိုးတွက် ထာဝရ xxx မိမိုးဆိုတာဟာလေ အရာရာကို မိုးလျက်သာ xxx မိမိုးကလေ အရာရာ ကိုမိုးနေတာတော့”

“ချစ်လို့စတာ စိတ်ရေတော့မဆိုးနဲ့ xxx ဦးရွှေရိုးနဲ့ ဒေါ်မိုးတွဲလို့ကကြမှာ”

“ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း”

အားပေးကြတဲ့ လက်ခုပ်သံတွေက ဆူညံနေတော့ ကနေတဲ့ နေမထိနဲ့ ကြာဖြူတို့မှာ အားတက်၍ မောရမှန်းမသိပေ။

“ပြောချင်းမယ်ခင်ဗျာ xxx မြန်မာရိုးရာမမေ့ကြပါနဲ့ဗျာ xxx ဘယ်တော့မှ မြန်မာရိုးရာကို xxx မမေ့ကြနဲ့နော်”

“အိုးစည် ဒိုးပတ်ဆိုတာ ယဉ်ကျေးတဲ့ မြန်မာ့ဂီတပါ xxx အိုးစည်ဒိုးပတ်ဆိုတာ ယဉ်ကျေးတဲ့မြန်မာ့ဂီတတော့”

“မြန်မာတို့ပွဲမှာတော့ သူပါရင် လူတကာရွှင်တာ xxx သူပါမှ လူတကာရွှင်တာဗျ”

“မြန်မာတို့ပွဲမှာတော့ သူ မပါရင် လူမလာရွှင်တာ xxx



www.burmeseclassic.com

www.burmeseclassic.com



သူ မပါရင် လူမလာချင်ဘူးတော့”

“တို့ရဲ့မြေမှာ တိုးတက်ဖို့ရာ ××× အမျိုးအတွက် အမြေပါ မြှုံးလက်လို့သာ ××× ရွှေရိုးနဲ့ဒေါ်မိုးဟာ ကမ္ဘာရေမြေဆုံးထိကဦးမှာ”

“ဟေ့ ဝါး”

“ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း”

“ဦးရွှေရိုးနဲ့ ဒေါ်မိုးအဖွဲ့ကို ဆရာတော်ဘုရားက ဆုတော်ငွေ ကျပ် တစ်သောင်း ချီးမြှင့်ပါတယ် ခင်ဗျား”

“ဟေး . . . ဝေး”

အကပြီးသွားတာနှင့် သန်းဝင်းနဲ့ ဖိုးဇော်က နေမဏီကို ဖက်ကြလေသည်။ မိန်းကလေးတွေကလည်း ကြာဖြူလက်ကို ဆွဲကြ လို့ပေါ့။

“ဗျာ”

“. . . . . . . . . . . . . . . . .”

“အလှူရှင် ဦးဘုန်းမဟာက ဆုတော်ငွေ ငါးသောင်း ဟုတ် လား။ လာပြီ လာပြီ”

ရွာသားတစ်ယောက် အသံထွက်လာပြီး နေမဏီနဲ့ကြာဖြူကို ခေါ်လိုက်ချိန်မှာပဲ ဦးဘုန်းမဟာရောက်လာပြီး ငွေငါးသောင်းကို နေ မဏီ ဝတ်ထားတဲ့ တိုက်ပုံအင်္ကျီအိတ်ထဲသို့ ထည့်ပေးလေသည်။





“အလှူရှင်မိသားစု ကျန်းမာပါစေ ချမ်းသာပါစေဗျာ”

နှင်းမဟော်လည်း သဘောကျစွာ ရယ်ပြီး ဝိုင်းဘက်သို့ လှည့်ကာ . . .

“စိတ်ထဲမှာ ကြည်နူးစရာကောင်းလိုက်တာနော်။ ဒီနေ့ မဟော် အရမ်းပျော်တာပဲသိလား။ ဦးရွှေရိုးနဲ့ ဒေါ်မိုးအကကိုလည်း အရမ်းသဘောကျတယ်”

“ရွာထဲမှာ အလှူပဲဖြစ်ဖြစ်၊ မင်္ဂလာဆောင်ပဲဖြစ်ဖြစ် ဒီလိုပဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ လုပ်ကြကိုင်ကြ ပျော်ပျော်ရွှင်ရွှင် ရှိကြတာ မဟော်ရဲ့”

“ဟုတ်လား”

“ဟုတ်တယ်”

“ခဏနော်”

ပြောပြီး မဟော်က ပိုက်ဆံအိတ်ကို ဖွင့်ရင်း ဒိုးပတ်ဝိုင်းထဲသို့ ဝင်သွားကာ နေမဏီလက်ထဲကို ငါးထောင်၊ ကြာဖြူလက်ထဲကို ငါးထောင် ထည့်ပေးပြီး ဆုချလေသည်။ ဘယ်သူ့လက်ထဲကိုပဲ ထည့် ပေးပေး ဒီဆုငွေက တစ်ရွာလုံးနဲ့ဆိုင်တယ်လေ။ ဘယ်အလှူမှာ ဘယ်သူကလှူပဲ ဆုကြေးငွေရရ ဒီလိုရတဲ့ငွေနဲ့ ရွာအတွက် လိုအပ် တာတွေ ဝယ်ခြမ်းထားကြသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တယ်ဆိုတာ . . .

အလှူ မဂ်လာဆောင်တွေမှာ သူများဆီ မငှားရအောင် ရေနွေးအိုးကအစ ဒန်အိုးကြီးဒန်အိုးငယ် ပန်းကန်၊ ဇွန်း၊ ဓာတ်ဘူးများ အားလုံး ပြည့်စုံအောင် ဝယ်ပြီး ဘုန်းကြီးကျောင်းမှာထားကြတာပါ။

"ကြာဖြူက အကကောင်းတယ်နော်"

"ဒီလောက်လည်း မဟုတ်ပါဘူး မပော်ရဲ့။ ဒီအက,က တစ်ယောက်တည်းကောင်းရုံနဲ့ မပြီးဘူးလေ။ နေမဏိလည်း တော်လို့ပါ"

"သွားပြောမနေနဲ့၊ မြင်းကို ပလာတာကျွေးသလိုပဲ ဖြစ်မှာ"

"ဘာ"

"ကြားတဲ့အတိုင်းပဲ"

"တောက်၊ တောသားက လူပါးဝလို့"

တကယ့်ကိုပဲ မပော့်စိတ်ထဲမှာ အောင့်သက်သက် ဖြစ်သွားရတာပါ။

"ဘာပဲဖြစ်ဖြစ်ပါ ခုလို ဆုချတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နင်ဆုချတဲ့ ငွေပမာဏက နင့်အတွက် ဘာမှမဟုတ်ပေမယ့် တို့ရွာသူ ရွာသားတွေအတွက်ကတော့ စုဖန်များတော့ တောင်ပို့ဖြစ်ဆိုသလို တော်တော်လေး အကျိုးရှိသွားပါတယ်။ နောက်ကို ဒီထက် အဆ





ပေါင်းများစွာ ပိုပြီး လှူနိုင် တန်းနိုင်ပါစေဗျာ"

"ဒီထက်လှူနိုင်လည်း နင်ရှိတဲ့ ဒီရွာကိုတော့ ငါ လာမလှူ ကြိမ်းသေပါတယ်"

"ဟင်"

နေမဏိ မျက်ခုံးနှစ်ဖက် တွန့်တက်သွားပြီး မပော်မျက်နှာကို စေ့စေ့ကြည့်လေသည်။ ပြီးတော့ နှုတ်ခမ်းက မသိမသာမဲ့သွားလေ၏

"စိတ်ထားမြင့်မြတ်တဲ့သူတွေက ရန်သူအသက်ကိုတောင် ကယ်တယ်တဲ့၊ နင်က လှူတာတောင် ပုဂ္ဂိုလ်ရွေးမယ်ဆိုတော့ အဟွန်း ရပါတယ်၊ နင်လာမလှူလည်း တို့ရွာသားတွေ ငတ်လို့သေတဲ့လူ တစ်ယောက်မှ မရှိဘူး။ နင့်စိတ်ဓာတ်ကတော့ ပေါ်လွင်သွားတာပေ့ါ"

မပော် သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်မိသွားလေသည်။ မခံချင်စိတ်နဲ့ ပြောလိုက်တဲ့စကားက ဒီသဘောသက်ရောက်သွားသတဲ့ လား။ ကိုယ်က သူတစ်ယောက်တည်းကိုပဲ ရည်ရွယ်ပြီး စကားအရာနဲ့ မခံချင်အောင်တိုက်ခိုက်ခဲ့တာ။ အခု သူပြန်ပြောလိုက်တဲ့စကားကြောင့် ကိုယ့်အတတ်နဲ့ကိုယ် စူး ကိုယ်ပဲ အောင့်သက်သက်ဖြစ်ရပြန်ပြီ။

"ငါ့စိတ်ဓာတ်က ဘာဖြစ်လို့လဲ"

မေးဖြစ်အောင် မေးလိုက်သေးသည့်တွင် . . .

"ရှပ်ကလေးနဲ့ မလိုက်အောင် ပုပ်နေတာပေါ့၊ ပုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ပြောမနေပါနဲ့တော့ မဟော်ရယ်။ ဟဲ့ ဝိုင်း၊ မဟော့်ကို ကျောင်းပေါ်ခေါ်သွားလိုက်တော့လေ"

"သြော် အေး လာ မဟော်"

"......................."

"လာပါ မဟော်ရဲ့"

ကြာဖြူမ ဝင်ပြောမှပဲ ဝိုင်းက သတိရကာ မဟော်ကို ခွဲခေါ် သွားလေသည်။ တစ်ယောက်နဲ့တစ်ယောက် ကြည့်သွားပုံက ပေ စောင်းစောင်းတွေနှင့်ပါ။

* * *



## အခန်း (၅)

ဝိုင်းက မဟော်ကို ရှာဦးကစေတီ သွားဖူးရအောင်ဟု နှစ် ယောက်သား ထွက်လာခဲ့စဉ် ...

"သမီး"

"ရှင် မေမေ"

"ဘယ်သွားမလို့လဲ"

"ဝိုင်းက ရှာဦးစေတီကိုလိုက်ပို့မယ်ဆိုလို့ သွားဖူးမလို့ပါ မေမေ"

"သမီးရယ် ... ရှာဦးစေတီသွားဖူးတော့ ဘာများ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



မှာမို့လို့လဲ။ မြို့မှာ ဖူးခဲ့ရတဲ့ တန်ခိုးကြီးဘုရားတွေမှ အများကြီးပဲ"

"ဟာ . . . မေမေကလည်း အဲဒီလိုတော့ မပြောပါနဲ့"

မိခင်ရဲ့စကားကို မဟော် ပျာပျာသလဲနှင့်တားလိုက်သည်

ဒီစကားကတော့ အစွန်းရောက်လွန်းသွားပြီလေ။ ရွှေမရှိတဲ့ဘုရားမို့ လူမရှိသေတာမျိုးတော့ မဖြစ်သင့်ပါဘူး။ မြို့ကဘုရားပဲဖြစ်ဖြစ်၊ တောကဘုရားပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်တဲ့ မြတ်စွာဘုရားက အတူတူပဲလေ။

ရွှေသင်္ကန်းပဲကပ်ထားထား ထုံးသင်္ကန်းပဲကပ်ထားထား ဘုရားက ဘုရားပါပဲ။ ရှိခိုးပူဇော်လို့ ကုသိုလ်ရတာချင်းကအတူတူပဲ ဥစ္စာ။

"အဲဒီစကားကြီးက အစွန်းရောက်လွန်းပါတယ် မေမေရယ်။ ဘာပဲဖြစ်ဖြစ်"

"တော်တော့ သမီး၊ မအေထက် သမီးက တစ်လကြီး မလုပ်ချင်နဲ့။ သမီးက မေမေ့ကို အဲဒီလိုပြန်ပြောတော့ ပတ်ဝန်းကျင် ကြားရင် မေမေကပဲ ဘုရားမသိ တရားမရှိပုံစံမျိုး ဖြစ်နေပြီ။ မေမေက မေမေ့သမီးကို လျှောက်သွားနေမှာစိုးလို့ပြောတာ။ သွားချင်သပဲ့ ဆို လည်း သွား"

"ပိုင်းတို့ အခြားလျှောက်မသွားပါဘူး အန်တီရဲ့။ ရွာဦးစေတီ





ကိုပဲ သွားမှာပါ"

"ပိုင်း"

"ရှင်"

"အစစအရာရာ ပိုင်းမှာတာဝန်ရှိတယ်နော်။ အန်တီ့သမီးကို သေသေချာချာ ဂရုစိုက်ပြီးခေါ်သွားပါ။ ဒီရွာကလူတွေက ငါ့သမီးလို လှတဲ့လူမျိုးမြင်ဖူးချင်မှ မြင်ဖူးမှာ။ တော်ကြာ ကောင်လေးတွေ မြူးပြီ ကြည့်နေမှာစိုးလို့"

"မေမေကလည်း"

မဟော် ပိုင်းကို အားနာသလိုကြည့်လိုက်မိသည်။ ပိုင်းရုပ်ထဲ မှာလည်း ခံရတာ အောင့်သက်သက်နှင့်ပါ။ တကယ်တမ်း သူတင် ကိုယ်တင် ပြောကြကြေးဆို ပိုင်းတို့ တောသူတွေမှာလည်း လှတဲ့သူ တွေ၊ ချောတဲ့သူတွေ အများကြီးပါ။ တောကမှ အရာရာတိုင်းသည် သဘာဝအလှတရားနှင့် ပင်ကိုစရိုက်တွေပါ။

မြို့သူတွေက ပကာသနအလှပဲဥစ္စာ။ လှသည်ဆိုတာထက် ပိုလှအောင် ပြုပြင်နေကြတာပဲလေ။ ဒါပေမဲ့ သူတို့က ကိုယ့်အိမ်မှာ တည်းခိုနေတဲ့ ဧည့်သည်တွေမို့ စောဒကတက်ပြီး အခြေအတင်တွေ လည်း မပြောချင်ပါဘူး။

"ကဲ . . . သွားကြ သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထွက်သွားမည်အပြုတွင် ...

“သမီး ဝိုင်း”

“ရှင်”

လက်ဖက်သုပ်ပန်းကန်ကိုကိုင်လျက် အနားသို့ရောက်လာပြီး ခေါ်လိုက်သူက ဝိုင်းရဲ့မေမေ ဒေါ်ဝင်းရွှေပါ။

“ဘယ်သွားကြမလို့လဲ သမီး”

“ရွှေဦးစေတီဆီကို ခဏသွားမလို့ပါ မေမေ”

“သြော် ... အေး အေး သွားလေ၊ စောစောတော့ပြန်လာခဲ့နော် သမီး”

“ဟုတ်ကဲ့ပါ မေမေ”

ခုမှပဲ သက်ပြင်းချပြီး စိတ်အေးလက်အေးနှင့်ထွက်လာနိုင်တော့၏။ ဝိုင်း မပေါ်လက်ကလေးကိုကိုင်မိပြီးမှ အားနာစွာပြန်လွှတ်ပေးလိုက်မိသည်။ ဒီရွာမှာ ဝိုင်းက သူဌေးသမီးမို့ အလုပ်သက်သာပြီး အသားဖြူတယ်ဆိုတာတောင် မပေါ်ကိုမမီပေ။ မပေါ့်အသားလေးတွေက ဖြူဖွေးနုဖတ်နေတာကိုး။

“ဝိုင်း”

“ဟင်”

“ဝိုင်း ကျောင်းမတက်ဘူးလားဟင်၊ ဘယ်နှစ်တန်းအထိ





တက်ဖူးတာလဲ”

ဝိုင်းက ရယ်လိုက်တာ ...

“ဆက်တက်ရင် တင်ပါးဂွတ်တက်တာပဲ အဖတ်တင်မှာ မပေါ်ရဲ့။ ဆယ်တန်းသုံးနှစ်ကျလို့ ထွက်လိုက်တာ၊ နေမဏီလည်း အတူတူပဲ၊ ဆယ်တန်းကို သုံးနှစ်ကျတာ”

“သြော်”

ဝိုင်းက ရယ်ရင်းပြောပေမယ့် မပေါ်က နေမဏီ နာမည်ပါလာလို့ မရယ်ပေ။ ကျမှာပေါ့။ တောက ပညာရေးကိုဦးစားပေးမှ မပေးကြဘဲလေ၊ အသက်မွေးဝမ်းကြောင်းအလုပ်တွေ တတ်ရင် ပြီးပြီလို့ တွက်တတ်ကြတာကိုး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နေမထိ ဆိုင်ကယ်ကို စက်နှိုးလိုက်၏။

"နေမထိ"

"..............."

"နေမထိ"

"ဗျာ"

တစ်ခွန်းနဲ့ခေါ်တာမကြားလို့ ထပ်ခေါ်တော့ ခေါ်တဲ့သူ အသံက ပိုကျယ်သွားသလို ထူးတဲ့သူကလည်း လှည့်မကြည့်ဘဲ ထူးတာ စိတ်မရှည်သံနှင့် အမျှင်ရှည်ပါ။





"ဒါက ဘယ်သွားဦးမလို့လဲ"

"ကိုလေးကလည်းဗျာ၊ ကျွန်တော်လှုပ်ခနဲဆိုတာနဲ့ ဘယ်သွားမလဲ မေးတော့တာပဲ။ ကြာတော့ လေလည်ရစ်တောင် ခွင့်တောင်းပြီးမှ လည်ရမလိုပဲ ... ကျွတ်"

"ဟော့ကောင် ... မင်း စေတနာကို မစော်ကားနဲ့။ ငါက စိုးရိမ်လို့မေးတာကွ။ မင်း ဘယ်သွားမှန်းမသိ ညာသွားမှန်းမသိဆို တစ်ခုခုဖြစ်ရင် တို့က မင်းကို ဘယ်မှာလိုက်ရှာရမှာလဲ။ သွားမယ့်နေရာ ပြောသွားရတာ မင်းအတွက် ဘယ်လောက်ပင်ပန်းကြီးနေလို့လဲ"

"ဘာမှမစိုးရိမ်နဲ့၊ အချိန်တန်ရင် အိမ်ပြန်လာမယ်"

"ဟူး"

"ဟာ ... ဟော့ကောင်"

ထပ်ပြောချိန်ပင် မရတဲ့ ဆိုင်ကယ်က ဝူးခနဲ ပြေးထွက်သွားလေတော့သည်။ အချိန်တန်ရင် အိမ်ပြန်လာတာတော့ သိတာပေါ့။ ဒါပေမဲ့ အချိန်တန်လို့ အိမ်ပြန်ရောက်မလာတဲ့နေ့ဆို သူတို့မှာ မျက်လုံးပြူး လည်ဆန့်နဲ့ ဘယ်မှာလိုက်ရှာရမှန်း မသိတော့လေ။

"ဝိုင်း"

"ဟင်"

"တို့ ဟိုဘက်ကို လျှောက်သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရအောင်လဲ မပော်ရဲ့။ တော်ကြာ လျှောက်သွားလို့ ကြာနေရင် မပော့်မေမေ ဆူနေဦးမယ်"

"ခဏလေးပါ ဝိုင်းရဲ့။ လယ်ကွင်းပြင်က အစိမ်းရောင်တွေကို ကြည့်ပြီး မပော်လတ်ဆတ်တဲ့လေကို ရှူချင်လို့ပါ။ ခဏလေးပါ ဝိုင်းရဲ့"

"အကြာကြီးနေလို့တော့ မရဘူးနော်"

"အင်းပါ"

မပော်က သွားချင်တယ်ဆိုလို့သာ လိုက်ရတယ် ဝိုင်းစိတ်ထဲမှာတော့ စိုးရိမ်စိတ်တို့နှင့်ပါ။ ဒေါ်တင်မလတ်က လွယ်တာမဟုတ်ဘူးလေ။ ကိုယ်က သူများရွာရောက်နေပါလားရယ်လို့ အပြောက လျှော့တာမှမဟုတ်တာ။ လူတိုင်းက သူ့အဆင့်အတန်းနဲ့သူ ဘဝကို ပျော်ရွှင်အောင် ဖန်တီးတည်ဆောက်နေကြတာပဲလေ။

ဒါကို ...

ဆက်ဆံလိုက်သမျှ မတူသလိုလို မတန်သလိုလိုပါပဲ။ တကယ်တမ်းဆို လိုလို့လား။ လူလူချင်း အတူတူ ဘယ်သူကမှ လက်နှစ်ချောင်း ပိုပေါက်ပြီး ခေါင်းတစ်လုံး အပိုရှိမနေကြဘူးလေ။

"ဗေဒါတွေပွင့်နေတာ လှလိုက်တာဝိုင်းရယ်။ ပန်းခင်းကြီး အတိုင်းပဲနော်"





မပော်လာခဲ့တုန်းက ဒီလမ်းကပဲ ဖြတ်ခဲ့ရတာပေမယ့် စိတ်မကြည်လင်တာနှင့် သေသေချာချာ မကြည့်ဖြစ်ခဲ့ပေ။ မပော်က တောကိုလိုက်မလာချင်ခဲ့ဘူးလေ။ အခု အစိမ်းရောင် ဗေဒါရွက်တွေအပေါ်မှာ အပြာရောင် ဗေဒါပွင့်တွေ ဆင့်နေပုံက စိတ်ကို ကြည်နူးစေသလိုလိုပါ။ ဒါကြောင့် စာဆိုရှင်တွေက ...

တောအလှ တောသဘာဝတွေကို ကဗျာစပ်ပန်းချီခွဲပြီး ညွှန်းဖွဲ့သီကုံးခဲ့ကြတာကိုး။

"ဒီဗေဒါပွင့်တွေကို ဘယ်သူမှ မခူးကြဘူးလားဟင် ... ဝိုင်း"

"ဘယ်သူမှ မခူးပါဘူး။ ပန်းလို့မှမရတဲ့လေ မပော်ရဲ့။ အပင်တွေကတော့ ဘဲမွေး ဝက်မွေးတဲ့သူတွေ သယ်ကြပါတယ်။ ဘဲနဲ့ဝက်က စားတယ်လေ"

"ဟုတ်လား"

"အင်း"

မပော် ဗေဒါတွေကို ငေးစိုက်ပြီးကြည့်ကာ ...

"လူတွေက မတာရားကြဘူးနော်"

"ဟင် ... ဘာဖြစ်လို့လဲ မပော်ရဲ့"

"ဘာဖြစ်ရမှာလဲ ဝိုင်းရဲ့။ ပန်းချင်းအတူတူ နှင်းဆီ စံပယ်



www.burmeseclassic.com

www.burmeseclassic.com



ခရေအစရှိတဲ့ပန်းတွေကျတော့ ခေါင်းမှာ အမြတ်တနိုး ပန်ပြီး ပေဒါကျတော့ ဘယ်သူမှမပန်ကြဘူးလေ။ တကယ်ဆို ပေဒါလည်း လှတာပဲ ဥစ္စာ”

ဝိုင်း ရယ်လိုက်မိလေသည်။ သူများတွေကို လှတဲ့ပန်းချင်း အတူတူ ခွဲခြားလို့ ဘဝင်မကျတဲ့သူရဲ့အမေကျတော့ လူတွေကိုပါ အဆင့်အတန်း ခွဲခြားပြီး ဆက်ဆံလို့လေ။

ဒါပေမဲ့ . . . ဒီအကြောင်းကိုတော့ ဝိုင်း နှိုင်းယှဉ်ပြီး မပြချင်ပါဘူး။

ဒါကြောင့် . . .

“လှနေရုံနဲ့ မပြီးသေးဘူးလေ မပေါ်ရဲ့။ ပန်းဆိုတာ ရနံ့သင်းဖို့လည်း လိုတာပေါ့။ လူတွေအများစုက လှတဲ့ပန်းထက် ရနံ့သင်းတဲ့ ပန်းကို ပိုပြီးတန်ဖိုးထားကြတာပါ။ ရေထဲမှာပေါက်တာချင်း အတူတူ ကြာကို လူတွေက မြတ်နိုးတန်ဖိုးထားပြီး ပေဒါကတော့ အပယ်ခံဘဝပါ။ အဲဒါ ဘာကြောင့်လဲဆို ကြာက ရနံ့သင်းပြီး ပေဒါက ရနံ့မသင်းလို့လေ . . .၊ ပြီးတော့ . . . ကြာက ရှားတယ်၊ ပေဒါက ပေါတယ်။ ပေဒါက ရေရှိတဲ့အရပ်တိုင်းမှာ နေရာမရွေး ပေါ်တယ်။ ကြာကတော့ ရေနက်မှာမှ ပေါက်တာဆိုတော့ လိုချင်ရင် ခက်ခက်ခဲခဲ ခူးယူရတာမျိုး”





ဝိုင်းစကားကြောင့် မပေါ့်စိတ်ထဲမှာ အတွေးတွေအများကြီး တွယ်ငြိနေသွားလေသည်။ ဒီစကားက အဓိပ္ပာယ်အရှိုးမျိုးသက်ရောက် မှုရှိတယ်လေ။ ပန်းဘဝနဲ့ လူ့ဘဝ နှိုင်းယှဉ်ကြည့်လို့လည်း ရနေတာပဲ။ ပန်းဆိုတာ လှရုံနဲ့မပြီးဘူး။ ရနံ့သင်းဖို့လိုတယ်တဲ့။ ဟုတ်တာပေါ့။ လူတွေမှာလည်း ကောင်းသော ဂုဏ်သတင်းရနံ့သင်းဖို့လိုတာပေါ့။ ရုပ်လှနေရုံနဲ့ မပြီးဘူးဆိုတဲ့သဘောပေါ့လေ။

“ဝိုင်း ပြောလိုက်တဲ့စကားက လူတွေရဲ့ဘဝကို စံထိုးပြီး နမူနာပြလိုက်သလိုပါပဲ။ မပေါ် သဘောပေါက်ပါပြီ”

“ဟင် . . . မပေါ်က ဘာကိုသဘောပေါက်သွားတာလဲ”

“ဒီလိုပါပဲ၊ ဒါနဲ့ကြာက ဘယ်နေရာမှာ ပွင့်တာလဲဟင်။ ဒီဘက်မှာမပွင့်ဘူးလား”

“ဒီအနားမှာတော့ မရှိဘူး မပေါ်ရဲ့။ ရွာမှာတော့ နည်းနည်းပါးပါးရှိတယ်။ ရေနက်တဲ့ချောက်တွေထဲမှာလေ”

“ဟုတ်လား . . . သွားကြည့်ရအောင်လေ”

“မပေါ် ဆက်လျှောက်နိုင်လို့လား”

“လျှောက်နိုင်ပါတယ် . . . လာ”

မပေါ်ကပဲ ဝိုင်းလက်ကိုဆွဲခေါ်ပြီး ဆက်လျှောက်လာခဲ့ကြသည်။ ဝိုင်းကတော့ တောသူဆိုတာထက် ဟော့ဟော့ရမ်းရမ်း မဝတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်၊ မနေတတ်သူမို့ ထဘီလေးနဲ့ပါ။ ဒါကြောင့် မထူးဆန်းပါဘူး။ မပျော်ကတော့ ဂါဝန်နဲ့မို့ ကြည့်မိကြရာကနေ ဖြူနုပြီးအရမ်းလှနေတော့ လမ်းသွားလမ်းလာတွေက ငေးကြည့်သွားကြသည်သာ။

ရေထဲမှာပွင့်နေတဲ့ ကြာပန်းတွေကိုမြင်တော့ . . .

မပျော်မျက်နှာလေးမှာ ပြုံးလို့ ရွှင်လို့။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်မိပေ။ ကြာက အပြာရောင်နဲ့ အနီရောင်တွေပါ။ အဲ အပြာလို့ မပြောသာတဲ့ အဖြူရောင်များပြီး အပြာရောင်သန်းနေတဲ့ ကြာပွင့်တွေက ပိုများသည်လေ။

အနီဆိုတာလည်း . . .

လုံးလုံးလျားလျား နီနေတာမျိုးမဟုတ်ပါဘူး။ ရေပြင်က ငြိမ်သက်ပြီး ကြာပွင့်လေးတွေ ခပ်အအအာကို မြင်နေရတာ ပန်းချီကားတစ်ချပ်သဖွယ်ပါ။

"ကြာပန်းလေးတွေ လှလိုက်တာ ပိုင်းရယ်"

"ဟုတ်တယ် မပျော်ရဲ့။ ပိုင်းတို့ငယ်ငယ်ကဆို လူကြီးတွေ ခူးလာပေးရင် ကြာပုတီးလုပ်ပြီး လည်မှာဆွဲထားကြတာ"

"ပိုင်း ခူးပေးပါလားဟင်"

ခူးပေးပါလားဆိုတော့ ပိုင်း တွေခနဲဖြစ်သွားလေသည်။ ပြီးမှ "ရေက တိမ်သလား နက်သလား ပိုင်း မသိဘူးမပျော်ရဲ့။





မတော်လို့ ရေနစ်ရင် ပိုင်း ရေမကူးတတ်ဘူး။ မခူးပါရစေနဲ့နော်။ ဒီအတိုင်းလေးကြည့်နေရတာကိုပဲ ကျေနပ်ပါ မပျော်ရယ် နော်"

မပျော် သက်ပြင်းလေးချလိုက်မိ၏။ သူမက လိုချင်ပြီဆိုရင် ရမှကျေနပ်တတ်သူပါ။ ပိုင်းပုံစံက ရေထဲကို တကယ်မဆင်းရဲတဲ့ပုံစံမျိုးပါပဲ။ မပျော်လည်း ရေမကူးတတ်ပါဘူး။ ဒါပေမဲ့ သူမ အကဲခတ်ကြည့်ရသလောက် ရေက သိပ်နက်မယ်မထင်ပါဘူးလေ။ ဘာလို့လည်းဆို ရေပြင်က အလျားသာရှိတာ အနံက သိပ်မှမကျယ်တာပဲ။

ပြီးတော့ . . .

ရေနက်ရင်တောင် အလယ်ကပဲ နက်မှာပေါ့။ အစပ်အနားမှာတော့ သိပ်နက်မယ်မထင်ပေ။ ဆင်းကြည့်ပြီး ဖြည်းဖြည်းချင်းလျှောက်သွားကြည့်မယ်။ ရေမနက်ရင် ဒီဘက်အစပ်ကနေ ကြာပန်းတွေ ခူးလို့ရပြီပေါ့။

"ပိုင်းမဆင်းရဲရင်နေလေ၊ မပျော်ဆင်းခူးမယ်"

"ဟယ် . . . မပျော် မဆင်းပါနဲ့"

"သိပ်လည်း မစိုးရိမ်ပါနဲ့ ပိုင်းရယ်။ မပျော်ရေနစ်လည်း ဖြတ်သွားဖြတ်လာတွေ ရှိနေတာပဲဥစ္စာ။ ပိုင်းက အကူအညီတောင်းပြီး ကယ်ပေါ့ မဟုတ်ဘူးလား"

"မပျော်"



www.burmeseclassic.com

www.burmeseclassic.com



"..............."

"မဟော်"

မဟော်က ရေထဲသို့ဆင်းသွားလေလျှင် ...

"ဒုက္ခပါပဲ"

ဝိုင်း ညည်းညူရင်းပဲ လှူသွားလှူလာကိုကြည့်နေမိသည်။ လှူဆက်မပြတ်ပါစေနဲ့လည်း ဆုတောင်းရတာပေါ့။ မဟော်လည်း ရေက ပေါင်လယ်လောက်ပဲရှိတာမို့ ရှေ့သို့ နည်းနည်းစီတိုး၍တိုး၍ သွားလိုက်သည်။ ကြာပန်းတွေဆီ လက်အကမ်း မီလုမီကာနီးမှာ နောက်သို့ ပြန်လှည့်ကြည့်မိပြီး ...

"ဝိုင်း"

"................."

"ဒီမှာတွေ့လား ... ရေက မနက်ပါဘူး ဝိုင်းရဲ့။ လာ ... ဆင်းလာခဲ့ပါလား"

"ဟင့်အင်း"

"တောသူဖြစ်ပြီး ကြောက်တတ်လိုက်တာ လွန်ရောပဲ။ ခစ် ခစ်"

ပြောပြီး မဟော် ကြာပန်းခူးဖို့ ရှေ့သို့တိုးသွားတာ အသိမေ့ ပြီး အားရပါးရ တိုးသွားလိုက်မိလေလျှင်။





"ဟာ"

"ဟယ် ... မဟော်"

"................."

"မဟော်"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နေမဏီ ဆိုင်ကယ်ကိုအရှိန်နှင့်မောင်းလာခဲ့စဉ် ရှေ့မှာ လက်ယပ်ခေါ်ပြီး ခုန်ဆွ ခုန်ဆွဖြစ်နေတာ ရွာက ဝိုင်းလားလို့ စဉ်းစားနေတုန်းမှာပဲ တဖြည်းဖြည်းနီးကပ်လာလေတော့ သေချာပါသည်။ ဝိုင်းပါပဲ။

"ကယ်ကြပါဦးရှင် ... ကယ်ကြပါဦး"

"ဝိုင်း"

ဝိုင်း သူ့ကိုမြင်သွားပြီး ...

"နေမဏီ မြန်မြန်လာပါ နေမဏီရဲ့၊ ကယ်ပါဦး"





နေမဏီ ဆိုင်ကယ်ကိုရပ်လိုက်ကာ ...

"ဘာဖြစ်လို့လဲ ဝိုင်း၊ ဘာတွေအော်နေတာလဲ"

"ဟိုမှာ ... ဟိုမှာ"

ဝိုင်းက ရေထဲသို့ လက်ညှိုးထိုးပြကာ ...

"ရေ ... ရေနစ်နေလို့ ကယ်ပါ၊ မြန်မြန်လုပ်ပါ"

"ဟင်"

ဘယ်သူ ရေနစ်နေတာလဲလို့ နေမဏီ မေးမနေတော့ပါဘူး။ ဘယ်သူပဲဖြစ်ဖြစ် လူ့အသက်တစ်ချောင်းကို ကယ်ရမှာပဲလေ။ ထို့ကြောင့် ပုဆိုးကို ခိုင်အောင်ပြင်ဝတ်ပြီး ဖိနပ်ကိုချွတ်ခဲ့ကာ ရေထဲသို့ ကမန်းကတန်း ဆင်းခဲ့တော့၏။

"ဝုန်း"

နေမဏီ မြှုပ်ချည်ပေါ်ချည်ဖြစ်နေသူအနားသို့ ရောက်တာနှင့် ပထမ ဆွဲမိဆွဲရာပဲ ဆံပင်တွေကို ဆွဲလိုက်မိသည်။ နောက်မှ နောက်ဘက်ကနေ သိမ်းဖက်ပြီး ဆွဲတင်ခဲ့ရ၏။

"မပောက်"

"............."

"ဟော့ ... ဒီမှာ ဒီမှာ"

မေးစေ့ကိုကိုင်လှုပ်ပြီး ခေါ်ပေမယ့် မရပေ။



www.burmeseclassic.com

www.burmeseclassic.com



"မဟော် . . . မဟော်"

"ဝိုင်း"

"ဟင်"

"သူ သတိလစ်နေတာ"

"ဒုက္ခပါပဲ နေမဏိရယ် . . . လုပ်ပါဦးဟာ။ ဒီကိစ္စ သူ့အမေ သိရင် မိုးမီးလောင်မှာဟ"

"ဟာ . . . နင်ကလည်း ဖြစ်လာမှတော့ မိုးမီးလောင်ရုံမကလို့ သမုဒ္ဒရာထဲပဲ ဆင်းလောင်လောင် ဘာတတ်နိုင်မှာလဲ။ ဒါနဲ့နေစမ်းပါဦး သူက ရေနစ်ရအောင် ရေထဲဆင်းပြီး ဘာလုပ်တာလဲ"

ကိုယ်တားတဲ့ကြားက ဆင်းသွားတာပေမယ့် အခုလို ဖြစ်လာတော့ ဝိုင်း ကိုယ့်အပြစ်မကင်းသလို ခံစားလိုက်ရသည်။

"ကြာပန်းဆင်းခူးတာ"

"နင်က မတားဘူးလား။ ရေတိမ်မှန်းမသိ ရေနက်မှန်းမသိနဲ့ ရမ်းဆင်းတော့ ဖြစ်ပြီပေါ့။ တော်သေးတာပေါ့၊ ငါ ရောက်လာလို့"

"ကဲပါ နေမဏိရယ် . . . အဲဒါတွေထားပါတော့။ သူ သတိလစ်နေတာကို လုပ်ပါဦး"

ဝိုင်းပုံစံက ငိုမဲ့မဲ့လေးနှင့်ပါ။ မဟော် တစ်ကိုယ်လုံး ရေတွေ စိုနေတော့ အဝတ်တွေက အသားမှာကပ်နေသည်လေ။ နေမဏိ





မျက်နှာလွှဲလိုက်ပြီး . . .

"သူ သတိရအောင် ဝိုင်း နင်ပဲလုပ်"

"ဟင် . . . ငါက ဘာလုပ်ရမှာလဲ"

"ဟာ . . . ဘာလုပ်ရမှာလဲ။ ရှေးဦးသူနာပြုစုနည်းနဲ့လုပ်ရမှာပေါ့"

"အေး . . . အေးပါ . . . နင်လည်း ကူလုပ်ဦး"

နှစ်ယောက်သား မဟော် သတိပြန်ရရေးအတွက် ရှေးဦးသူနာပြုစုနည်းနှင့် လုပ်ကြရသည်။ နောက် ဝိုင်း မဟော့်နှုတ်ခမ်းလေးကို ထိကပ်ပြီး . . .

"အင်း"

မဟော် လှုပ်လာတာနှင့် ဖယ်ပေးလိုက်လေလျှင် . . .

"ဟင်"

မဟော် သတိရလာပြီး သူ့မ မျက်နှာကို ငုံ့ကြည့်နေတဲ့ မျက်နှာတစ်ခုကို မြင်လိုက်ရလေလျှင် တုန်လှုပ်ချောက်ချားသွားရသေး

နွေးနေတဲ့ သူမရဲ့နှုတ်ခမ်း၊ မျက်နှာတစ်ခုလုံး ထူပူသွားခဲ့ပြီး . . .

"နင် . . . နင်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ လှုးလဲထရပ်လိုက်တော့ နေမဏိလည်း ထရပ်မိလေ လျှင် . . .

"တောက်"

"ဖြန်း"

"ဟယ်"

မဟော် လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားခြင်းနှင့်အတူ နေမဏိ ပါးတစ်ဖက်လည်း ပူသွားလေသည်။ ဝိုင်းမှာလည်း မထင် မှတ်တာတွေ ဖြစ်သွားတာကြောင့် အံ့သြစွာ ပါးစပ်ကို လက်နှင့် ယောင်၍ပိတ်မိသွားသည်သာ။

"မဟော် . . . နင်"

"ဘာပြောမလို့လဲ ပြောလေ၊ နင်က တကယ့်အခွင့်အရေး သမားပဲ"

"မဟုတ်ဘူး မဟော်၊ မဟုတ်ဘူး"

"နင် ဝင်မပြောနဲ့ ဝိုင်း"

မဟော် အော်လိုက်တော့ ဝိုင်း ဆက်မပြောဖြစ်တဲ့ နေမဏိကို အားနာစွာ ကြည့်လိုက်မိသည်။ နေမဏိကို မဟော်က ဒေါသမျက်ဝန်း တွေနှင့် ကြည့်နေသလို နေမဏိ ပြန်ကြည့်ပုံကလည်း စူးစူးရဲရဲပါ။

"နှင်းမဟော်"





". . . . . . . . . . . . . . . . . . ."

"နင်က စေတနာကို တော်တော်စော်ကားတဲ့မိန်းမပဲ။ နင့်မှာ လက်ပါသလို ငါ့မှာလည်း လက်ပါတယ်။ ငါ့လက်ကလည်း ငါ့အသား နာသွားရင် ယောကျ်ားမိန်းမ လူကြီးလူငယ် ခွဲခြားတတ်တာ မဟုတ် ဘူး။ နားလည်လား"

"ရိုက်လေ၊ နင် သတ္တိရှိရင် ပြန်ရိုက်ကြည့်လိုက်ပေါ့"

"တော်ကြပါတော့ဟယ်၊ ငါ တောင်းပန်ပါတယ်"

မဟော်က မျက်နှာကို မော့ပေးလေတော့ နေမဏိ အံကြိတ် လိုက်မိသည်သာ။ ပြီးမှ . . .

"မရိုက်ဘူး"

"ဘာ"

"မရိုက်ဘူးဆိုလို့ နင့်ကို သနားလို့ ညှာလို့တော့ မထင် လိုက်နဲ့။ နင့်ကိုရိုက်ရင် ငါ့ရဲ့လက်စားချေလိုမှုက ဒီနေရာမှာတင် ပြီးဆုံးသွားမှာ။ ငါ အပြီးဆုံးမခံနိုင်ဘူး။ အဲဒါ ငါ့မာနကို အကြောမခံတဲ့ ငါ့ရဲ့စိတ်ပဲ"

"နေမဏိရယ် တော်ပါတော့။ နင်သွားပါတော့"

နေမဏိ ပါးကိုပွတ်လိုက်ပြီး . . .

"ငါ နင့်ကို ဘယ်လိုတုံ့ပြန်မလဲ သိချင်လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ပါဘူး၊ သိစရာလည်း မလိုဘူး"

"သိချင်လိုက်စမ်းပါ"

ပြောပြီး နေမဏိ ရှေ့သို့ တစ်လှမ်းတိုးပြီး မဟော်မျက်နှာကို နီးနီးကပ်ကပ် ကြည့်လိုက်ကာ . . .

"ငါ အခုပဲဆုံးဖြတ်လိုက်တယ်။ အဲဒါ ဘာလဲဆိုရင် ငါ့နှလုံးသားကို ရေတိမ်အနစ်ခံပြီး နှင့်ကို ရအောင်ယူဖို့ပဲ"

"ဘာ"

"အဲဒါ ပါးတစ်ချက်အတွက် ငါ့ရဲ့တုံ့ပြန်မှုပဲ နှင်းမဟော်"

"နင် အဲဒီလိုပြောရအောင် နင်နဲ့ငါနဲ့ တူလို့ တန်လို့လား တောသားရဲ"

"အဟွန်း"

နေမဏိ လှောင်ရယ် ရယ်လိုက်မိပြီး . . .

"ငါ့လက်က အနူလက်မဖြစ်ဖို့ ဆယ်နှစ်တော့ အချိန်ပေး။ ဒါ အလွန်ဆုံးကြာလှပါ။ ဆယ်နှစ်မပြည့်ခင်လည်း ဖြစ်နိုင်တယ်"

"ကြိုးစားကြည့်လိုက်လေ။ နင်ပြောသလို ဆယ်နှစ်ဆိုတဲ့ အချိန်မှာ အခု ငါ ပိုင်ဆိုင်တဲ့ လက်ရှိဘဝထက် သာမယ်ဆိုရင် ငါ ကျွန်နဲ့တူသော မယားအဖြစ်နဲ့ နင့်အနားမှာ တစ်သက်လုံး ခစားသွားမယ်"





"နင် ကတိတည်ပါစေနော်"

မဟော်ကလည်း စိန်ခေါ်ရင် တိမ်ပေါ်အထိ တက်လိုက်မည့်သူပါ။ အထင်သေးတာမဟုတ်ပေမယ့် စိန်ခေါ်မှုကို မငြင်းချင်လို့ ခေါင်းညိတ်လိုက်တာ။ ကြိုးစားကြည့်ပေါ့၊ ဆယ်နှစ်ဆိုတာ ဒီလိုပဲ သွားလာလှုပ်ရှားရင်း နီးကပ်လာမှာလေ။ တောမှာ လယ်လုပ်စားနေတဲ့ လူတစ်ယောက်ရဲ့ အရည်အချင်းကို ဆယ်နှစ်အတွင်း သိရမယ့် ကံစမ်းပွဲတစ်ခုပေါ့။

"ကောင်းပြီ . . . ဆယ်နှစ်အတွင်း နင် အခြားသူနဲ့ လက်ထပ်ခွင့်မရှိဘူး"

"လက်ထပ်မယ်ဆိုရင်ရော"

"ကတိကို တန်ဖိုးမထားရင်လုပ်ကြည့်ပေါ့။ နင်တို့ အိမ်ထောင်ရေး ဘယ်တော့မှ မသာယာစေရဘူး၊ ငါ အာမခံတယ်"

နေမဏိ ပြောပြီး လှည့်ထွက်ကာ ဆိုင်ကယ်ပေါ်တက်၍ မောင်းထွက်သွားလေလျှင် . . .

"တောက် . . . တောသားက လူပါးဝလို့"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"နေမဏိ"

"..............."

"နေမဏိ"

"ကျွန်တော် ဒီမှာ"

အသံကြားရာကို လှည့်ကြည့်လိုက်တော့ နေမဏိက ရေစည်ပိုင်းအနားက ကျောက်ပြားပေါ်မှာ ထိုင်နေတာပါ။ သူ ရွာထဲက ကြားလာတဲ့သတင်း ဟုတ် မဟုတ်ဆိုတာကို သိချင်နေတာလေ။ ဒါကြောင့် ဘကြီးဖြိုးအိမ်က ရေချိုးသောက်ခေါ်တာတောင်မဝင်ဘဲ





အိမ်ကို တန်းပြန်လာခဲ့တာ။ မြို့သူက နေမဏိကို ပါးရိုက်လို့တဲ့။

ပြောပြကြပုံအရဆို

စေတနာနဲ့လည်း ကူညီရသေး ပါးရိုက်ခံရတယ်ဆိုတော့ လွန်တာပေါ့။ ကိုယ့်ညီကို ကိုယ်တွေမှာ အငယ်ဆုံးလေးမို့ နှီးပြားနဲ့တောင် မရွယ်ရက်ခဲ့ကြပေ။

"မင်းကို ငါမေးစရာရှိလို့"

မေးလေဆိုသောသဘောနှင့် နေမဏိက မေးဆတ်ပြလေလျှင် ...

"မင်းကို ဟိုမြို့သူက ပါးရိုက်လွှတ်လိုက်တယ်ဆို။ အဲဒါဟုတ်လား"

"ကိုကြီးကို ဘယ်သူပြောတာလဲ"

"ရွာထဲကလူတွေ ပြောလိုက်ကြတာလေ၊ ဘယ်သူဘယ်ဝါလည်း မမေးနဲ့။ တို့ရွာထဲကလူတွေအကြောင်း မင်းသိတယ် မဟုတ်လား။ သတင်းတစ်ခုရလို့ကတော့ မင်းသုံးနေတဲ့ ဖွာတုတ်ထက်တောင် သတင်းဖွတာ ပိုမြန်သေးတယ်"

"ဖော့စ်ဘွတ်ပါ ကိုကြီးရာ"

"အေးပါ ...ငါ မခေါ်တတ်လို့၊ ပြောပါဦး ဟုတ်လား မဟုတ်လားဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာ"

မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေပေမယ့် ဟုတ်တယ်ဆိုတော့ စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်သွားလေသည်။ သူက ကိုယ့်ညီကို ပါးရိုက်ရအောင် ဘာကောင်မမို့လို့လဲ။ မြို့သူလည်း လူ၊ တောသားလည်း လူပဲလေ။ တောသားတွေကမှ ပစ်တိုင်းထောင်လို ဘယ်နေရာပဲ ပစ်ချချ အမြဲတမ်းထောင်လျက်ပါပဲ။

သူကိုယ်သူ မြို့သူဆိုပြီး မာန်တက်လည်း တောသားတွေက အထင်မကြီးပေ။ အဲဒီလိုလူမျိုးတွေပေါ့။ ပြုတ်ကျပြီဆို ကြောင်ကျ မကျပဲ ခွေးကျ ကျတာ။

"ဒါဆို ရွာထဲကလူတွေ ပြောလိုက်တာတွေက အမှန်တွေပေါ့၊ ဟုတ်လား နေမဏိ"

"ကိုကြီးက ဘာတွေကြားလာလို့လဲ"

"ဘာတွေကြားလာရမှာလဲ။ မင်းက ရေနစ်နေတဲ့သူကို ကယ်လိုက်တာတဲ့။ အဲဒါကို မြို့သူက ပါးရိုက်တယ်ဆို။ တကယ်ဆို မင်း အဲဒီကောင်မလေးကို တစ်ခါတည်း ရေထဲမှာနစ်ပြီး သတ်ပစ်ခဲ့ရမှာ"

"ကိုလေးကလည်းဗျာ"





ဒေါ်နှင့်မောနှင့် ပြောလိုက်သူက နောက်မှရောက်လာတဲ့ လမင်းပါ။ တကယ်တော့ သူတို့ညီအစ်ကိုတွေက စိတ်ရင်းကောင်းကြ သူတွေလေ။ အခုက ကိုယ့်ညီကိုထိလို့ မခံချင်စိတ်နဲ့ ပြောမိတာပါ။ တကယ်တမ်းကျတော့ လူကို သတ်ဖို့မပြောနဲ့ အိမ်က ကြက်ကို ချက်စားဖို့ လေးနဲ့ပစ်ရင်တောင် ...

သူ့ပစ် ငါပစ်နဲ့ နေမဏိပဲ ပစ်သတ်ပေးရတာ မဟုတ်ဘူးလား။

"ပြီးတော့ ... မင်းက ပြောခဲ့တယ်ဆို"

"ဘာလဲ"

"အဲဒီမြို့သူကို တစ်နေ့ရအောင် ယူမယ်လို့ပြောတယ်တဲ့။ အချိန် ဆယ်နှစ်စောင့်နိုင်းတယ် ဆိုလားပဲ"

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်လို့လဲ။ သူကတိ ကိုယ့်ကတိ တည်ကြရမှာပေါ့။ ကျွန်တော်ကတော့ မခံချင်စိတ်နဲ့ ပြောလိုက်မိတာပေမယ့် ကတိတည်အောင် လုပ်မယ်"

"ဟေ"

"..............."

"မင်းက"

"ဟုတ်တယ်လေ၊ မယုံဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နေမဏိစကားကြောင့် ကောင်းကင်နဲ့လမင်း အကြည့်ချင်းဆုံသွားကြလေသည်။ အခု ဒီစကားကိုပြောတာ နေမဏိမှ ဟုတ်ရဲ့လားလို့လေ။

"ကောင်မလေးက အခု သူ့ရဲ့လက်ရှိဘဝထက်သာမှ မင်းကို လက်ခံမှာဆို"

"အင်း"

ခက်တော့ခက်ပြီ။ ကောင်မလေးရဲ့စည်းစိမ်ချမ်းသာကို မီဖို့ဆိုတာ လွယ်သလား။ ဆယ်နှစ်အတွင်းမှာသာအောင် ကြိုးစားမယ်ဆိုတော့ ထီပေါက်မှပဲ ဖြစ်မယ်လေ။ ဒါမှမဟုတ် ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်ကိုလုပ်မှရမယ် ထင်ပါရဲ့။ နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် ညီဖြစ်သူအတွက် စိတ်ပူသွားကြလေသည်။

ကတိတည်ဖို့အတွက် ...

ဒီကောင် မဟုတ်တာတွေလုပ်ရင် ဒုက္ခ။ လမင်းသက်ပြင်းချလိုက်ပြီး ...

"ခက်တယ်ကွ ညီလေးရာ။ မင်းဟာက ထမင်းရည်သောက်ပြီး ချေး (ချီး) တုံးကြီးကြီးယိုချင်သလို ဖြစ်နေပြီနော်။ ငါတို့ ပိုင်ဆိုင်မှု အားလုံးပေါင်းမှ သူ့အိမ်က ကားတစ်စီးဖိုးလောက်တောင် ရှိမှာမဟုတ်ဘူး"





"ကိုလေး"

"..................."

"ကိုလေး ကျွန်တော့်ကို တော်တော်အထင်သေးတာပဲ။ အရာအားလုံးက တစ်သမတ်တည်းရှိနေတာ မဟုတ်ဘူးလေ။ သစ်လဲ ဝါးလဲသာ ကျော်ကောင်းတာ လူလဲတာ မကျော်ကောင်းဘူးတဲ့"

"အဲဒါ ဘာဖြစ်လဲ"

မေးလိုက်သူက ကောင်းကင်ပါ။

"ဘာဖြစ်ရမှာလဲ ... ယောကျ်ားပဲ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်တကယ် ဖြစ်ရမယ်။ ကျွန်တော့်ကတိ တည်ဖို့အတွက် ကျွန်တော် ဖြစ်အောင်ကြိုးစားမယ်လေ။ ကံကောင်းရင် မီလျံနာတစ်ယောက်တောင် ဖြစ်နိုင်သေးတယ်"

"ဟား ... ကြီးကျယ်လိုက်တဲ့စကားပါလား"

"ဟုတ်မှလည်း လုပ်ပါကွာ"

နေမဏိ အစ်ကိုနှစ်ယောက်ကို မျက်စောင်းထိုးပစ်လိုက်သည်။ ဒါ ကိုယ့်အရည်အချင်းကို အထင်သေးခြင်းပဲပေါ့။ အဟွန်း တစ်နေ့တော့ နေမဏိ ဘယ်လိုကောင်ဆိုတာ သိကြရမှာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ပိုင်း ဖြစ်ပြီးသွားတာကို ပြန်နုတ်လို့မရပေမယ့် အမှန်တရားကိုတော့ မဟော်သိအောင် ပြောပြချင်သည်။ သေသေချာချာ စဉ်းစားကြည့်တော့ မဟော် နေမဏိကို ပါးရိုက်လိုက်တာ အထင်မှားပြီး အခွင့်အရေးသမားလို့ စွပ်စွဲလိုက်သည်ထင်ပါရဲ့။ တကယ်တမ်း မဟော် နှုတ်ခမ်းသားကို ထိကပ်ခဲ့တာက ပိုင်းလေ။

ဒါကို ...

နေမဏိလို့ ထင်သွားပုံရပါတယ်။

"ကိုဘုန်းမဟာ"





"..............."

"ရန်ကုန်ကို ဘယ်တော့ပြန်မယ်လို့ ရှင် စဉ်းစားထားလဲ။ ကျွန်မတို့ကတော့ ပြန်ချင်ပြီ။ ရှင် ဘယ်လိုလုပ်မလဲ ပြော"

"ပြန်မှာပေါ့ တင်မရယ်။ ရွာကိုရောက်တုန်း အေးအေးဆေးဆေးနေပါရစေ။ နောက် ဒီရွာမှာအလွန်ဆုံးနေလှ တစ်ပတ်ပေါ့"

"ဘာ"

ဒေါ်တင်မလတ် 'ဘာ' ဆိုတဲ့အသံ ခပ်ကျယ်ကျယ်နှင့်အတူ ခင်ပွန်းသည်ကို ဒေါသမျက်ဝန်းနှင့် ကြည့်လိုက်ကာ ...

"တစ်ပတ်မပြောနဲ့ တစ်ရက်တောင် ကျွန်မကတော့ ဒီရွာမှာ ဆက်မနေချင်တော့ဘူး ကိုဘုန်းမဟာ"

"တင်မကလည်းကွာ"

"တင်မကလည်း လုပ်မနေနဲ့။ ရှင်မွေးထားတာ သမီး မိန်းကလေးလေ။ နမူးစာရွာလည်တာ ကျွန်မသမီးကို ဒီရွာမှာ အလည်မခံနိုင်ဘူး။ အခုပဲ ရှင့်သမီးကို နေမဏိဆိုတဲ့ကောင် ဘာပြောလိုက်လဲ ရှင် သိတယ်နော်။ တောသားလူ့ပါးဝပြောတိုင်း ကျွန်မ ငြိမ်ခံမနေနိုင်ဘူး။ ပြောနေရင်း ဒေါသက နှစ်ဆတိုးလာပြီ။ တောက်၊ အနားလာရင် ရွှေခွက်နှိုက်ချင်တဲ့ကောင်"

"မင်းကလည်း မင်းစိတ်ချည်းပဲ။ ပြောစမ်းပါစေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါလေပဲ၊ နေမဏီက မင်းသမီးကို ရအောင်ယူမယ်ပြောတော့ရော မင်းသမီးက လက်ခံဦးမှဖြစ်မှာ''

''လေနဲ့လည်း အပြောမခံနိုင်ဘူးရှင့်။ တောသားက လူပါးဝလို့''

ဦးဘုန်းမဟာ ကိုခင်မောင်တို့ လင်မယားကို အားနာစွာ ကြည့်လိုက်မိသည်။ တောသားဖြစ်ဖြစ်၊ မြို့သားဖြစ်ဖြစ် လူကလူပဲလေ။ အခုလက်ရှိ ကိုယ်တွေက တောမှာရောက်နေပြီး စကားပြောရင် တောသား၊ တောသားနဲ့ ထည့်ပြောနေတော့ မပြောသာလို့သာရှိမယ် သူတို့လည်း ဘယ်ကြိုက်ချင်ပါ့မလဲ။ စိတ်မဆိုးဘူး ကျွဲမြီးတိုတယ် ဆိုတာမျိုးတော့ ဖြစ်နေမှာပေါ့။

တင်မနဲ့တော့ ခက်ပါတယ်။

သူများတွေလို ခွေစဉ်မျိုးဆက် ချမ်းသာလာတာ မဟုတ်ပါဘဲ ဘာလို့ ဒီလောက်မောက်မာချင်နေရတာလဲ။ ကိုယ်နဲ့အကြောင်း မပါခင်က ချမ်းသာတယ်ဆိုတာ အခုလောက်မှ မဟုတ်ခဲ့ဘဲ။ ကိုယ်ပိုင် တိုက်နဲ့ကားနဲ့နေနိုင်ပြီး စီးပွားရေးလုပ်ငန်းက မတောင့်မတ မကြောင့်မကျ စားရ နေရတာလောက်ပဲ ရှိတာပါ။ ကိုယ်နဲ့လက်ထပ်ပြီးမှသာ စီးပွားရေးက တိုးတက်လာခဲ့တာ။

''အဲဒီလိုတော့ မပြောပါနဲ့ မတင်မလတ်ရယ်။ နေမဏီက





မဟုတ်မခံ ကျော့ဆတ်ဆတ်ရှိတာလေးကလွဲရင် စိတ်ထားဖြူစင်ပါ တယ်ဗျ။ ဒီရွာမှာ ရပ်ရေးရွာရေးဆို သူပဲ ဦးဆောင်ပြီး လုပ်နေတာ အသက်သာငယ်တာ အမြော်အမြင်လည်းကြီးတဲ့ကလေးပါ''

''အဲဒါ ရှင်တို့ရွာရဲ့အမြင်လေ။ ကျွန်မကတော့ အထင်မကြီး ဘူး။ တော်ပြီ တော်ပြီ ဒီရွာကနေ မြန်မြန်ပြန်မှဖြစ်မှာပါ''

''မပော်''

ဝိုင်း ခေါ်လိုက်တာကြောင့် မပော် လှည့်ကြည့်လိုက်သည်။

''ဝိုင်း . . . ပြောစရာရှိလို့''

''အင်း . . . ပြောလေ''

''မနေ့ကလေ၊ ရေးဦးသူနာပြုစုနည်းနဲ့ မပော် နှုတ်ခမ်းကို အဲ အဲဒါဝိုင်းပါ''

''ဟင်''

''မပော်က နေမဏီလို့ထင်ပြီး ပါးရိုက်လိုက်တာလားလို့ ပြောပြတာပါ''

မပော် တွေခနဲ ဖြစ်သွားလေတော့သည်။ ဝိုင်း ပြောတာ မှန်ပါတယ်။ မပော် သတိရလာချိန်မှာ သူ့မျက်နှာကို နီးနီးကပ်ကပ် မြင်လိုက်ရတော့ သူလို့ပဲ ထင်လိုက်တာလေ။ ဒါကြောင့်ပဲ ရှက်ရှက်နဲ့ မပော် သူ့ကို ပါးရိုက်လိုက်မိတာပါ။ တကယ်ပဲ ဝိုင်းဆိုရင် မပော်



www.burmeseclassic.com

www.burmeseclassic.com



သူ့စေတနာကို စော်ကားလိုက်မိပြီပေါ့။ မဟော် မှားသွားပြီ နေမဏီ။

ဒါပေမဲ့ ...

"ဟော ... မောင်မင်းကြီးသား အသက်ရှည်ဦးမယ်။ အခုပဲ သူ့အကြောင်းပြောနေတယ် ဟိုမှာ၊ ဒီကိုလာနေပြီ"

ဒေါ်တင်မလတ် လှမ်းကြည့်ပြီးမှ မျက်စောင်းထိုးပစ်လိုက်သည်။ သူမသာ နဂါးမဆိုရင် နေမဏီဆိုတဲ့ကောင် ပြာဖြစ်ပြီပေါ့။

"ဦးလေး"

"အေး ... ပြော နေမဏီ၊ ဘာကိစ္စလဲကွ"

"ဆရာတော်က ဦးလေးကို မှာလိုက်လို့ပါ။ ကျောင်းကို ခဏလာခဲ့ပါဦးတဲ့။ ပြီးတော့ ဝိုင်းကိုလည်း လာခေါ်တာပါ။ ကြာဖြူမနဲ့ မိနိုင်ကတော့ ကျောင်းကိုရောက်နေပါပြီ။ အိုးခွက်ပန်းကန်တွေတိုက်ပြီး သန့်ရှင်းရေးလုပ်ဖို့ပါ"

"ဒေါ်လေး လိုက်ရဦးမလား နေမဏီ"

"ရပါတယ် ဒေါ်လေးရဲ့။ ဝိုင်းတို့ ရှိနေတာပဲဥစ္စာ။ အေးအေးဆေးဆေးနေပါ"

"အေး အေး"

"ဝိုင်း"

"ဟင်"





"နင် ငါနဲ့ တစ်ခါတည်းလိုက်ခဲ့မှာလား"

"အေး ... လိုက်ခဲ့မယ်လေ။ ခဏစောင့်နေဦး။ ငါ ရေတိသီးမှုန့်နဲ့ဆား သွားယူဦးမယ်"

"ဘာလုပ်ဖို့လဲဟ"

"ကျောင်းမှာ မရမ်းသီးတွေပေါတယ်လေဟာ၊ နင်က ခူးပေး တို့က စားမှာပေါ့ဟ ... ဟိ ဟိ"

ဝိုင်း ဖက်ကလေးပုန်း ရယ်ကာ သုတ်ခနဲ ထွက်သွားလေတော့ နေမဏီက ရပ်စောင့်နေလေသည်။ မဟော်တို့မိသားစုကို မြင်နေပေမယ့် သေသေချာချာ မကြည့်ပါဘူး။ သူတို့ကိုယ်သူတို့ မြို့ကသူဌေးတွေဆိုပြီး ဘဝင်လေဟပ်၊ မာနတွေ ထောင်နေတာ။ နေမဏီဆိုတဲ့ကောင်က ဂရုမစိုက်ပါဘူး။

"ကိုခင်မောင်"

"ဗျာ"

ဒေါ်တင်မလတ်ခေါ်တာမို့ ဦးခင်မောင် ထူးရင်း လှည့်ကြည့်လေလျှင် ...

"ကိုယ်က သမီးမိန်းကလေးမွေးထားတာ သမီးတစ်ကောင် နွားတစ်ထောင်တဲ့။ လူတိုင်းနဲ့ ယှဉ်ကြည့်စိတ်ချပြီး မထည့်နဲ့ ကိုခင်မောင် ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တင်မ"

ဦးဘုန်းမဟာ သမီးရှင် ကိုခင်မောင်တို့လင်မယားကို အားနာပြီးရင်း အားနာပါ။ နေမဏိကိုလည်း အားနာတာကြောင့် မျက်နှာကို ဘယ်မှာထားရမှန်းပင်မသိတော့ပေ။ ဒေါ်ဝင်းရွှေကပဲ ...

"နေမဏိက အခြားသူမှမဟုတ်တာ တင်မရဲ့။ သမီးနဲ့ ကျောင်းကတည်းက အတူသွား အတူလာ သူငယ်ချင်းတွေလေ"

"ဩော် မဝင်းရွှေရယ် ... သူငယ်ချင်းမပြောနဲ့ အခုခေတ်က လေ မောင်နှမတစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတောင် စိတ်ချရတာမဟုတ်ဘူး ရှင့်။ ကျွန်မက စေတနာနဲ့ပြောတာပါ"

"ဒီမှာ အန်တီ"

ဆတ်ခနဲ ကြည့်လိုက်တဲ့မျက်လုံးတွေက မလိုတမာ ရှုံ့ရှာ မုန်းတီးရိပ်တွေအပြည့်နှင့်ပါ။

"အန်တီ စကားပြောတာ လူကြီးက လူကြီးပီပီ ဆင်ခြင် ခြင် ပြောရင် ကောင်းလိမ့်မယ်"

"ဘာ"

"ယောက်ျားဆိုတာနဲ့ပဲ ကျားလို သားကောင်မြင်တိုင်း ခုန်အုပ်တတ်တယ်လို့ မထင်ပါနဲ့။ လူထဲကလူပဲပေမယ့် ကိုယ့်အကျင့်စာရိတ္တကို အသက်ထက် တန်ဖိုးထားတဲ့သူတွေရှိတယ်"





"အဲဒီလိုက တစ်ထောင်မှာတစ်ကောင်ရယ်လေ"

"ဒါဆို ကျွန်တော်မေးမယ်"

နေမဏိအကြည့်က ဦးဘုန်းမဟာဆီသို့ ရောက်သွားလေသည်။ ဦးဘုန်းမဟာကိုတော့ အားနာပါတယ်။

ဒါပေမဲ့ ...

"ဘာမေးမှာလဲ မေးစမ်း"

ဦးခင်မောင် ခါးမတ်သွားလေသည်။ ဒီကောင် မဟုတ်တာ မေးရင်တော့ ဒုက္ခပါပဲ။ နေမဏိက ပိုးခနဲ ပက်ခနဲ စိတ်ထဲမထင်ရင် မထင်သလို ပြန်ပြောတတ်တာလေ။ သူပြောလိုက်ရင် စကားတွေက ထိထိမိမိနဲ့ တစ်ဖက်သား ပြန်မပြောနိုင်လို့ ဒေါသဖြစ်တတ်တာမျိုးလေ။ ဘုရား ဘုရား ဟိုကလည်း မာနခဲဆိုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့ပါ။ ကိုယ့်အိမ်မှာ ရန်ဖြစ်ကြရင် မကောင်းဘူးပေါ့။

"တစ်ထောင်မှာ တစ်ကောင်လို့ ပြောတာ အန်တီပြောတာနော်။ ဒါဆိုရင် အန်တီ့ယောက်ျားလည်း ကိုးရာကိုးဆယ့်ကိုးယောက်ထဲမှာ ပါနေမလား မသိဘူး"

"ဘာပြောတယ်"

"နေမဏိ"

ကိုယ့်ယောက်ျားကို ပုတ်ခတ်လာတော့ ဒေါ်တင်မလတ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် ထရပ်လိုက်မိသည်။ မဟော်လည်း ထရပ်မိလေတော့ . . .

"တောသား စကားပြောတာမရိုင်းနဲ့။ ငါ့ယောကျ်ားရဲ့သိက္ခာကို မစော်ကားနဲ့။ ငါ့ယောကျ်ားက ငါကလွဲရင် ကျန်တဲ့မိန်းမကို ဖွဲ့ဆန်ကွဲပဲ ထင်တာဟဲ့ သိလား"

"ကျွန်တော့်စကားက ရိုင်းတယ်ဆိုတော့ အန်တီပြောခဲ့တဲ့စကားတွေကရော ယဉ်ကျေးလို့လား။ ငါ ချမ်းသာတယ်ဆိုပြီး သိပ်မာန်တက်မနေနဲ့။ ကံထမ်းလာတာကို ဘယ်သူမှမမြင်နိုင်ဘူး။ စီးပွားရေးဆိုတာ အာမခံချက်ပေးလို့ရတာ မဟုတ်ဘူး"

"တောက်"

မဟော် မီခင်နှင့် နေမထိကြားကိုဝင်ရပ်လိုက်ပြီး . . .

"လူကြီးကို လူကြီးမှန်းမသိ ပက်ပက်လန်အောင် ပြန်ပြောနေတာကိုက ရိုင်းတာ။ နင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး မဟုတ်ဘူးလား နေမထိ"

"သူများကိုမမေးနဲ့ ကိုယ့်ကိုယ်ကိုယ် အရင်ပြန်မေးကြည့်။ ဝတ်တာကအစ လူလူချင်း ဆက်ဆံတာအဆုံး မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီပါရဲ့လားလို့"

"တောက် . . . နင်"

"သမီး"





ကိုယ့်သမီး ဘာလုပ်တော့မယ်ဆိုတာကို ရိပ်မိလိုက်ပြီး ဦးဘုန်းမဟာ ကမန်းကတန်း ထရပ်ပြီးသွားလိုက်တာ ဖနီးဖြစ်သူကို ဝင်တိုက်မိလိုက်တော့ . . .

"အမေ့"

ဦးဘုန်းမဟာ အနားရောက်သွားတာက နောက်ကျပြီး နေမထိက မဟော့်လက်ကို လျင်မြန်စွာ ဖမ်းဆုပ်ထားသည်လေ။ မဟော် ရုန်းလိုက်ပေမယ့် မရပါဘူး။ နေမထိက မဟော်မျက်နှာကို ခပ်စူးစူးကြည့်ကာ . . .

"တစ်ခါပဲရမယ်၊ နှစ်ခါမရဘူး။ နေမထိက တောသားဆိုပေမယ့် အထင်မသေးနဲ့။ ခပ်ညံ့ညံ့ကောင် မဟုတ်ဘူး။ ခေတ်မကောင်းလို့ ရှုးချင်ယောင်ဆောင်နေတဲ့သဘောပဲရှိတယ်"

"နေမထိရေ သွားမယ်ဟေ့ . . . ဟင်"

နေမထိကို ပြောရင်း ထွက်လာတဲ့ ဝိုင်း။ နေမထိက မဟော်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားပြီး ဒေါသမျက်ဝန်းကိုယ်စီနှင့် တွေ့လိုက်ရတော့ အံ့ဩသွားလေသည်။

ဘာဖြစ်ကြပြန်ပြီလဲ။

"နေမထိ မင်းသွားတော့၊ သမီးဝိုင်း နေမထိကို ခေါ်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင် ပြောလိုက်တော့မှပဲ နေမဏိက မယော် လက်ကို လွှတ်ပေးလိုက်လေတော့သည်။ ဝိုင်း အခြေအနေကို နားလည်သွားပြီး

"လာ နေမဏိ . . . သွားရအောင်"

နေမဏိလက်ကို ဆွဲခေါ်လာခဲ့တော့သည်။ လောလော ဆယ် ဒီကထွက်သွားမှဖြစ်မှာပါ။ အကျိုးအကြောင်းကို လမ်းရောက်မှပဲ မေးရတော့မှာပေါ့။

* * *



## အခန်း (၁၀)

"နေမဏိ"

"ဘာလဲ"

"ရွာထဲကလူတွေ ပြောပြပုံအရဆို မင်းက တကယ်ရအောင် ယူမှာလား"

နေမဏိ မျက်မှောင်ကြုတ်သွားပြီး သန်းဝင်းဘက်သို့ လှည့် ထိုင်လိုက်ကာ . . .

"မင်းစကားက အဆုံးမရှိ အစမရှိနဲ့ ဘာကိုမေးတာလဲ။ လူကို လူလိုနားလည်အောင် လူစကားနဲ့ မေးစမ်းပါ သန်းဝင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



“ဂိန် . . . အဲလေ . . . ဘာ”

“ဟုတ်သားပဲ သန်းဝင်းရာ . . . မင်းမေးပုံက ဘာမှန်းမသိ, ဘာမှန်းမသိနဲ့ . . . ဖြေတဲ့သူက ဘာကိုမေးမှန်းမသိ၊ ဘာကိုဖြေရမှာလဲ”

“ဘာထဲက မထွက်ပါလား ဘာမင်းသားရယ်။ ငါမေးတာက ဟိုမြို့သူနဲ့ကိစ္စကိုမေးတာ။ နေမဏိက မြို့သူကို တစ်နေ့ရအောင်ယူမယ်လို့ ပြောတာတဲ့။ အဲဒါကို တကယ်လားလို့ မေးတာ . . . သိပြီလား”

“အဲဒါ . . . အစကတည်းက ရှင်းရှင်းမေးပါလား”

ဒီကိစ္စကို ဖိုးဇော်လည်း ကြားပါသည်။ ဒါပေမဲ့ နေမဏိကို မမေးဖြစ်တာက ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြလို့လေ။ အခု ကိုယ်မမေးခင်ပဲ သန်းဝင်းက မေးလိုက်တော့ အဆင်ပြေသွားတာပေါ့။ ဟုတ်တာ မဟုတ်တာ မသိသေးပေမယ့် နေမဏိက ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တာတော့ သိသည်လေ။

ဒါပေမဲ့ . . .

အခြားကိစ္စတွေကို ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တာထားတော့ အခုကိစ္စက ဖြစ်နိုင်ပါ့မလား။

“ဟုတ်တယ် နေမဏိ၊ အဲဒီကိစ္စကို ငါလည်း သိချင်နေတာ။





မင်း တကယ်ပြောခဲ့တာလား၊ တကယ်ရအောင်ယူမှာလား”

“ဟုတ်တယ်”

“ဟင်”

သန်းဝင်းနဲ့ ဖိုးဇော် အကြည့်ချင်းဆုံသွားကြပြီး တစ်ယောက်ကိုတစ်ယောက် မေးဆတ်ပြမိကြလေသည်။ နေမဏိကတော့ အေးဆေးပါပဲ၊ လေတိုက်လို့ကြွေကျလာတဲ့ သစ်ရွက်တစ်ရွက်ကို ကောက်ပြီး လက်သည်းနှင့်ဆိတ်ကာ ဖဲ့ပစ်နေတာ အစိတ်စိတ်အမွှာမွှာပါ။

“လွယ်တော့မလွယ်ဘူးနော် နေမဏိ”

နေမဏိ မေးလိုက်တဲ့သန်းဝင်းကို ငုံ့ကြည့်ပြီး . . .

“ဘာလို့မလွယ်တာလဲ၊ ငါ့ကို စစ်မရောက်ခင် မြားကုန်ချင်တဲ့ကောင်လို့ မင်းက ထင်နေတာလား”

“မဟုတ်ဘူးလေ၊ ငါ စိုးရိမ်တာက ဟိုကွာ၊ နှင်းမပေါ်ထက်သူ့အမေက ပိုပြီး မာနကြီးတာ မောက်မာတာ။ မင်းနဲ့ ဘယ်လိုမှ အစပ်အဟပ်တည့်မှာမဟုတ်ဘူးနော်၊ ဟေ့ကောင်”

နေမဏိ မပွင့်တစ်ပွင့် ပြုံးလိုက်မိသည်။ ဒီကောင်တွေလည်း ကိုယ့်ကို အထင်သေးတဲ့အထဲမှာပါနေတာပါပဲ။ ဒါပေါ့လေ . . . နေမဏိဆိုတဲ့ကောင်က အိမ်မှာ အငယ်ဆုံးဆိုပြီး အစ်ကိုတွေအဝေါ်ဆိုးနေတာ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးနဲ့ပတ်သက်ပြီး ဘာအလုပ်မှ လက်ကြောတင်း
အောင် မလုပ်ခဲ့တဲ့ ကောင်ကိုး။

ဒါပေမဲ့ . . .

ဘာမှပြန်မပြောဘဲ ငြိမ်နေရင် ကိုယ့်ကို ရွယ်လွယ်နဲ့
လျှော့ပေးတဲ့ကောင်လို့ ထင်ကြဦးမှာ။

ဒီတော့ . . .

"သူ့အမေနဲ့ ငါနဲ့ အစပ်အဟပ်တည့်ဖို့ မလိုပါဘူး။ သူ့သမီးနဲ့
စပ်အဟပ်တည့်ဖို့ပဲ ကြိုးစားရမှာ။ ငါ ရအောင်ယူပြီး ပေါင်းမှာ
င်းမပေါ်ကွ။ သူ့အမေ မဟုတ်ဘူး"

"မင်းကလည်း ပြောလိုက်ရင် ကန့်လန့်"

"ငါက မှန်တာပြောတာ ကန့်လန့်ထင်လည်း မတတ်နိုင်ဘူး
ဟ။ နှင်းမပေါ်က အခု သူ့ရဲ့လက်ရှိ အခြေအနေထက် ချမ်းသာရင်
လက်ခံမယ်လို့ ပြောတာ"

"အဲဒါနဲ့ . . . ဆယ်နှစ် အချိန်တောင်းလိုက်တယ် ဆိုပါ
တော့"

"ဟုတ်တယ်"

ဖိုးဇော် သက်ပြင်းချလိုက်မိသည်။ ဘယ်သူကဘယ်လို ကတိ
ည်ကြမလဲ။ နေမဏိက ဘယ်လိုကြိုးစားမှာလဲ။ နှင်းမပေါ်ကရော





ကတိတည်ပါ့မလား။ ကိုယ်တွေကတော့ ဆယ်နှစ်ဆိုတဲ့အချိန်ကာလ
အတောအတွင်းမှာ ဘာတွေဖြစ်ပြီး ဘာတွေပြောင်းလဲသွားမလဲဆိုတာ
ပဲ စောင့်ကြည့်နေရမှာပေါ့။

"နေမဏိ"

"ပြော"

"မင်းက ကတိတည်မှာလား"

"ဟ . . . ငါက ယောကျ်ားလေကွာ။ ယောကျ်ားကတ
တည်ရမှာပေါ့"

အသံတွေ ခေတ္တတိတ်ဆိတ်သွားကြပြန်သည်။ သူတို့ပြေ
တဲ့ အခြေအနေက မယုံတစ်ဝက် ယုံတစ်ဝက်ဆိုတော့လေ။

"နှင်းမပေါ်ကရော ကတိတည်ပါ့မလား။ မိန်းကလေးတွေ
ရဲ့စိတ်က တိမ်းလွယ် ယိမ်းလွယ်ကွ။ တော်ကြာ သူချစ်တဲ့သူနဲ့တွေ
ရင် ကတိဆိုတာ ပါးစပ်နဲ့ပေးတာ စာချုပ်မရှိဘူးဆိုတာမျိုး ဖြစ်နေဦး
မယ်"

"သူ ကတိပျက်ခဲ့ရင် ပျက်ကြည့်ပေါ့။ နေမဏိ ဘာကော
ဆိုတာ သိသွားစေရမယ်။ ငါကလည်း သူလက်ခံနိုင်တဲ့အခြေအနေ
တစ်ခုကို ရအောင်ကြိုးစားရမှာ။ အခြားသူကို သူလက်ထပ်လည်
မပေါင်းစေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ"

"ရာဇဝင်ကလည်း ပြင်းလိုက်တာ"

နေမဏိစိတ်ကို ဘယ်သူမှ နားမလည်နိုင်ကြပေ။ ရအောင်ယူမယ်လို့ ဆုံးဖြတ်ပြီး မဟော် လက်ခံနိုင်တဲ့ အခြေအနေတစ်ခုကို ရအောင် ကြိုးစားမယ်ဆိုတော့ မဟုတ်မှလွဲရော နေမဏိက နှင်းမဟော်ကို ချစ်နေတာများလား။ ချစ်တာကို ချစ်တယ်လို့ သာယာညင်းပျောင်းပြောရင် လက်မခံမှာစိုးလို့ သွယ်ဝိုက်နည်းနဲ့ စိန်ခေါ်လိုက်တာလား။

ဒါမှမဟုတ် ...

တကယ်ပဲ လက်စားချေချင်လို့လား။ လက်စားချေတော့ သူ ဘယ်လိုချေမှာလဲ။ ရအောင်ယူပြီး နှိပ်စက်မှာလား။ ယူထားပြီးလို့ ကိုယ့်မိန်းမဖြစ်လာပြီဆိုတာနဲ့ နှိပ်စက်ရက်ပါ့မလား။ သဘာဝ မကျလိုက်တာ။

"မင်း အဲဒီလို ဆုံးဖြတ်တာကို ငါတော့ သံသယဝင်မိတယ် နေမဏိ"

"ဘာကိုလဲ"

ဖိုးဇော် သူ့ကိုလှည့်ကြည့်လာတဲ့ နေမဏိရဲ့မျက်ဝန်းတွေကို စိုက်ကြည့်လိုက်သည်။ မျက်ဝန်းထဲမှာ အဖြေရှာကြည့်တာလေ။ ဒါပေမဲ့ သူတို့ထင်တဲ့ အရိပ်အယောင်တော့ မတွေ့ပါဘူး။ ကိုယ်ကပဲ အကဲ





မခတ်တတ်တာလား။ နေမဏိကပဲ ဟန်ဆောင်ကောင်းနေတာလား မသိတော့ပေ။

"မင်း နှင်းမဟော်ကို ချစ်နေလို့များလားလို့ပါ"

"အဟွန်း"

နေမဏိရယ်ပြီး တစ်ဖက်သို့ ပြန်လှည့်သွားလေသည်။

"မင်းတို့ကလည်း မြို့ကြီးသူချောချောလှလှနဲ့ ပတ်သက်လိုက်မိတာနဲ့ ချစ်လို့လို့ တစ်ခါတည်း တန်းထင်လိုက်တာပဲ၊ အထင်ကိုမကြီးတာ။ ငါ သူ့ကိုရအောင် ယူမယ်ဆိုတာ ချစ်လို့မဟုတ်ဘူး မှတ်ထား။ မုန်းလို့"

"ဘာ"

"ဟုတ်တယ်၊ သူ ငါ့ပါးကို ရိုက်ခဲ့တဲ့အတွက် နောင်တရစေရမယ်။ သူ ကတိပေးထားတယ်လေ။ ငါသာ သူတို့ထက်သာတဲ့ အဆင့်အတန်းမျိုးနဲ့ လက်ထပ်ဖြစ်ခဲ့ရင် သူ ကျွန်နဲ့တူသောမိန်းမ ဖြစ်စေရမယ်တဲ့"

"ဟော ... ဟုတ်လား"

"တကယ်ကြီးလားကွ"

"တကယ်ပေါ့၊ သူ ကတိမတည်လို့ကတော့ နေမဏိတဲ့"

"နေမဏိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နေမထိ"

ရေးကြီးသုတ်ပျာပုံစံနှင့် ရောက်လာသူက သံလုံးပါ။ သံလုံး ဆိုတာလည်း နေမထိတို့နဲ့ သက်တူရွယ်တူ သူငယ်ချင်းတွေပါ။ ဒါပေမဲ့ သံလုံးက နေမထိတို့နဲ့ သိပ်မတွဲဖြစ်ဘူးလေ။ ဘာကြောင့်လဲဆို သူက မအေအိုကြီးကို လုပ်ကျွေးနေရတာဆိုတော့ ကြိုရာကျရာအလုပ်နဲ့ အိမ်ကပ်ရတယ်ဟူ၍ မရှိပေ။ သူ အိမ်ကပ်ရတာ ညဘက်မှပါ။

ဒီနေ့တော့ . . .

အလုပ်မရှိလို့ထင်ပါရဲ့။

"ဘာလဲကွ သံလုံးရ၊ မင်းပုံစံက ရေးကြီးသုတ်ပျာနဲ့"

"မြို့ကလူတွေ ပြန်ကြတော့မယ်ကွ။ အဲဒါကြောင့် မင်းကို ငါလာပြောတာ"

"ဟုတ်လား၊ ဒီနေ့ပဲ ပြန်မှာလား"

"ဟုတ်တယ်ကွ၊ ဒီညကားနဲ့ပြန်မှာ။ ညနေ ခြောက်နာရီကား နဲ့လေ"

"ဒါဆို ငါသွားလိုက်ဦးမယ်"

"မင်းက ဘာသွားလုပ်မှာလဲ"

"မင်းအသာနေစမ်းပါ"





နေမထိကို တားဖို့လုပ်တဲ့ ဖိုးဇော်ကို သံန်းဝင်းက တားလေ သည်။ နေမထိကတော့ ကိုယ်သွားမယ့်လမ်းကို သွားဖို့ ထွက်လာခဲ့ တော့သည်။

ကတိဆိုတာ . . .

ပေးပြီးရင် တည်ရတဲ့အကြောင်း သွားပြောရမှာပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေမဏီက စိတ်မြန်လက်မြန်သမားပီပီ ဝိုင်းတို့အိမ်သို့ ရောက်လာခဲ့တော့သည်။ ကိုယ်က ကိုယ်ပြောလိုက်မိတဲ့စကားအတွက် တာဝန်ယူရဲသလို သူကရော ကတိတည်မှာလားဆိုတာ သိချင်သည်လေ။ မသိနိုးနားနဲ့ ထွက်သွားတာမျိုးတော့ လက်မခံနိုင်ပါဘူး။

ဒါကြောင့် ...

"ဝိုင်း"

"..............."

"ဝိုင်းရေ"





"..............."

"ဝိုင်း"

ခေါ်သံက တစ်ခွန်းထက်တစ်ခွန်း ပို၍ကျယ်လာလေသည်။ ဒါကြောင့် ထင်ပါရဲ့ ဝိုင်းအိမ်ထဲကထွက်လာပြီး ...

"နေမဏီ ဘာလဲ"

"နှင်းမဟော်တို့ ပြန်တော့မယ်ဆိုတာ ဟုတ်လား"

"အင်း ... ဟုတ်တယ်လေ၊ ညနေ ကားဝိတ်ကို လိုက်ပို့ရမှာ"

"ငါ သူနဲ့တွေ့ချင်တယ်။ ခဏလောက် ခေါ်ပေးစမ်းပါ"

"ဟင်"

ဝိုင်း အံ့ဩစွာနှင့် အိမ်ထဲသို့ ပြန်ကြည့်မိလိုက်လေသည်။ ခေါ်ဖို့က လွယ်ပါ့မလား။ မဟော့်အဖေရှိနေရင်တောင် ပြဿနာမရှိပါဘူး။ အခုက သူ့မေမေလည်း အနားမှာရှိနေသည်လေ။ နေမဏီက ဘာဖြစ်လို့များ ဒေါ်တင်မလတ်နဲ့မှ ရင်ဆိုင်ချင်နေရတာလဲ။

"မလွယ်ဘူးထင်တယ် နေမဏီရဲ့၊ သူ့အမေ ရှိနေတယ်။ ငါ ခေါ်ရဲဘူးဟာ။ ပြဿနာမရှာစမ်းပါနဲ့ဟာ။ နင် အေးအေးဆေးဆေး နေစမ်းပါ"

"ကျွတ် ... နင်ပြောပုံကလည်း ငါကပဲ ပြဿနာကို ဖီးခွက်



www.burmeseclassic.com

www.burmeseclassic.com



ထွန်း ရှာနေသလိုပဲ။ ငါ ဒီလိုဖြစ်အောင် စခဲ့တာက သူလေ"

"နေမဏိရယ် . . . သူလည်းပြန်တော့မှာ ပြီးခဲ့တာတွေကို ပြီးပါစေတော့"

"မပြီးနိုင်ဘူး ဗိုင်း၊ ငါသိချင်တာ သူကတိ တည်,မတည် ဆိုတာကိုပဲ"

"စိတ်ချပါ နင့်ဘက်က ကတိတည်ပြီး ဖြစ်အောင်လုပ်ရင် ငါ့ဘက်ကလည်း ကတိတည်စေရမယ်"

". . . . . . . . . . . . ."

"မပော်"

နေမဏိ ပြောနေတဲ့စကားသံတွေက တိုးတိုးမဟုတ်တော့ အိမ်ထဲကနေ မပော် ကြားသည်လေ။ ဒါကြောင့်ပဲ ထွက်လာခဲ့တာပါ။ မပော်ထွက်မလာလို့ မေမေထွက်လာရင် ပြဿနာက ရှည်နေမှာစိုးလို့ပါ"

"နင် ကတိတည်ပါစေနော် နှင်းမပော်"

"မခံချင်စိတ်နဲ့ ပြောခဲ့ကြတာပေမယ့် ပေးမိတဲ့ကတိကို နင်တည်ရင် ငါလည်း တည်မှာပါ"

"သမီး"

". . . . . . . . . . . . ."





ထွက်လာမှာကို စိုးရိမ်နေပေမယ့် ထွက်လာပြီလေ။ မျက်နှာထားကတော့ ထုံးစံအတိုင်းပဲပေါ့။

"ဒီလိုလူမျိုးနဲ့တုပြီး ဘာကတိကဝတ်မှ တည်နေစရာမလိုဘူး သမီး။ သူ့ဘက်ကရော တည်နိုင်မှာတဲ့လား။ ဆယ်နှစ်မဟုတ်ဘူး အနှစ်နှစ်ဆယ် ကြိုးစားကြည့်လိုက်။ ဖားတုပြီး ခရုခုန်ရင် အိုင်ပွက်ရုံပဲ ရှိမယ်"

နေမဏိ ခနဲ့ပြုံး ပြုံးလိုက်ပြီး . . .

"အန်တီက အဲဒီစကားပုံပဲ သိတာကိုး။ ကျွန်တော်က ယုန်ကို အပြေးပြိုင်ဖို့ စိန်ခေါ်တဲ့ လိပ်လည်း ဖြစ်နိုင်တယ်လို့ မတွေးမိဘူးလား"

"ပြိုင်ကြည့်လိုက်လေ"

"တော်ပြီ . . . မေမေ မပြောနဲ့တော့။ နင်ပြောချင်တာ ဒါပဲမို့လား နေမဏိ"

"ဒါဆိုရင် နင်သွားတော့"

ပြောပြီး မပော် မေမေ့လက်ကိုဆွဲခေါ်ပြီး အိမ်ထဲသို့ ပြန်ဝင်လာခဲ့တော့သည်။ ရှေ့ဆက်ဆို မေမေနဲ့ မလွယ်တော့ဘူးလေ။ ပြန်ကာနီးနေပြီပဲ။ ပတ်ဝန်းကျင်ကြားလို့မှမကောင်း မပော်ရှက်ပါသည်။

"ကဲ နေမဏိ . . . သူက ကတိပေးပြီးပြီပဲ၊ နင် သွားတော့"

"သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း အိမ်ထဲကိုပြန်ဝင်သွားသလို နေမထိလည်း ထွက်လာခဲ့တော့သည်။ ကတိကဝတ်တွေပြုထားကြပြီဆိုတော့ နေမထိ ပြောထားတဲ့အတိုင်း ဖြစ်လာဖို့ ဘယ်လိုကြိုးစားရမလဲ။ ဘာတွေလုပ်ရမလဲဆိုတာ တွေးတော့ တွေးနေတာ ဒီကတိပေးပြီးကတည်းပါ။ အခုလောလောဆယ် အဖြေမထွက်သေးပေမယ့် . . .

ပန်းတိုင်ကိုတော့ ရောက်အောင် သွားရမှာပေါ့။

* * *



## အခန်း (၁၂)

"ဘယ်လို နေမထိ၊ မင်းက မြို့တက်ပြီး အလုပ်လုပ်မယ် ဟုတ်လား"

"ဟုတ်တယ် ကိုကြီး၊ ကျွန်တော့်ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့အတွက် ကျွန်တော် မြို့တက်ပြီး အလုပ်လုပ်မှဖြစ်မယ်"

ကောင်းကင် ဆန့်ဆေးပြီး ထမင်းအိုးကို မီးဖိုပေါ်သို့ တင်လိုက်လေသည်။ မီးက မွှေးပြီးကာစမို့ မီးတောက်က အညွန့်လေးတင် ရှိနေသေးသည်လေ။ ဒါကြောင့် ဝါးခြမ်းစတစ်စကို ထပ်ထည့်လိုက်သေး

"ဘာလို့ မြို့ကိုသွားရမှာလဲ ညီလေးရာ၊ ကိုယ်တွေက လယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာပဲ။ ညီအစ်ကိုသုံးယောက်ရှိတာကို မင်းက ခွဲထွက်သွားမလို့လား။ မင်း ဘာအလုပ်မှမလုပ်လည်း သူများတွေနဲ့တန်းတူ ဝတ်စားနေရတာပဲကွာ။ မင်း ဆိုင်ကယ်လိုချင်တယ်ဆိုတော့ ဆိုင်ကယ်ဝယ်ပေးတယ်လေ။ ဟော ဖုန်းဆိုတော့လည်း ဝယ်ပေးခဲ့တာပဲ။ မင်းအတွက် ဘာတွေများ လိုအပ်နေသေးလို့လဲ"

"လိုအပ်တာပေါ့ ကိုကြီးရာ"

"ဟင်"

လိုအပ်တာပေါ့ဆိုတော့ ဒီကောင် ဘာတွေများ အကြံကြီးကြံထားပါလိမ့်။ သူက ဒီဘဝကို အားမရဘဲ ချမ်းသာချင်တာလား။ ကိုယ်တွေကတော့ ဒီဘဝလေးကိုပဲ ကျေနပ်နေတာလေ။ အေးပေါ့လေ လူတစ်ကိုယ် စိတ်တစ်မျိုးနဲ့ ခံယူချက်ချင်းတွေမှ မတူညီကြတာ။ ညီလေးက ကိုယ်တွေထက် ပညာတတ်တော့ အတွေးအခေါ်၊ အမြော်အမြင်တွေ ပိုကြီးမှာပေါ့။

"လယ်တွေရှိနေတာနဲ့ပဲ ကျွန်တော် ဒီဘဝမှာ ကျေနပ်မနေနိုင်ဘူးကိုကြီး။ ကျွန်တော့်ဘဝကို ဒီနွံထဲမှာပဲ နစ်မြုပ်မထားနိုင်ဘူး။ လူဆိုတာ ရည်မှန်းချက်ကြီးမှ ကိုကြီးရ"

ကောင်းကင် ကီစွတစ်ခုကို ဖျတ်ခနဲ သတိရသွားပြီး . . .

"ဘာလဲ မင်းရဲ့ ကြီးမားတဲ့ရည်မှန်းချက်က ဟိုမြို့သူကို





ရအောင်ယူဖို့လား"

နေမဏိ ပြုံးလိုက်ပြီး လက်ဝါးနှစ်ဖက်ကို ဖိပွတ်လိုက်ကာ

"အဲဒါက နံပါတ်နှစ်ပါ ကိုကြီးရ"

"ဒါဆို နံပါတ်တစ်က ဘာလဲ"

"နံပါတ်တစ်က ကိုကြီးနဲ့ကိုလေးကို ဒီနွံထဲကနေ ဆွဲတင်ချင်တာလေ။ လယ်လုပ်ရတာ ပင်ပန်းပါတယ် ကိုကြီးရာ။ မြတ်တာကနည်းနည်း လုပ်ရတာက မချိသွားဖြေပဲ ဥစ္စာ"

"မှတ်တောင်ထားရဦးမယ်"

"ကျွန်တော်က တကယ်ပြောတာပါ"

ကောင်းကင် သက်ပြင်းချလိုက်မိ၏။ တားရမယ့်ပုံလည်း မပေါ်ပေ။ နေမဏိဆိုတဲ့ကောင်က လုပ်မယ်ဆို လုပ်ရမှ၊ သွားမယ်ဆိုလည်း သွားရမှလေ။ နာမည်က နေမဏိဆိုတဲ့အတိုင်း စိတ်ဓာတ်ကလည်း နေလိုတွန်းလင်းတောက်ပပြီး သံမဏိလို ခိုင်မာသူပါ။ စကားပြောရင် ဘယ်တော့မှ ပရမ်းပတာမပြောဘဲ ပြောမိတဲ့စကားအတွက် တာဝန်ယူရဲတဲ့သူ။

မဟုတ်မခံဆိုတော့ . . .

ဒီကောင် မဟုတ်တာတွေတော့ လုပ်မယ်မထင်ပါဘူး။

"ဒါဆို မင်းက သွားကိုသွားမယ်ပေါ့။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိကြားမင်း ဆင်းတားတောင် နောက်မဆုတ်ဘူး"

"ထင်ပါတယ်"

တားမရဘူးဆိုတာ သိတော့ ကောင်းကင် စိတ်မကောင်းပေ။ မွေးကတည်းက အခုချိန်ထိ အတူနေလာကြပြီး အခုမှ ခွဲထွက်သွားမယ်ဆိုတော့ . . .

"ဘာလဲ . . . ကိုကြီးက စိတ်မကောင်းဖြစ်နေတာလား"

"မင်းပဲစဉ်းစားကြည့်ပေါ့ကွာ။ တစ်သက်လုံး အတူတူနေလာကြပြီးမှ"

"တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ကိုကြီးရေ။ ကျွန်တော်က သေရွာသွားတာမှ မဟုတ်တာ"

"နေမဏိ"

ကိုကြီးအသံက ခပ်ငေါက်ငေါက်မို့ နေမဏိ ပါးစပ်ပိတ်သွားလေသည်။

"အဲဒီလို နှုတ်ကြမ်းတာကို ငါမကြိုက်ဘူးနော်။ အမိယုတ်တော့ နှုတ်ကြမ်း၊ အဖယုတ်တော့ ကိုယ်ကြမ်းတဲ့၊ သေရာကမိဘတွေကို ထိခိုက်အောင်တော့ မလုပ်နဲ့နော်။ တို့မိဘနှစ်ပါးစလုံးက ဘယ်သူမှ ယုတ်ခဲ့ကြတာ မဟုတ်ဘူး"

"ကျွန်တော်က စကားအဖြစ်ပြောတာပါ"





"ဘာအဖြစ်မှမပြောနဲ့၊ သွား . . . ဈေးဆိုင်မှာ ခရမ်းချဉ်သီးနဲ့ ဘဲဥသွားဝယ်ချေ။ ပိုက်ဆံက ငါ့အကျီအနီကွက်အိတ်ထဲမှာ ယူသွား"

ဈေးဆိုင်မှာ ဈေးသွားဝယ်ပေးတဲ့ အလုပ်ကလေးတော့ နေမဏိ နေ့စဉ်လုပ်ပေးနေကျမို့ မငြင်းပါဘူး။ သွားဝယ်ပေးလိုက်ရုံသာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒါလုပ်မယ်ဆိုရင် ဖြစ်အောင်လုပ်တတ်တဲ့ အကျင့်အတိုင်း နေမဏိ ရန်ကုန်သို့ရောက်ခဲ့ပါပြီ။ နေရတာက အစ်မနုစ်ဝမ်းကွဲအိမ်မှာပါ။ အစ်မရဲ့ယောက်ျားက တိုက်တွေ ဘာတွေဆောက်တဲ့နေရာမှာ သူက ခေါင်းဆောင်ဆိုလား ဘာဆိုလား၊ ဘယ်လိုလဲတော့မသိပေ။ အလုပ်သမားတွေကို သူပဲ ငှားပေးရသည်တဲ့။

ဒါကြောင့် အဆင်ပြေသည်လေ။

အစ်မလည်း ရွာကနေ အလုပ်လုပ်ထွက်သွားပြီး ရန်ကုန်မှာပဲ အိမ်ထောင်ကျသွားတာပါ။ နေရေး စားရေး နေမဏိအတွက် အဆင်





ပြေတာပေါ့။ ကိုယ့်အစ်မကအတွင်းလူပဲလေ။ ပြီးတော့ ယောက်ျားက ဘယ်အရာမဆို အစ်မပြီးရင်ပြီးတဲ့သူဆိုတော့ ဘာမှ စိတ်ပူစရာမရှိပါဘူး။

"နေမဏိ"

"ဗျာ ကိုမင်းသူ"

"သွားမယ်ဟေ့"

"ဟုတ်ကဲ့"

အလုပ်ကလည်း အဆင်ပြေပါတယ်။ ရောက်ပြီးတစ်ရက်ပဲ နားကာ ကိုမင်းသူက သူ့အလုပ်ထဲမှာဆင်းတဲ့။ ဒီတော့ နေမဏိ ထွေထွေထူးထူး အလုပ်ရှာစရာမလိုတော့ဘူးပေါ့။

"ဟဲ့ နေမဏိ"

"ဗျာ"

"ထမင်းချိုင့်ယူဦးလေ၊ အံမယ်လေးဟယ် ထမင်းချိုင့်မှ မေ့ကျန်ခဲ့ရတယ်လို့။ ဟိုကျမှ ဘာစားမလဲ"

"ဟဲ ဟဲ ... အဲဒီတော့လည်း ယောက်ဖနဲ့ နှစ်ယောက် မျှစားတာပေါ့။ ဟုတ်တယ်နော် ယောက်ဖ"

"အေးပေါ့ကွာ ... ငါက မင်းနှမကို ယူထားတာဆိုတော့ သမီးယောက်ဖ မျှတာရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား မနှင်း၊ ကိုမင်းက သဘောကောင်းပါတယ်ဗျ"

"ကဲပါ ... စကားများမနေနဲ့တော့ နောက်ကျနေဦးမယ်။ ကားတွေက ကျပ်ပါဘိသနဲ့"

"ပေး ပေး"

နေမဏိ မနှင်းလက်ထဲက ထမင်းချိုင့်ကို ယူပြီး ကိုမင်းသူနှင့် ထွက်လာခဲ့ကြတော့သည်။ ကားစောင့်ပြီး စီးကြတော့ မနှင်းပြောတာ မှန်လိုက်တာ။ ကားပေါ်မှာ လူတွေက ကျပ်နေသည်။ လူတွေက ကျပ်၊ ကားတွေကကျပ် ပူလိုက်တာကလည်း တောကအပူနှင့်မတူပေ။ တောက နေ၏အပူက သဘာဝအပူ။ ဒီမှာက တိုက်ကြီးတွေကြားမှာ လေဝင်ပေါက်မရှိရတဲ့အထဲ။

နေ၏အပူနှင့်အတူ ကားစက်တွေ၏ အပူရှိန်တွေကလည်း ဟပ်နေသည်ထင်ပါရဲ့။

"အံမယ်လေး"

"ဟင်"

"ဟူး"

"ဘာဖြစ်တာလဲ"

ကိုမင်းသူက လှည့်မေးလေလျှင် ...

"ပူလိုက်တာဗျာ"





ပြောပြီး အင်္ကျီရင်ဘတ်ကိုဆွဲဟပြီး ဖူးခနဲမှုတ်လေတော့ ကိုမင်းသူက ဘေးလူတွေကို တစ်ချက်ငဲ့ကြည့်ကာ ...

"လူမြင်လို့မကောင်းအောင် မလုပ်စမ်းပါနဲ့ နေမဏိရာ။ ပူနေတာ မင်းတစ်ယောက်တည်းမဟုတ်ဘူး"

"ဟာ ... ပူလို့ မနေနိုင်တာကို ဟန်ဆောင်နေရမှာလား ကိုမင်းရ၊ ဟူး ... တစ်ကိုယ်လုံး ကျက်တော့မလားမသိဘူး"

"ကျွတ် ... တော်တော် စကားများတဲ့ကောင်ပဲကွာ"

ကိုမင်းသူ ထပ်မပြောတော့ဘဲ တံခါးပေါက်ဘက်သို့ ပြန်တိုးသွားလေတော့ နေမဏိလည်း တိုးလိုက်ရလေသည်။ အိမ်မှာကတည်းက ကိုမင်းက မှာထားသည်လေ။ သူ့အရိပ်အခြေကိုကြည့်၍ လူတောထဲမှာ ပြောရင် မင်းသိက္ခာကျမှာစိုးလို့ မပြောဘူးတဲ့။ အခု ဆင်းရတော့မှာမို့လို့ တိုးသွားတာနေမှာပေါ့။

"အမေ့"

ကားကရပ်ပြီဆို တုံ့ခနဲ ရပ်သွားတာမို့ နေမဏိကိုယ်မှာ ယိမ်းယိုင်သွားလေသည်။

"နေမဏိ ဆင်းမယ်"

ကိုမင်းသူက လှည့်ပြောပြီး ဆင်းသွားပေမယ့် နေမဏိမှာ မဆင်းနိုင်သေးပေ။ ရှေ့မှာ လူတစ်ယောက်က ပိတ်ရပ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ဘိုလူဆင်းတော့ နေမဏိလည်း ဆင်းလိုက်လေလျှင် ...

"ဟာ ... ဘာလုပ်နေတာလဲ ဆင်းလေမြန်မြန်"

"ဟာ"

"ဟေ့လူ"

"အင့်"

နောက်ကနေ ကားစပယ်ယာ တွန်းချလိုက်တာမို့ နေမဏိ အောက်သို့ ရောက်သွားပုံက မသက်မသာပါ။ တွန်းချတဲ့အရှိန်ကြောင့် ခြေလှမ်းက အားလွန်ပြီး ကိုမင်းရင်ဘတ်နဲ့ ပြေးတိုက်ကာ နှစ်ယောက်သား ဖက်ထားလျက်သား ဖြစ်သွားလေလျှင် ...

"ဟေ့ ... အချင်းချင်း မပြစ်မှားနဲ့လေကွာ"

"လွတ်ထွက်သွားမယ် ဖက်ထား ... ဖက်ထား"

အရေးထဲ ကားစောင့်နေတဲ့လူတွေထဲက နောက်ကြသေး။ ကိုမင်းကတော့မသိဘူး နေမဏိ တော်တော်ဒေါသထွက်ကာ မျက်နှာ ဟုလည်း နီသွားလေသည်။

"တောက် ... စပယ်ယာစုတ် လူကိုတွန်းချပစ်ခဲ့တယ်။ အနားမှာသာရှိနေသေးရင် အရိုးတခြား အသားတခြား ဖြစ်အောင် သုပ်ပစ်လိုက်တယ်"

"စိတ်လျှော့ပါ နေမဏိရာ၊ ဘတ်စ်ကားတိုးစီးရတာ ဒီလိုပဲ။





အတွေ့အကြုံက တစ်နေ့နဲ့တစ်နေ့ မရိုးရဘူး။ ကိုယ်ပိုင်ကားမစီးနိုင် သရွေ့ကတော့ ဒီလိုဒုက္ခတွေ ခံနေရဦးမှာပဲ၊ စိတ်လျှော့ စိတ်လျှော့"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကို တွန်းချတဲ့စပယ်ယာကို ကျွန်တော်မကျေနပ်တာပါ"

"ကဲ ... တော်ပြီ၊ စပယ်ယာက သူ့အလုပ်သူလုပ်တယ်လို့ သတ်မှတ်လိုက်။ တို့လည်း ကိုယ့်အလုပ်ကိုယ်လုပ်ရအောင် သွားစို့"

ကိုမင်းသူ ရှေ့ကထွက်သွားလို့ နောက်ကလိုက်လာခဲ့ခြင်းမှာ စောစောက စတဲ့လူတွေကိုလည်း လှည့်ကြည့်ဖြစ်ခဲ့သေးသည်။ ယောကျ်ားချင်းတောင် အနောက်ခံရတဲ့အဖြစ်။ တွေးမိတိုင်း နေမဏိ ရှက်သလိုလို ဖြစ်နေတာလေ။ အလုပ်ထဲမှာ အလုပ်လုပ်နေရသည့် တိုင် ကားစပယ်ယာကိုပဲ မကျေမနပ်နဲ့ သတိရနေမိတာ။

နောက်ရက်တွေကျတော့ ...

သွားနေ လာနေကျပြီး နေမဏိ လူရည်လည်လာခဲ့ပါပြီ။ အစကတော့ ကိုမင်းသူပါမှ သွားတတ် လာတတ်တာလေ။ နောက် တော့ ကိုမင်းသူ မပါလည်း နေမဏိတစ်ယောက်တည်း သွားတတ် လာတတ်နေပါပြီ။ တစ်နေ့တစ်နေ့ ကိုယ့်လုပ်အားခလေးကို ရှာဖွေက် နေမိတာလည်း အမောပါ။

လက်ထဲမှာ ပိုက်ဆံလေးစုမိဆောင်းမိရှိတာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီပိုက်ဆံကို ဘယ်လိုအရင်းအနှီးလုပ်ပြီး ဒီထက်ဝင်ငွေကောင်းတဲ့အလုပ်လုပ်ဖို့လည်း စဉ်းစားရသေးသည်။ အဖြေကတော့ အခုထိမထွက်သေးပါဘူး။

"နေမဏိ"

"..............."

"ဟဲ့ နေမဏိ"

"ဗျာ မနှင်း"

"နှင့်မှာလည်းဟယ် ... တစ်နေ့ တစ်နေ့ အဲဒီပိုက်ဆံတွေ ပွတ်ရေနေရတာ အလုပ်တစ်လုပ်ပါလား။ ဘာလဲ စိတ်မချလို့ တစ်နေ့တစ်ခါ ရေနေတာလား"

"အာ ... မဟုတ်ပါဘူး မနှင်းရာ။ ကိုယ့်ချွေးနဲ့စာလေးမို့လို့ ပိုက်ဆံရေပြီး တစ်နေ့တစ်ခါ ပီတိဖြစ်နေတာပါဗျ"

မနှင်းက မျက်စောင်းထိုးလိုက်ပြီး ...

"ခုတော့ ပိုက်ဆံကို တန်ဖိုးထားရကောင်းမှန်း သိပြီလား။ ဟင်။ တောမှာတုန်းကတော့ အစ်ကိုတွေရှာတာကို လက်ဖြန့်ပြီး တောင်းသုံးလာတာ ငွေလုပ်စက်ရှိနေတဲ့အတိုင်းပဲမို့လား။ အခု ကိုယ်ကိုယ်တိုင်ရှာရတော့ ပိုက်ဆံတစ်ထောင် အကြွေပျက်သွားမှာကိုတောင် စိုးရိမ်ပြီး နှမြောနေလိုက်တာ ပြောကိုမပြောချင်ဘူး"





"ဒါကတော့ ကိုယ့်ရည်မှန်းချက်နဲ့ကိုယ်ကိုး မနှင်းရဲ့"

"ဟင်"

ရည်မှန်းချက်ဆိုတော့ မနှင်း မျက်မှောင်ကြုတ်၍ နေမဏိကို ကြည့်လေသည်။ ရွာမှာတုန်းက အစ်ကိုတွေကို ကူညီလောင်ဖက်မလုပ် ရပ်ရေးရွာရေးလောက်သာ လုပ်ပြီး အပေါင်းအသင်းတွေနဲ့ အချိန်ဖြုန်းနေတဲ့ကောင်က အခု ရည်မှန်းချက်ရှိတယ်တဲ့လေ။ ရွာမှာတုန်းက ပိုက်ဆံသုံးကြမ်းတယ်တဲ့။

အခုများတော့ ...

ပိုက်ဆံတစ်ထောင်သုံးဖို့ကို ဘယ်ပြန်ညာပြန်အခါခါကြည့်ပြီး သက်ပြင်းချပြီးမှ သုံးတာပါ။ ထူးဆန်းတွေလာပါပဲ။ ဖြစ်နိုင်ရင် ပိုက်ဆံမကုန်အောင် မျက်ချေးတောင် ငါးပိလုပ်စားမလားမသိပါဘူး။

"ငါ့မောင် ဒီလောက်ပြောင်းလဲသွားတာ ပြောစမ်းပါဦး နှင့်ရဲ့ မဟာရည်မှန်းချက်ပန်းတိုင်ကြီးကို။ ဘယ်လောက်တိုပြီး ဘယ်လောက်ရှည်သလဲ သိချင်လို့ပါ"

"မနှင်း အဲဒါတော့ ကျွန်တော့်ကိုရွဲ့တာ"

"မရွဲ့ရပါဘူးဟယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ။ ငါက တကယ်သိချင်လို့ မေးတာပါဟဲ့"

တကယ်သိချင်တာဆိုတော့လည်း ပြောပြရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . ပြောပြရမှာတော့ ခပ်ခက်ခက်ပါ။ ဘာလို့လဲဆိုရင် ကိုယ့်ရည်ရွယ်ချက်က သူများတွေအတွက် အကြွားမတော်ဖြစ်မှာ လေ။ ကိုယ့်အတွက်ကတော့ အာဃာတတွေ မာနတွေ ဝှိမ်းကျုံထား ခြင်းနဲ့ပေါ့။

အဟွန်း . . .

ဖားတုပြီး ခရုခုန်ရင် အိုင်ပွက်ရုံပဲရှိမယ် အနှစ်နှစ်ဆယ် ကြိုးစားကြည့်လိုက်တဲ့။ လူတစ်ဖက်သားကို အထင်သေးတတ်တဲ့ ဒေါ်တင်မလတ်နဲ့ ကိုယ့်ကိုမတူမတန်သလို ဆက်ဆံခဲ့တဲ့ နှင်းမပော် တစ်နေ့ နေမထိက ဘယ်လိုကောင်မျိုးလဲဆိုတာ သိစေရမယ်။

"ဘာလဲ . . . နှင် ကိုကောင်းနဲ့ လမင်းကို ပင်ပင်ပန်းပန်းလုပ် နေရတာ မကြည့်ရက်လို့ ရှုံ့ထဲ နှံ့ထဲကနေ ဆွဲတင်ချင်နေတာလား။ ဟုတ်လား နေမထိ"

"အဲဒါလည်း အဲဒါပေါ့။ ပြီးတော့"

စကားစကိုဖြတ်ထားပြီး ပိုက်ဆံတွေကို ငုံ့ကြည့်လေလျှင် . .

"ပြီးတော့ ဘာဖြစ်လဲ"

"မိန်းမယူမလို့"

"ဟယ်"

ခင်နှင်း အံ့ဩသွားရသည်သာ။ နေမထိပါးစပ်ကနေ မိန်း





ကလေးတစ်ယောက်အကြောင်း စိတ်ဝင်စားစွာပြောတာ တစ်ခါမှ မကြားမိပါပဲ။ ခုတော့ ကောက်ကာငင်ကာ ပြောလိုက်တာ မိန်းမယူ မလို့တဲ့လေ။

ဒါ

နောက်တာလား။ တကယ်လားဆိုတာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ကိုမင်း . . . ကိုမင်း"

". . . . . . . . . . . . . . ."

"ကိုမင်း . . . ထတော့လေ"

ခင်နှင်းတစ်ယောက် ထမင်း ဟင်းတွေ စောစောထချက်ပြီးလို့ ထုံးစံအတိုင်း ယောက်ျားလုပ်သူကို နှိုးလေတော့သည်။ ခါတိုင်းဆို သူကပဲအရင်နိုးပြီး နှင်းကို ထမင်းဟင်းတွေချက်ဖို့ နှိုးရသည်လေ။ ပြီးမှ သူက ပြန်အိပ်ချင်အိပ်တာပါ။ အခု သူမနိုးသေးလို့ နှင်းပဲ လာနှိုးရတော့တာပေါ့။





အိပ်ပုပ် နေမထိကောင်း။

ဒီနေ့ နိုးနေလို့ ရေတောင်ချိုးနေပါပြီ။ သူက အခုထိ အိပ်ရာက မနိုးသေးတော့ နှိုးရပြီပေါ့။

"ကိုမင်း"

". . . . . . . . . . . . . . ."

"ကိုမင်း နေမထိတောင် နိုးနေပြီ ကိုမင်းရဲ့။ ထတော့ ထတော့"

"အင်း . . . ဟင်း ဟင်း"

". . . . . . . . . . . . . . ."

"အား . . . ကျွတ် ကျွတ်"

"ဟင်"

ကိုမင်းဆီမှ ညည်းညူသံကြားရသဖြင့် နှင်း ခင်ပွန်းမျက်နှာကို ငုံ့ကြည့်လိုက်မိသည်။ ကိုမင်း ခါတိုင်းဆို ဒီအချိန်ထိ မအိပ်တတ်ပါဘူး။ တစ်ခါတစ်ရံ အိပ်ပျော်လွန်းသည့်ရှိရင်တောင် နှိုးလိုက်တာနှင့် ချက်ချင်းနိုးပြီး ထထိုင်တတ်သူပါ။ အခု ညည်းလည်းညည်းနေသည် ဆိုတော့ နေမကောင်းလို့များလား။ စိုးရိမ်စိတ်နှင့် နဖူးကိုလက်နှင့် စမ်းကြည့်လိုက်တော့ . . .

ဟုတ်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်း ကိုယ်တွေ့ပူနေပါလား။

"ကိုမင်း . . . ကိုမင်း"

"အင် . . . ဟင်"

"ကိုမင်း . . . နေမကောင်းဘူးလားဟင်"

ဒီတော့မှ ကိုမင်း မျက်လုံးကို ဖွင့်ကြည့်ပြီး . . .

"နှင်း"

"ကိုမင်း နေမကောင်းလို့လား"

"အင်း . . . ဘာဖြစ်တာလဲမသိဘူး။ တစ်ကိုယ်လုံး ကိုက်ခဲနေတာပဲကွာ။ အား . . . ကျွတ် ကျွတ်"

"ဒါဆို ဆေးခန်းသွားပြမှ ဖြစ်မှာပေါ့ကိုမင်းရဲ့။ ထ ထ၊ ပြီးရင် ဆေးခန်းသွားရအောင်။ အလုပ်ကိစ္စ နေမဏိကို မျက်နှာလွှဲလို့ရရင် မှာစရာရှိတာ မှာလိုက်ဦး"

ပြောပြီး ကိုမင်းကိုယ်ပေါ်က စောင်ကို ခွာပေးလိုက်တော့ ကိုမင်းက ထထိုင်လေသည်။

"နေမဏိ နိုးနေပြီလား"

"နိုးနေတာကြာပေါ့။ စာစောကရေချိုးနေတယ်။ ခုလောက်ဆို ပြီးရောပေါ့"

"အင်း အင်း . . . ဒါဆို သူ့ကိုပဲ မှာစရာရှိတာ မှာလိုက်မှပါ။





ကိုယ်ကတော့ ဘယ်လိုမှ လိုက်နိုင်တော့မှာ မဟုတ်ဘူး"

ကိုမင်းသူ့ ထရပ်လိုက်စဉ်မှာပဲ နှင်းက အရင်ထွက်သွားလေသည်။ သူမ ထွက်လာတော့ နေမဏိက အလုပ်သွားဖို့ အဆင်သင့်ဖြစ်နေတဲ့ပုံပါ။

"မနှင်း ကိုမင်း မနိုးသေးဘူးလား"

"နိုးနေပါပြီ၊ ဒါပေမဲ့ . . . ဒီနေ့ သူ အလုပ်ဆင်းနိုင်မှာ မဟုတ်ဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"

"နေမကောင်းလို့လေ၊ နင့်ကိုပဲ မှာစရာရှိတာ မှာလိုက်တော့မယ်တဲ့။ ဟော . . . ပြောရင်းဆိုရင်း ဟိုမှာလာပြီ"

နေမဏိ မနှင်းပခုံးကိုကျော်၍ ကြည့်လိုက်ပြီး . . .

"ဟုတ်လား . . . ကိုမင်း နေမကောင်းလို့ဆို။ ဘာဖြစ်တာလဲ"

"အေး . . . ဟုတ်တယ်ကွ၊ ဘာဖြစ်လဲဆိုတော့ တစ်ကိုယ်လုံး ကိုက်ခဲနေတာ ဖျားချင်လို့လားမသိပါဘူးကွာ"

"ဖျားချင်လို့လားမဟုတ်ဘူး ဖျားကိုနေတာပါ။ ကဲ . . . နေမဏိကို မှာစရာရှိတာမှာ၊ သူ အလုပ်နောက်ကျနေဦးမယ်။ ပြီးရင် ဆေးခန်းသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမစကား နားထောင်ပြီးက သံပြားကျောက်ဆောင် ကျို သော်ပျောင်းခဲ့လို့ ရှိရင်းစွဲစကားပုံကို ပြောင်းပြန်လှန်ရမလိုပါ။ ကိုမင်းက နေမဏိကို မှာစရာရှိတာတွေမှာပြီးနောက် . . .

"ကဲပါ . . . ကိုမင်း နေမကောင်းဖြစ်နေတာ ဆေးခန်းသွား။ ပြီးရင် စိတ်ချလက်ချ အနားယူလိုက် ဟုတ်ပြီလား။ အလုပ်ကိစ္စအတွက်တော့ စိတ်ချပါ"

"အေးပါ . . . မင်းကိုငါ စိတ်ချပါတယ်"

"ဒါဆို ကျွန်တော် သွားတော့မယ်"

နေမဏိ ပြောပြီး ထမင်းချိုင့်ကို ဆွဲ၍ ထွက်လာခဲ့တော့သည်။ ကိုယ်က သူများဆီက ငွေကိုယူတဲ့နေရာမှာ တန်အောင်တော့ လုပ်ပေးရမှာပေါ့။ ကိုယ့်လုပ်အားနဲ့ တန်သလောက် ပြန်ပြီးပေးဆပ်ချင်မှုသည် အလုပ်ကြိုးစားသည်ဆိုသော ဂုဏ်ဖြင့် . . .

နေမဏိကို . . .

အချင်းချင်းကာစ လေးစားယုံကြည်ကြသည်သာ။

* * *



## အခန်း (၁၅)

နေ့တိုင်းဆို အလုပ်သွားရင် ကိုမင်းနဲ့ နေမဏိ စကားတပြောပြောနဲ့ပေါ့။ ဒီနေ့တော့ နေမဏိတစ်ယောက်တည်းမို့ တိတ်ဆိတ်စွာ လျှောက်လှမ်းလာတဲ့ ခြေလှမ်းတွေက နေ့တိုင်းထက် ပိုမြန်နေသလိုပါ။ သူ့ အလုပ်နောက်ကျနေမှာစိုးလို့လေ။ ကိုမင်းမှာတာတွေ နားထောင်နေရတာနဲ့ နည်းနည်းနောက်ကျသွားတာ။

နောက်ကျလည်း အလုပ်မှာ ပြဿနာမရှိပေမယ့် . . .

အချိန်ရှိရိုက် လုံ့လစိုက်ဆိုတာမျိုး နေမဏိက အချိန်နဲ့အလုပ်ကိုတန်ဖိုးထားလေးစားသူပါ။ နေမဏိ ရှေ့တူရူသို့ လှမ်းအကြည့်



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အား"

ကလေးတစ်ယောက်ကို ကားတစ်စီးက ပွတ်တိုက်မိမလို ဖြစ်ပြီး ကလေးက ကြောက်အားလန့်အားနှင့် နောက်သို့အဆုတ်မှာ စက်ဘီးတစ်စီးကလည်း အရှိန်နှင့်နင်းလာသည်မို့ ကလေးကို စက်ဘီးနှင့် တိုက်မိသွားခြင်းပါ။ နေမကြီ ပြေးသွားလိုက်ပြီး ကလေးကိုထူဖို့ထက် ကားသမားနဲ့ စက်ဘီးသမားကိုသာ အာရုံစိုက်၍ ...

"ဒီလောက်တောင်ပဲ ကားမောင်းတာ ပရမ်းပတာနဲ့။ ကားရပ် အခုရပ်နော်"

"..........."

"ကားသမား ရပ်ဦး"

ကားရပ်ထားတာမြင်လျှက်နှင့် ရပ်ဦးဆိုတော့ ဒေါသဖြစ်ကာ ကားတံခါးကို တွန်းဖွင့်ဆင်းလိုက်၏။ တစ်ခုခုပြောဖို့ ဆတ်ခနဲ မော့ အကြည့် ...

"ဟင်"

"................."

"နင် နင်"

"ခြောက် ... ဘယ်သူများလဲမှတ်တယ်။ လတ်စသတ်တော့





မင်းပါလား နင်းမပေါ်။ ဟုတ်တယ်မို့လား ဟုတ်ပါတယ်၊ မင်း နင်းမပေါ်ပါ"

"နေမကြီ"

"အစစ်အမှန်ပဲ ရေမရောပါဘူး"

"အား ... အမယ်လေး"

အော်သံကြားမှ လှည့်ကြည့်လိုက်မိ၏။ ကလေးကိုထူပေးဖို့ဟာ သူ့ ထူမပေးဖြစ်တော့ စက်ဘီးသမားကပဲ ဆွဲထူပေးနေတာလေ။

"တော်တော်နာသွားသလားကလေး"

"နာတာပေါ့ဗျ၊ ခြေထောက်ကလည်း နာတယ်၊ တံတောင်ကလည်း နာတယ်"

"ဟာ ... အေး တံတောင်မှာ သွေးတွေထွက်နေတာပဲ"

လဲအကျမှာ တံတောင်နှင့်ထောက်မိတော့ တံတောင်ဆစ်မှ စုတ်ပြဲပြီး သွေးထွက်နေတာပါ။ ကလေးက တံတောင်ကသွေးကိုသုတ်ရင်း မျက်ရည်တွေကျလာလေသျှင် ...

"ငါလည်း မင်းကို တိုက်မိမှာစိုးလို့ ဆင်းလိုက်ပေမယ့် နောက်ကျသွားတယ်ကွာ။ မငိုပါနဲ့ကွာနော်၊ မင်းနာသွားတာ ဘယ်လိုလုပ်ပေးရမလဲ မသိတော့ဘူး"

"ကျွန်တော် နာလို့ငိုတာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကလေးက ကျကွဲနေတဲ့ ကြက်ဥလေးတွေကိုကြည့်ပြီး မျက်ရည်ကျလေသည်။

"ဒါဆို ဘာလို့ငိုတာလဲ ကလေးရဲ့"

"ကျွန်တော့်ကြက်ဥတွေ ကျကွဲသွားပြီ။ ကျွန်တော့်မှာ ပြန်ဝယ်စရာ ပိုက်ဆံ မရှိလို့ပါ"

နေမဏိ ချက်ချင်းပဲ ကလေးရဲ့အနားမှာ ထိုင်ချလိုက်ပြီး . . .

"အဲဒီအတွက် စိတ်မပူပါနဲ့ကွာ။ အစ်ကို ပြန်ဝယ်ပေးပါ့မယ်။ ဒါနဲ့ မင်း ထနိုင်ရဲ့လား"

သူပြောမှပဲ ကလေးက သတိရပြီး ထကြည့်လေလျှင် . . .

"အား"

"ဟင်"

နေမဏိ ကလေးကိုထိန်းပေးလိုက်ပြီး . . .

"မဖြစ်ဘူး . . . မင်း ဆေးခန်းသွားမှဖြစ်မယ်"

"ဗျာ"

ဗျာဆိုပြီး မျက်လုံးဝိုင်းသွားသူက စက်ဘီးသမားပါ။ တိုက်မိတာက သူစက်ဘီးနဲ့ဆိုတော့ ကောင်လေး ဆေးခန်းသွားဖို့ သူ့မှာ တာဝန်ရှိနေမလား။ လက်က အင်္ကျီအိတ်ထဲကိုနှိုက်ပြီး ပြန်ထွက်လာတော့ တစ်ထောင်တန်အသစ်ကလေးတစ်ရွက်ပါ။ သူ့မှာ ပိုက်ဆံဆိုလို့





ဒါပဲရှိတာလေ။ အလုပ်က ခုမှသွားလုပ်ရမှာဆိုတော့ ဘယ်လိုလုပ်ပြီး ပိုက်ဆံရှိမှာတဲ့လဲ။

နေ့စားအလုပ်ဆိုတော့ . . .

တစ်နေ့လုပ်မှ တစ်နေ့စား။ မနေ့ကလုပ်အားခသည် အိမ်မှာ စားစရိတ်အတွက် ထားခဲ့ပြီး ပိုလျှံတာက ဒီတစ်ထောင်။

"ဆေးခန်းသွားရင် အစ်ကို့မှာ"

နေမဏိ သဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် နှင်းမဟော်ကို လှည့်ကြည့်လိုက်ပြီး . . .

"နှင်းမဟော်"

". . . . . . . . . . . . . ."

"ဒီကိစ္စ နှင့်မှာတာဝန်ရှိတယ်နော်။ ဒီကလေးကို ဆေးခန်းပို့ပေးမှဖြစ်မယ်"

"ဟာ . . . ဘာဆိုင်လို့လဲ။ သူ့ကို ငါ့ကားနဲ့တိုက်မိတာမှ မဟုတ်တာ။ စက်ဘီးနဲ့တိုက်မိတာလေ၊ အနေသာကြီး"

"နှင်းမဟော်"

ချက်ချင်းပဲ နေမဏိ ထရပ်ပြီး နှင်းမဟော်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ကိုယ်ချင်းမစာ ပြောတတ်လိုက်တဲ့ပါးစပ်။

"နှင် အဲဒီလို တာဝန်မဲ့တဲ့စကားမျိုး မပြောနဲ့ နှင်းမဟော်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးက နင့်ကားကိုရှောင်ရင်း စက်ဘီးနဲ့တိုက်မိသွားတာ။ သူ မရှောင်ရင် အခြေအနေက ဒီထက်ပိုဆိုးမယ်ဆိုတာ သဘောပေါက်။ နင့်အတွက် ပိုက်ဆံတစ်သိန်း ကုန်သွားလည်း မဆန်းဘူးမို့လား။ အေး ... သူတို့အတွက်က တစ်သောင်းလောက်ရဖို့ မနည်းရှာရတာ"

"အဲဒါ သူတို့ကိစ္စလေ၊ ငါနဲ့ဘာဆိုင်လို့လဲ။ ဘာလဲ ... ငါက သူတို့ဝင်ငွေကောင်းအောင် အလုပ်ရှာပေးရမှာလား"

နေမဏိစိတ်ထဲမှာ တင်းခနဲဖြစ်သွားလေသည်။ အဆင့်အတန်းဆိုတာ ဘာကိုခေါ်ပါသလဲ။ ကိုယ်ချင်းစာတရားကင်းမဲ့ပြီး တစ်ဖက်သားရဲ့အခက်အခဲကို လျစ်လျူရှုချင်တာ အထက်တန်းစားတွေရဲ့ စိတ်ဓာတ်လား။

"နင် စကားကိုကပ်မပြောနဲ့ နှင်းမပော်။ ဒီလိုဖြစ်သွားခြင်းရဲ့ အဓိကတရားခံက နင်။ နင် ကားကို မဆင်မခြင်မောင်းလို့ဖြစ်တာ။ သူများတွေဆို ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတောင် ကူညီတတ်ကြတာ။ နင့်ကျမှ တော်တော်ကိုယ်ချင်းစာစိတ်ကင်းမဲ့တာပဲ"

"ဘာ"

"ဒီကိစ္စ အကျယ်တဝင့်ဖြစ်ချင်ရင်တော့ နေလေ၊ ငါလည်း လုပ်စရာရှိတာကိုလုပ်ရမှာပဲ"





"နေပါဦး"

ဒီလိုကျတော့ နှင်းမပော် ပျာပျာသလဲ ဖြစ်သွားလေသည်။ တကယ်ဆိုရင် သူပြောတာ ဟုတ်တော့ဟုတ်နေသားပဲ။ မပော်က အရမ်းကြီး ကားမောင်းကျွမ်းနေတာ မဟုတ်ပေ။ ကလေးကသာ မရှောင်ရင် တိုက်မိမှာကြိမ်းသေပါပဲ။

"ကောင်းပြီ ... သူ့ကို ငါ ဆေးခန်းပို့ပေးမယ်"

ဒီတော့မှ စက်ဘီးသမားမှာ 'ဟင်း' ချလေတော့သည်။

"အဲဒီလို စိတ်ကောင်းလေးမွေးစမ်းပါ"

ပြောပြီး နေမဏိ ကောင်လေးဆီသို့ ပြန်လှည့်သွားကာ ...

"ကဲ ညီလေး ... လာ ကားပေါ်တက်"

ကားပေါ်သို့ ကလေးကို တွဲတင်လိုက်တော့ စက်ဘီးသမားမှာလည်း သူစက်ဘီးလေးနင်းကာ ထွက်သွားလေတော့သည်။ နေမဏိပါ ကားပေါ်မှာထိုင်လိုက်တော့ ...

"နေမဏိ"

"ပြော"

"နင်ပါ လိုက်မှာလား"

"ဟုတ်တယ်လေ၊ ငါပါလိုက်မှဖြစ်မှာပေါ့"



၄

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျွတ် နင်က ဘာလိုက်လုပ်မှာလဲ။ မလိုက်နဲ့။ ဒီကလေးကို ဆေးခန်းပြပြီး ငါ အိမ်ရောက်အောင် ပြန်လိုက်ပို့မှာ"

"နိုး နိုး ... အဲဒီလိုပြောတာနဲ့ ငါယုံမယ်ထင်လို့လား။ နင့်-လို ကိုယ်ချင်းစာတရားခေါင်းပါးတဲ့သူက ဒီကလေးကို ကြင်ကြင်နာနာ ယုယုယယနဲ့ ရှိမှာတဲ့လား။ ငါ့ကွယ်ရာမှာ ဒီကလေးကို နင် ဘယ်လို ဆက်ဆံမှာလဲ။ ငါစိတ်မချပါဘူး။ ငါပါလိုက်မှဖြစ်မှာ"

"နေမထိ"

မဟော့်ခေါ်သံက မာသည်ထက်မာသွားလေသည်။ သူပြောနေပုံက ကိုယ်ကပဲ မိန်းမကြမ်းကြီးကျလို့။ တကယ်တော့ မဟော်က မိန်းကလေးပဲလေ။ ရင်ထဲမှာ အကြင်နာတရားနဲ့ သနားတတ်တဲ့စိတ် ရှိတာပေါ့။ သူ့ရှေ့မှာမို့လို့ ထော်လော်ကန့်လန့် ပြောနေမိတာကိုပဲ ကိုယ့်ကို အကြင်နာတရားကင်းမဲ့တဲ့မိန်းမ ဖြစ်နေပြီ။

"ပြောလေ ခေါ်ပြီး ဘာမှမပြောဘူး"

"ပြောချင်စိတ်ကို မရှိတော့တာ"

"ပြီးတာပဲ"

မဟော် ဘာမှ မပြောတော့ဘဲ ကားပေါ်သို့တက်၍ မောင်းထွက်ခဲ့တော့သည်။ ရေစက်က မကုန်နိုင်သေးပါလား။ သူနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတယ်လို့။ သူနဲ့မတွေ့ဖြစ်တာ အတော်ကြာပြီ





ပေမယ့် ပေးထားတဲ့ကတိကိုတော့ မဟော်မမေ့ပေ။ အချိန်ဆယ်နှစ် ပေးပါတဲ့။

မဟော် ...

မဲ့ပြုံး ပြုံးလိုက်မိ၏။ အချိန်ဆယ်နှစ်အတွင်းမှာ သူ ဘယ်လို ပြောင်းလဲပစ်မှာလဲ။ အခုထိတော့ ဘာပုံမှ မပေါက်သေးပေ။

"အစ်ကို"

"................"

"သားမေ့နေတာ၊ အခုလောက်ဆို အမေနဲ့ကျွန်တော့်ညီမလေးတွေ ကျွန်တော့်ကို မျှော်နေရော့မယ်။ အမေစိတ်ပူပြီး လိုက်ရှာနေရင်တော့ ဒုက္ခပါပဲ။ အမေက ကျန်းမာရေးမကောင်းဘူး အစ်ကိုရဲ့"

နေမထိ ကောင်လေးကိုကြည့်ပြီး ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားလေသည်။ လူတွေရဲ့ မတူညီတဲ့ဘဝတွေမှာ အချို့ဘဝတွေက ချိုပြီး အချို့ဘဝတွေက တော်တော်ခါးပါလား။

"မင်း အိမ်နဲ့အနီးအနားက အိမ်တွေမှာ ဖုန်းတွေရှိမှာပေါ့။ မင်းဖုန်းနံပါတ်တစ်ခုခုသိထားတာရှိလား။ ငါ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြပေးမယ်လေ"

"အာ ... ဟုတ်သားပဲ ကျွန်တော်မေ့သွားတာ။ ရှိတယ် အစ်ကို။ ဘေးအိမ်က ဖုန်းနံပါတ် ကျွန်တော် သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးပြောတော့ နေမထီ ကိုယ့်ဖုန်းကို ထုတ်လိုက်ပြီး ...

"ကဲ ... နံပါတ်ပြော"

ကောင်လေးပြောတဲ့ ဖုန်းနံပါတ်ကိုခေါ်ပြီး နေမထီ အကျိုးအကြောင်းပြောပြလိုက်လေသည်။ ကိုယ်မသိနားမလည်တဲ့ ဘဝခါးခါးထဲက ဒီကလေးမျိုးတွေ တစ်နေ့နေ့မှာ ရှန်းထွက်ပြီး ချိုမြိန်ကြပါစေ။

* * *



## အခန်း (၁၆)

ကောင်လေးကို ဆေးခန်းလိုက်ပြပေးပြီး မဟော်နဲ့အတူတူ ကောင်လေးကို အိမ်အထိပြန်ပို့ပေးကြလေသည်။ ကောင်လေး အိမ်ကို ရောက်တော့ မြင်ရတွေ့ရသမျှ စိတ်မချမ်းသာစရာတွေပါ။ အမေလုပ်သူက ကျန်းမာရေးမကောင်းရှာတာ တကယ်ပဲလေ။

"အဟွတ် အဟွတ် အဟွတ်"

"အမေ"

"အဟွတ် အဟွတ်"

နေမထီ မဟော်ကို လှည့်ကြည့်လိုက်တော့ ကော်ရှူးစနှင့်



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကို ပိတ်ထားလေသည်။ ဒီလိုလုပ်ရမလားလို့ မပြောချင်တော့ပါဘူး။

"အမေ ဘယ်လိုနေသေးလဲဟင်၊ နေရတာ သက်သာရဲ့လား"

"ဒီလိုပါပဲ သားရယ် . . . အဲဒါထားပါ။ သားကို အမေစိတ်ပူနေတာ သားရဲ့။ ဆေးခန်းတောင်မှ သွားရတယ်ဆိုတော့ ဘယ်လောက်တောင်ဖြစ်သွားလဲလို့ စိုးရိမ်နေတာ"

"မစိုးရိမ်ပါနဲ့ အမေရဲ့၊ သား ဘာမှမဖြစ်ပါဘူး။ နည်းနည်းပါးပါးပါ။ ဒါနဲ့ အမေ ဆေးသောက်ပြီးပြီလားဟင်"

"သောက်ပြီးပါပြီ သားရယ်"

"ကိုကို"

ကောင်လေးအနားကို ရောက်လာတာသည် ၈ နှစ်အရွယ် ကလေးမလေးနှင့် တစ်ယောက်ကတော့ ၅ နှစ် ၆ နှစ်အရွယ်လေးပါ။

"ဒါလီက မိုက်ဆာလို့တဲ့ ကိုကို၊ စောစောက ငိုနေတာ"

"ဟုတ်လား"

"ဟုတ်တယ် သားရယ်၊ ကိုယ်ထဲလက်ထဲမှာ နေလို့မကောင်းတဲ့အထဲ သားကို စိတ်ပူရတာကတစ်မျိုး။ ဒင်းကလည်း မိုက်ဆာလို့ဆိုပြီး ငိုနေတာလေ"





ကောင်လေးက သူ့ညီမလေးကိုကြည့်ပြီး ခပ်တွေတွေလေး ဖြစ်သွားလေသည်။ နေမစီ သဘောပေါက်လိုက်ပြီး ပိုက်ဆံတစ်ထောင်ကို ပိုက်ဆံအိတ်ထဲမှထုတ်၍ . . .

"ညီလေး"

"ဗျာ"

"ရော့ . . . မင်း ညီမလေးတွေကို တစ်ခုခုဝယ်ကျွေးလိုက်ပါ"

"မီးမီးဝယ်တတ်တယ် . . . မီးမီးသွားဝယ်မယ်"

"သရစီ"

ကောင်လေး အသံမာမာနှင့် ခေါ်လိုက်တော့ သရစီ ခေါင်းငုံ့သွားလေသည်။ ကောင်လေးပုံစံက ဆင်းရဲပေမယ့် သူများပေးတိုင်းမယူ၊ ကျွေးတိုင်းမစား။ အချိုအချောင်ရတိုင်း မယူတတ်တဲ့ပုံလေးပါပဲ။ ဒီစိတ်ဓာတ်မျိုးကို နေမစီ သဘောကျသည်လေ။ ထို့ကြောင့် သရစီလက်ကလေးကိုဆွဲယူပြီး ပိုက်ဆံတစ်ထောင် ထည့်ပေးလိုက်ကာ . . .

"ဝယ်တတ်ရင် မုန့်သွားဝယ်စားနော် မီးမီး"

သရစီ အစ်ကိုဖြစ်သူကို မော့ကြည့်ပြီး ဟိုက ဘာမှမပြောတော့မှ ညီမဖြစ်သူကိုခေါ်ပြီး ထသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ကွယ် မောင်"

"ကျွန်တော့်နာမည် နေမဏိပါ အန်တီ"

"ဪ . . . အေး . . . ကျေးဇူးတင်ပါတယ် မောင်နေမဏိ ရယ်"

"ရပါတယ် အန်တီ၊ ဒါနဲ့ညီလေး"

"ဗျာ"

"အစ်ကို မင်းကို ကြက်ဥပြုတ်နဲ့ဝယ်ပေးမလို့ မေ့သွားတာ။ ညီလေးသွားဝယ်လိုက်နော်။ အစ်ကို ပိုက်ဆံပေးခဲ့မယ်"

နေမဏိ နောက်ထပ် တစ်ထောင်တန်တစ်ရွက် ထပ်ပေးလေလျှင် ကောင်လေးက လက်ကာပြီး . . .

"နေပါစေ အစ်ကို၊ ကျွန်တော် မယူတော့ပါဘူး"

"ယူပါကွာ၊ မယူလို့ မင်း ဘယ်လိုလုပ်ဖြစ်မှာလဲ"

မင်းမှာ ဝယ်ဖို့ပိုက်ဆံရှိလို့လားလို့ မမေးတော့ပါဘူး။ မရှိနိုင်ဘူးဆိုတာ ရိပ်မိပေမယ့် အဲဒီလိုပြောလိုက်ရင် တစ်ဖက်သားကို နှိမ့်ချပြောရာကျမည်လေ။ သူ ကောင်လေးလက်ထဲကို ပိုက်ဆံထည့်ပေးပြီးနောက် . . .

"နှင်းမဟော်"

"ဟင်"





"နှင့်ပိုက်ဆံအိတ် ပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

"ပေးစမ်းပါ ခဏ"

မဟော် နားမလည်နိုင်စွာနှင့်ပဲ ပိုက်ဆံအိတ်ကို ပေးလိုက်လေသည်။ နေမဏိက ပိုက်ဆံအိတ်ကို ဖွင့်လိုက်ပြီး ငါးထောင်တန်နှစ်ရွက်ကိုထုတ်ယူလိုက်ကာ . . .

"ရော့ အန်တီ . . . ဒါ အန်တီအတွက် ဆေးဖိုးဝါးခ ကူညီတာပါ"

"အားနာစရာကွယ်"

"အားမနာပါနဲ့ အန်တီ၊ ကျွန်တော်တို့က တတ်နိုင်သလောက် ကူညီတာပါ"

"ကျေးဇူးတင်ပါတယ် မောင်နေမဏိရယ်။ တကယ်ပါ၊ အန်တီ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းကို မသိတော့ပါဘူးကွယ်"

ပိုက်ဆံတစ်သောင်းပေးလိုက်တာကို တစ်သက်စားမကုန်လောက်အောင်ကို ဝမ်းသာပီတိဖြစ်သွားတဲ့မျက်နှာကိုကြည့်ပြီး နေမဏိရင်ထဲမှာလည်း ပီတိဖြစ်ရသည်သာ။

"အန်တီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးနော်"

"ကောင်းပါပြီကွယ်၊ မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ။ တစ်နေ့တခြား လုပ်ကိုင်စီးပွားတိုးတက်ပြီး ကြီးတိုင်းအောင်လို့ဆောင်တိုင်းမြောက်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အန်တီ"

ပြောပြီး နေမဏိ ထရပ်လေတော့ နှင်းမယော်လည်း ထရပ်လေသည်။ စိတ်ထဲမှာ မကျေနပ်တာကို အခု မပြောသေးပါဘူး။ ပြီးမှ ပြောတော့မည်လေ။

"ညီလေး"

"ဗျာ"

"အစ်ကိုတို့ သွားတော့မယ်နော်"

"ဟုတ်ကဲ့ပါ အစ်ကို"

နှစ်ယောက်သား နှုတ်ဆက်ပြီးထွက်သွားကြတော့မှ ဆုတစ်ခုပေးဖို့ မေ့နေတဲ့ ဒေါ်ခင်ဝင်း နှုတ်မှ ...

"ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်"

"အမေ"

"ဟင် ... ဘာလဲ သား"





"အမေ ဘာဆုတွေပေးနေတာလဲ။ သူတို့က လင်မယားမဟုတ်ဘူး အမေရဲ့"

"ဟင် ... မဟုတ်ဘူးလား"

"မဟုတ်ဘူးလေ"

"မသိပါဘူး သားရယ်။ အမေက လင်မယားမှတ်လို့ပါ"

ကျန်ခဲ့တဲ့သားအမိမှာ သားကအမေကို သူ တွေ့ကြုံခဲ့သမျှရှင်းပြနေပြီး ထွက်လာတဲ့နှစ်ယောက်မှာတော့ ...

"နေမဏိ"

"ဘာလဲ"

"နင်ကလေ တကယ့်လူပဲသိလား။ အလှူရှင်လက်ဖက်နဲ့လောကွပ်လုပ်တယ်ဆိုတာ ဒါမျိုးပဲ"

"နင် ဘာကိုပြောတာလဲ ရှင်းရှင်းပြောစမ်းပါ"

"ငါပြောတာ ရှင်းရှင်းလေးပါ။ ဟိုအန်တီကို နင် ငွေပိုက်ဆံတွေယူပေးပြီး နာမည်ကောင်းယူတာလေ။ ဟိုက နင့်ကို ကျေးဇူးတွေတင်လို့။ ဟွန်း ... ကုန်တော့ ငါ့ပိုက်ဆံ"

"လှူတာပဲဥစ္စာ ကုသိုလ်ရပါတယ်"

"လှူလို့ကုသိုလ်ရတာက ဟုတ်တယ်လေ။ အခုဟာက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... နင်က နာမည်ကောင်းလိုချင်လို့လား။ ဒါဆို ... သွားပြန်ပြောလိုက်လေ။ ပိုက်ဆံက ကျွန်မပိုက်ဆံ ကျွန်မလှူတာ ပါလို့"

"ဘာလို့ပြန်ပြောရမှာလဲ မပြောဘူး"

"အဲဒါဆို လေကုန်ခံပြီး ဘာလို့ပြောနေသေးလဲ"

မဟော် မျက်စောင်းထိုးပြီး ကားပေါ်သို့ တက်ခဲ့လေတော့သည်။ ဒီလူကို ကြည့်လို့ကိုမရတာ။ စကားပြောရင် မိုးတစ်လုံး လေတစ်လုံးနဲ့ တကယ်တမ်းမှာ အဖြစ်ရှိတာလည်း မဟုတ်ဘဲနဲ့။ မဟော်ကိုများ မဟော်ထက်သာတဲ့အခြေအနေမျိုးနဲ့ ရအောင်ယူဦး မတဲ့။ ခြေမကို ကလိထိုးပြီးတော့ ရယ်လိုက်ချင်သေးတယ်။

မဟော် ...

နောက်ကိုပြန်ကြည့်လေလျှင် သူက မတ်တပ်ရပ်နေဆဲမို့ ခေါင်းပြူကြည့်ပြီး ...

"ဟဲ့ ... နေမထိ"

"ပြော"

"နင် အခု ပိုက်ဆံဘယ်လောက်စုမိပြီလဲ"

"ဘာဖြစ်လို့လဲ"

"ဩော် ... ဘာမှမဖြစ်ပါဘူး။ နင့်ရဲ့တစ်လစာဝင်ငွေက





အခု ငါ့ပိုက်ဆံအိတ်ထဲက ပိုက်ဆံလောက် အရေအတွက် များလားလို့ ပါ"

နေမထိ မဲ့ပြုံးပြုံးလိုက်မိသည်။ ဒါ ကိုယ့်ကို အထင်သေးလို့ ပြောလိုက်တဲ့စကားပဲလေ။ ဘယ်အရာမဆို အရင်းအနှီးတော့ရှိတာ ပေါ့။ အခု သူလည်း မခံချင်စိတ်ကို ရင်းနှီးလိုက်ကာ ...

"အချိန်တွေ လိုပါသေးတယ်"

"ဟုတ်လား ... ကြိုးစားထားနော်။ ငါက အဲဒီလိုပဲ ပိုက်ဆံ အိတ်ကိုင်ရင် ဖောင်းနေမှကြိုက်တာ"

"နင်နဲ့ငါ့ရဲ့ကတိထဲမှာ ပိုက်ဆံအိတ်ဖောင်းတာကို ကိုင်ရစေ မယ်ဆိုတာ မပါဘူး နှင်းမဟော်"

"ဟင်"

မဟော် တွေခနဲဖြစ်သွားရလေသည်။ ကတိထဲမှာ ဒီအချက် မပါလို့ ကိုယ့်စကားက သူ့စိတ်ကို နိုးလိုးခုလု မဖြစ်စေဘူးတဲ့လား။

ဒါဆို ...

"နင်သာ ငါက နင့်ထက်သာတဲ့အခြေအနေမျိုး နင့်ကို ရအောင်ယူနိုင်မယ်ဆိုရင် ကျွန်နဲ့တူသောမယား ဖြစ်စေရပါ့မယ်လို့ ကတိပေးခဲ့တာ"

"................."



www.burmeseclassic.com

www.burmeseclassic.com



မဟော် ဘာပြောရမှန်းမသိတော့ပေ။ သူပြောတာမှန်နေတော့ ကိုယ့်နှုတ်က စကားလုံးတွေ ပျောက်ဆုံးနေခဲ့ပြီ။

"နင်သာကတိတည်ပါစေ"

* * *



## အခန်း (၁၇)

ဦးပြုံးမောင် နေမဏီ၏လုပ်ရည်ကိုင်ရည်ကို သဘောကျနေသည်။ ဘယ်နေရာမဆို နေမဏီက မရိုမကပ်တဲ့ အလုပ်ကို အလုပ်နှင့်တူအောင်လုပ်သူပါ။ ပြီးတော့ ရိုးသားသူပီပီ သူ့မှာလုပ်ငန်းတွေက များပြီး မျက်နှာလွှဲထားဖို့က ယုံရတဲ့သူဆိုတာက မရှိသလောက် ဖြစ်နေတာလေ။

ကိုယ်က ယုံကြည်လို့ လုပ်ငန်းတစ်ခုကို ဦးစီးလုပ်ခိုင်းပြီဆို စိတ်တွေ ဘာလို့များ ဖောက်လွဲဖောက်ပြန် ဖြစ်သွားကြပါလိမ့်။ ကိုသိကပဲ ကံမကောင်းစွာနဲ့ လူယုံအကျိုးမပေးတာလို့ ပြောရမလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ် ရှိသားပြီး အရည်အချင်းရှိတဲ့သူနဲ့ သူမှာ ရေစက်မဆုံသေးပေ။ သူ နေမဏီကို ဒီထက်ယုံကြည်ရဖို့အတွက် တစ်ခုခုတော့ စမ်းသပ်ရတော့မည်ပေါ့။

"မောင်နေမဏီ"

"ဗျာ . . . သူဌေး"

"အန်ကယ်လ် ခေါင်းနည်းနည်းမူးနေလို့ကွာ။ အဲဒါ အန်ကယ်လ်ကို ကားမောင်းပြီး အိမ်ပြန်ပို့ပေးပါလား"

"ဗျာ"

နေမဏီ ခေါင်းကုတ်တာကိုမြင်လေတော့ . . .

"ဘာဖြစ်တာလဲ မောင်နေမဏီ။ အန်ကယ်လ်ကိုလိုက်ပို့ဖို့ မောင်နေမဏီမှာ အခက်အခဲရှိနေလို့လား"

"ဟို . . . လိုက်ပို့တာက ပြဿနာမရှိပါဘူး သူဌေး။ ဒါပေမဲ့ ကျွန်တော်က ကားမမောင်းတတ်ဘူး ခင်ဗျာ့"

"ဟော . . . ဟုတ်လား"

ဦးပြုံးမောင် တွေခနဲဖြစ်သွားလေသည်။ ဟုတ်တာပေါ့။ နေမဏီက နယ်ကနေတက်လာပြီး အလုပ်လာလုပ်တဲ့ညစ္စာ။ ဘယ်လို လုပ်ပြီး ကားမောင်းတတ်မှာလဲ။ ပြီးတော့ ကားမောင်းတတ်တယ် ဆိုတာ ကိုယ်ပိုင်ကားရှိတဲ့သူတွေ၊ ဒါမှမဟုတ် ကားမောင်းခြင်းနဲ့





အသက်မွေးဝမ်းကြောင်းပြုနေသူတွေမှ မောင်းတတ်တာမဟုတ်လား။

"ဒါဆို ဒီလိုလုပ်ကွာ"

"ဟုတ်ကဲ့ . . . ပြောပါ သူဌေး"

"ခေါင်းမူးတယ်ဆိုပေမယ့် အရမ်းကြီးမူးနေတာမျိုးတော့ မဟုတ်ပါဘူး။ ဒါကြောင့် အန်ကယ်လ် ထိန်းမောင်းလိုက်မယ်လေ။ မောင်နေမဏီ အဖော်လိုက်ခဲ့ပေးပါ။ မောင်နေမဏီပါတော့ အရေး အကြောင်းဆို ကူညီလို့ရတာပေါ့ကွ"

"ဟုတ်ကဲ့ . . . ကျွန်တော် လိုက်ခဲ့ပေးပါ့မယ် သူဌေး"

ဦးပြုံးမောင် ခေါင်းညိတ်ပြလိုက်လေသည်။ နေမဏီကတော့ အလုပ်သမားတွေအများကြီးထဲကမှ ကိုယ့်ကို ဘာလို့ရွေးခေါ်လဲဆိုတာ မစဉ်းစားချင်တော့ပါဘူး။

"သူဌေးက အခုပြန်တော့မှာလား"

"အေး . . . ဟုတ်တယ်"

"ဒါဆို ခဏနော်သူဌေး။ ကျွန်တော် အလုပ်သမားတွေကို မှာစရာရှိတာ မှာခဲ့ချင်လို့ပါ"

"အေးပါ . . . အန်ကယ်လ် ဒီကနေပဲ စောင့်နေပါ့မယ်"

"ဟုတ်ကဲ့"

နေမဏီ ထွက်သွားတာကို ကြည့်ပြီး ဦးပြုံးမောင် ပြုံးနေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ကိုယ်က ရင်းရင်းနှီးနှီးဖြစ်အောင် အနိကယ်လ်လို့ နာမ်စား သုံးပေးသည့်တိုင် မခေါ်ပဲ သူဌေးတဲ့လေ။

ဦးပြုံးမောင် …

အိမ်ကဖနီးဖြစ်သူကို ဖုန်းခေါ်ပြီး ဘာတွေလုပ်ထားရမလဲ ဆိုတာကို ညွှန်ကြားလိုက်၏။ သူမှာ လက်ထောက်လက်မှုး သား သမီးတွေက အနားမှာမရှိဘူးလေ။ သမီးလေးတစ်ယောက်ရှိတာ အိမ်ထောင်ကျပြီး သူ့ယောက်ျားနဲ့လိုက်သွားတာ နိုင်ငံခြားမှာပဲ အခြေချ တော့မလားမပြောတတ်တော့ပေ။ ကိုယ်ပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာ ဆိုတာ သူ့အတွက် တာမဖွဲ့လောက်တော့ မိဘတွေကို ဖုန်းသာဆက်ပြီး မြန်မာပြည်ပြန်လာဖို့အကြောင်း တစ်ခွန်းမှ မပြောခဲ့ပေ။

ဒယ်ဒီနဲ့မာမီ အသက်ကြီးလာရင် ပြုစုဖို့အတွက် ထက်ထက် မြက်မြက်နဲ့ လိမ္မာတဲ့ကလေးတစ်ယောက် မွေးစားထားလိုက်တဲ့၊ ပြော လိုက်တာ လွယ်လွယ်လေးပါပဲ။

"သူဌေး"

"ဗြော် … မောင်နေမဏိ"

"သွားလို့ရပြီ သူဌေး"

"အေး … အေး"

နှစ်ယောက်သား ထွက်လာခဲ့ကြပြီး ကားအနားကို





ရောက်လေတော့ နေမဏိက ကားပေါ်မတက်ဖြစ်သေးဘဲ …

"သူဌေး"

"ဟင်"

"ကားမောင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ အခုတော့ မူးတာသက်သာသွားသလိုပါပဲ။ လမ်းကျမှ ပြန်မူးရင်တော့ တစ်မျိုးစီစဉ်ရတာပေါ့။ ကဲ … ကားပေါ် တက်"

နေမဏိ ခေါင်းညိတ်ပြီး ကားပေါ်တက်ပြီးနောက်မှာတော့ ဦးပြုံးမောင် ကားကို မောင်းထွက်လာခဲ့တော့သည်။ တစ်လမ်းလုံး နေမဏိက စိုးရိမ်စွာဖြင့် ဖြစ်ရဲ့လား ရရဲ့လားလို့မေးတိုင်း ဖြစ်ပါတယ် ရပါတယ်နှင့် အိမ်ကို ရောက်လာခဲ့တော့သည်။

ခေါင်းမူးတယ်ဆိုတာ တကယ်မှမဟုတ်ခဲ့ဘဲလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ကေသီရေ"

"လာပြီ ကိုမောင် . . . လာပြီ"

ဘယ်များရောက်နေလဲလို့ အသံကျယ်ကျယ်နှင့်ခေါ်လိုက်တာ တုံ့ပြန်တဲ့အသံက ကိုယ့်နောက်ကျောဘက်မှ နီးနီးကပ်ကပ်ပါ။ ဒေါ်ကေသီက အနားရောက်တာနှင့် နေမဏိကိုသာ အကဲခတ်သလို ကြည့်မိလေသည်။

"မောင်နေမဏိ"

"ဗျာ"





"ထိုင်လေကွာ"

"ဟုတ်ကဲ့"

နေမဏိ ထိုင်လိုက်တော့ . . .

"ကေသီ"

"သူနာ့မည်က နေမဏိတဲ့။ အလုပ်သမားတွေထဲမှာ ရိုးသားပြီး ကြိုးစားတဲ့သူပေါ့"

ဒေါ်ကေသီ အပြုံးနှင့်ခေါင်းညိတ်ပြလိုက်ပြီး . . .

"ကောင်းတာပေါ့ကွယ်။ ရိုးသားပြီးကြိုးစားချင်စိတ်ရှိတာ ကောင်းသောဂုဏ်တစ်ခုပဲပေါ့။ အချို့လူတွေ အဆင့်အတန်းခွဲခြားတယ်ဆိုတာ တကယ်တော့ ငွေကြေးဥစ္စာနဲ့ တိုင်းတာပြီး မခွဲခြားသင့်ဘူး။ တကယ်တမ်း တိုင်းတာရမှာက စိတ်ဓာတ်နဲ့ပဲ သားရဲ့"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီ့ရဲ့တန်ဖိုးရှိတဲ့စကားကို ကျွန်တော် မှတ်ထားပါ့မယ်"

ကြားလိုက်တာနော်။ တကယ့်ကိုကြားပါ့ ကြားပါ့။ ငွေကြေးဥစ္စာ ပြည့်စုံမှုနဲ့ အဆင့်အတန်းခွဲခြားတတ်တဲ့ ဒေါ်တင်မလတ်မျက်နှာကိုသာ နေမဏိ ကွက်ကွက်ကွင်းကွင်းကြီး မြင်ယောင်မိတော့သည်။ တောသူ တောင်သားတွေကို သူတို့လောက် မချမ်းသာဘူးဆိုပြီး ကြည့်တဲ့ မျက်လုံးထဲမှာ မယုံသင်္ကာအရိပ်အငွေ့တွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအန်တီကျတော့ တစ်မျိုးပါလား။

အဆင့်အတန်းဆိုတာကို စိတ်ဓာတ်နဲ့ပဲ တိုင်းတာရမယ်တဲ့လေ။

"ကိုမောင်"

"ဟင်"

"ခေါင်းမူးတာ သက်သာရဲ့လား"

"စောစောကတော့ သက်သာပါတယ်။ အခု ပြန်မူးလာသလိုပဲ"

"ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ့်ကို ရှူဆေးဘူးလေး ယူပေးစမ်းပါ"

"ယူပေးမယ် . . . ယူပေးမယ်၊ ခဏလေးနော်"

"မေမေကြီး"

"ဟင်"

ဒေါ်ကေသီ ထရပ်မလို့လုပ်စဉ်မှာပဲ ညှော်ခန်းထဲသို့ ထမင်းချက် နှင်းမှုန် ဝင်လာပြီး ခေါ်တာဖြစ်၏။

"ဘာလဲ နှင်းမှုန်"

"ဖုန်းလာနေတယ် မေမေကြီး။ မေမေကြီးမိတ်ဆွေဆိုလားပဲ။ မေမေကြီးနဲ့ အလုပ်ကိစ္စ စကားပြောချင်လို့တဲ့"





"ဟုတ်လား . . . ဘယ်သူများပါလိမ့်။ အေး . . . လာခဲ့မယ်"

ဒေါ်ကေသီ နေမဏိဘက်သို့လှည့်ပြီး . . .

"မောင်နေမဏိ"

"ဗျာ"

"အန်တီ ဖုန်းသွားပြောချင်လို့ မင်းအန်ကယ်လ်ရဲ့ ရှူဆေးဘူးလေး သွားယူပေးလိုက်စမ်းပါကွယ်။ အပေါ်ထပ်ကိုတက်သွားလှေကားရဲ့ညာဘက် တစ်ခန်းကျော်ကအခန်းကို ဝင်သွားလိုက်။ အဲဒီမှာ စာကြည့်စားပွဲပေါ်တင်ထားတာ"

"ဟာ . . . အဲဒါတော့ မဖြစ်ဘူးထင်တယ် အန်တီရဲ့"

"ဟင်"

နေမဏိ ဟှာဟှာသလဲငြင်းလိုက်တော့ ဒေါ်ကေသီ မျက်မှောင်ကြုတ်သွားလေသည်။

"ဘာဖြစ်လို့လဲ မောင်နေမဏိ"

"ဟိုလေ . . . ကျွန်တော်က အန်တီတို့အိမ်ကို အခုမှ ရောက်ဖူးတဲ့ လူစိမ်းတစ်ယောက်ပါ။ အန်တီတို့အိမ်ရဲ့ အပေါ်ထပ်တက်ပြီး အခန်းထဲဝင်ရတဲ့အထိ မဖြစ်သင့်ဘူးထင်လို့ပါ"

"မောင်နေမဏိ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးပြုံးမောင် ငြိမ်ပြီးနားထောင်နေလို့ မရတော့ပေ။ ဒါကြောင့် ...

"လူစိမ်းပဲဖြစ်ဖြစ် လူရင်းပဲဖြစ်ဖြစ် စိတ်ဓာတ်က အဓိကပါ ကွာ။ လူရင်းမကလို့ ကိုယ့်သားသမီးပဲဖြစ်စေဦးတော့ စိတ်ဓာတ်က အောက်တန်းကျရင် အောက်တန်းစားအဖြစ် ယုံကြည်လို့မရဘူးလေ။ လူစိမ်းလည်း စိတ်ဓာတ်ကမြင့်မြတ်ရင် ယုံကြည်ရမှာပဲ"

"သူဌေးတို့ ကျွန်တော့်စိတ်ဓာတ်ကို ဘာမှမသိရသေးဘူး"

"အန်တီက မင်းကိုယုံကြည်လို့ ခိုင်းတာပါ မောင်နေမဏိ ရယ်။ မင်း ကိုယ့်လိပ်ပြာ ကိုယ်သန့်အောင်နေတတ်ဖို့ပဲ လိုတာပါ"

"အဲဒါတော့ ကျွန်တော် ကိုယ့်လိပ်ပြာ ကိုယ်သန့်ပါတယ်"

"အဲဒါဆိုပြီးတာပဲလေ"

စကားလုံးတွေကတော့ ချုပ်ငြိမ်းတော့ပြီးပါပဲ။ နေမဏိ မသွား ချင်ပေမယ့် ယုံကြည်လို့ဆိုတဲ့စကားတစ်ခွန်းကြောင့်ပဲ သွားမှ ဖြစ်တော့ မည်။ မသွားရင် ကိုယ်ကပဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိရာကျဦး မည်လေ။

ဒါကြောင့် ...

"ဟုတ်ကဲ့ ... ကျွန်တော် သွားယူလိုက်ပါ့မယ်"

နေမဏိ ထသွားလေတော့ ဦးပြုံးမောင်နဲ့ ဒေါ်ကေသီ





တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိကြသည်။ ဓာတ် တိုက်ထားကြတာ သူတို့ရဲ့သရုပ်ဆောင်မှုက ပီပြင်လိုက်ပါဘိ။

နေမဏိ ...

လှေကားကနေတက်သွားပြီး သူဌေးကတော်ပြောတဲ့ ညာ ဘက်တစ်ခန်းကျော်က အခန်းကို ရောက်လေလျှင် တံခါးကို အသာ တွန်းဖွင့်၍ ဝင်ခဲ့ပြီးနောက် ရှုခြေးဘူးရှာနေစဉ် ...

"ဟင်"

ပွင့်ဟလျက်ရှိနေသော အနီရောင်လေးထောင့်သေတ္တာငယ် လေးကို ခပ်ရှုရှုကြည့်ပြီး စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားရလေသည်။ သေတ္တာထဲမှာက လက်ဝတ်ရတနာတွေ။ လက်ဝတ်ရတနာတွေက အများကြီးကို ဒီလို ပိုးစိုးပက်စက် ထားခဲ့ရာလား။ နေမဏိ ချက်ချင်း ပဲ သေတ္တာကိုပိတ်ပြီး ကောက်ယူလိုက်ကာ အခန်းထဲမှ ပြန်ထွက်လာ ခဲ့တော့၏။

"သူဌေး"

"ဟော"

"ရော့ ... ဒီမှာ သူဌေး သူဌေးတို့ပစ္စည်းတွေ အကုန်ရှိ၊ မရှိ စစ်ကြည့်ပါဦး။ ကျွန်တော် အခန်းထဲကို ဝင်သွားတုန်း တွေ့တာဆို တော့ ကျွန်တော်ပြောရမယ့်တာဝန်ရှိတယ်ထင်လို့ပါ။ ကျွန်တော့်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုလည်း ပစ္စည်းဖုက်လို့ရမယ် အထင်ရှိတဲ့နေရာတွေ စစ်နိုင်ပါတယ်"

"ဟာ . . . ကေသီမေ့ပြီးထားခဲ့တာထင်တယ်။ သူ ဒါတွေကြည့်နေရင်း ကားသံကြားလို့ ထထွက်လာတာဖြစ်မယ်"

"..............."

"ကေသီ . . . ကေသီ"

"ရှင် . . . လာပြီ"

ဒေါ်ကေသီ သုတ်သီးသုတ်ပျာပုံစံနှင့် ရောက်လာချေပြီ။ နေမဏီ ဘာဖြစ်နိုင်မလဲဆိုတာကို ရိပ်စားမိတာပေါ့။ တကယ် ကိုယ်တွေးသလိုဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကိုယ်ဝင်သွားမှ ဒီပစ္စည်းတွေကို တိုက်တိုက်ဆိုင်ဆိုင် တွေ့တယ်ဆိုတော့ တွေးစရာပဲပေါ့။

နေမဏီက တောသားဆိုပေမယ့် . . .

တုံးတုံးအအ တောသားမှမဟုတ်ဘဲလေ။ အမြဲတမ်း မျက်စိကိုဖွင့် နားကိုစွင့်ထားသူပါ။ ကောင်းသောအကျင့် ကောင်းသောအတတ်တွေရော မကောင်းသောအတတ်တွေရောကို အမြဲတမ်း လေ့လာပြီး ကောင်းတာဆောင်လို့ မကောင်းတာကို ရှောင်ခဲ့သူပါ။

"မင်း ဒါတွေကို ဘယ်လိုထားခဲ့တာလဲ ကေသီ"





"အဲဒါ ဟိုလေ"

"ဘာကြောင့်ပဲထားခဲ့ထားခဲ့ပါ အန်တီ။ နောက်ကို အဲဒီလို မထားခဲ့ပါနဲ့။ ဒါမျိုးတွေက လူတွေရဲ့သည်းခြေကြိုက်ပါ။ အန်တီ တစ်ယောက်ယောက်ကို စိတ်စမ်းချင်တာဆိုလည်း အခြားနည်းနဲ့ပဲ စမ်းသင့်ပါတယ်။ ဒီလို တန်ဖိုးကြီးတဲ့ပစ္စည်းတွေနဲ့ဆိုတော့ လိုရာ မရောက်ဘဲ ပျောက်သွားခဲ့ရင် လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာကို ထိခိုက်နိုင်ပါတယ် အန်တီ"

"ဆောရီးပါ သားရယ်။ အန်တီ တောင်းပန်ပါတယ်။ အန်တီ တကယ့်ကိုမေ့ထားခဲ့မိတာပါကွယ်"

ဒီလိုတွေဖြစ်လာဖို့အတွက် စီစဉ်ညွှန်ကြားခဲ့တဲ့ ဦးဖြိုးမောင် စိတ်မလုံပင်ဖြစ်သွားရလေသည်။ နေမဏီက လူတွေရဲ့စိတ်ကိုရော ဖတ်တတ်နေတာလား။

"နောက်ကိုသတိထားပါ အန်တီ။ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို ထိခိုက်သွားရင် သံသယက ရှေ့ကနေပြီး အမှန်တရားက နောက်ကျနေတတ်လို့ပါ"

ဒေါ်ကေသီ ဘာမှပြန်မပြောနိုင်တော့ဘဲ စွံ့အနေသူလို နေမဏီကို အကြောင်သားလေး ငေးနေမိစဉ် . . .

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ခွင့်ပြုချက်မရခင် နေမဏီ ထွက်လာခဲ့တော့

"မောင်နေမဏီ"

နောက်ကခေါ်သံကြောင့် နေမဏီ ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။

"အန်ကယ်တို့အိမ်က မောင်နေမဏီကို အမြဲကြိုဆိုနေပါတယ်။ တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်ပါတယ်"

နေမဏီ ခြေလှမ်းတွေက ဒီအိမ်မှ ထွက်ခွာဖို့ ခြေလှမ်းစခဲ့ပါပြီ။ လူတစ်ယောက်ကို အဲဒီလို လွယ်လွယ်နဲ့ ယုံကြည်လိုက်ကြသလား။ လူ့စိတ်ဆိုတာ အစိုးရတာမှ မဟုတ်ဘဲလေ။ အခု ဖြူပေမယ့် အခြေအနေအရ ကာလာပြောင်းတတ်ကြတာပါပဲ။ ဒါပေမဲ့ နေမဏီဆိုတဲ့ကောင်က ...

ကိုယ့်ကိုယ်ကိုယ်တော့ ...

ယုံကြည်မှုအပြည့်ရှိပြီးသားပါလေ။ ဘာ့ကြောင့်လဲဆို ကိုယ့်မာနကို ကိုယ်တန်ဖိုးထားလို့ပဲပေါ့။

* * *



# အခန်း (၁၉)

ဒီနေ့ ...

နေမဏီ အလုပ်ကအပြန်နောက်ကျခဲ့သည်။ လစာထုတ်တဲ့နေ့မို့ လုပ်ဖော်ကိုင်ဖက်တွေက ဘီယာသောက်ဆိုပြီး ဆွဲခေါ်လို့ ပါသွားတာလေ။ သူတို့တွေ စိတ်ကျေနပ်အောင်သာ လိုက်သွားတော့ ဆိုင်ရောက်တော့ သူ သူများတွေလို လွန်လွန်ကျူးကျူး မသောက်ခဲ့ပါဘူး။

ဒါပေမဲ့ ...

ကိုယ် မမူးသော်လည်း မူးနေတဲ့သူငယ်ချင်းတွေကို [illegible]ရသေးသည်လေ။ ဒါကြောင့် အိမ် အပြန်နောက်ကျခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကားက တုံ့ခနဲရပ်သွားလေသဖြင့် ဦးဘုန်းမဟာနှုတ်မှ 'ဟင်' ခနဲ ဖြစ်သွားလေသည်။

"ဘာဖြစ်တာလဲ ကိုဘုန်းမဟာ"

"အဲဒါတော့ ငါလည်းမသိဘူး၊ ကြည့်ရဦးမှာပေါ့"

"ကြည့်မယ်ဆိုလည်း မြန်မြန်ဆင်းကြည့်လေ။ တစ်ခုခုဆို အချိန်မီ အခါမီ စီစဉ်စရာရှိတာ စီစဉ်ရမှာ"

"အေးပါကွာ ... မင်းကလည်း"

ဦးဘုန်းမဟာ ကားပေါ်မှဆင်းလိုက်သည်။ သူက မိန်းမကို ကြောက်တယ်လို့ ဆိုရလောက်အောင် ချစ်ခဲ့သူပါ။ ဒါကြောင့် မိန်းမ ပြောသမျှ မလွန်ဆန်ရဲသူတစ်ယောက်ပဲ ဆိုပါတော့။ တစ်ခါတလေ ပြန်ပြောပြီဆိုရင်တော့ ပိသာလေးနဲ့ ဘေးပစ်သလိုပါပဲ။ အဲဒီလိုအခါ က အင်မတန်စိတ်ဆိုးမှဆိုတော့ ရှားသည်လေ။

အဲ ...

မိန်းမက စိတ်ကောက်ပြီးဆိုရင်တော့ ပါးစပ်ကအမြှုပ်ထွက် လုမတတ်နဲ့ ချော့ရတာလည်းသူ။

"ဘာဖြစ်တာလဲ သိပြီလား"

"ဆီပြတ်သွားတာကွ"





"အဲဒါမှ ဒုက္ခပါပဲ"

"ဒုက္ခမနေနဲ့။ မင်း ဒီမှာနေခဲ့ဦး။ ငါ ဆီရနိုင်မယ့်နေရာမှာ သွားဝယ်လိုက်ဦးမယ်"

"အို ... လမ်းပေါ်မှာ ကျွန်မတစ်ယောက်တည်း မနေရဲပါ ဘူး။ ညကြီးမင်းကြီးကို ရှင်ပဲပြောရက်တယ်။ အဲဒါ ရှင် အသုံးမကျလို့ သိလား"

"ဘာ"

"ဟုတ်တယ်လေ၊ ကိုယ်မောင်းနေတဲ့ကားကို ဆီလုံလောက် မှု ရှိ မရှိ ရှင်မသိဘူးလား။ အခုတော့ ဒုက္ခရောက်ပြီပေါ့။ မှန်တာပြော တော့ တင်မအလွန်ပဲ ဖြစ်ဦးမယ်"

"ကျွတ် ... တော်တော် စကားများတဲ့မိန်းမပဲကွာ"

"ဘာရှင့်"

"ဘာမှမဟုတ်ဘူး၊ အေးအေးဆေးဆေးနေ။ လူသွားလူလာ ကြည့်ပြီးပဲ အကူအညီတောင်းရတော့မှာပဲ။ တကယ်တမ်းကျတော့ မင်းလည်း ပါးစပ်ကသာစွာ ရှေ့လည်းမသွား နောက်ကလည်းမလိုက် ရဲတဲ့ ဘေးလွယ်အိတ်"

"ကိုဘုန်းမဟာ"

"မင်းပါးစပ်ကိုပိတ်ထားနော်၊ မဟုတ်ရင် မင်းကို[illegible] ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆီဝယ်သွားလိုက်မှာ”

ဒေါ်တင်မလတ် ပါးစပ်ပိတ်သွားလေသည်။ ထားခဲ့မှာကျ ကြောက်တယ်လေ။ ဒါ ဦးဘုန်းမဟာအတွက် နိုင်ကွက်ပဲပေါ့။ တင်မ ဆိုတဲ့ မိန်းမက ပါးစပ်ကသာ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ရှိတာ။ တကယ့်လက်တွေ့ကျတော့ ခြင်လောက် ပုရွက်ဆိတ်လောက်ပဲ သူ သတ်ရဲတာလေ။

“ဟော”

“ဟင် . . . ဘာလဲ”

“ရှေ့မှာ ကောင်လေးတစ်ယောက် လာနေတယ်။ သူ့ကို အကဲအညီတောင်းကြည့်ဦးမယ်”

ရှေ့မှာလာနေတဲ့ ကောင်လေးက သူတို့နှင့် နီးကပ်လာချေပြီ။ ကားမီးရောင်အောက်မှာ မျက်နှာကို ဘယ်သူတယ်ဝါ သိသာတဲ့ အခြေ အနေမှာတော့ ကောင်လေးမျက်နှာကို ကြည့်လိုက်မိကာ . . .

“ဟင်”

ဒီတစ်ခါ ပါးစပ်ပွင့်ဟသွားသူကတော့ ဒေါ်တင်မလတ်ပါ။

“နေမဏိလွားမသိဘူး။ ဟုတ်တယ် . . . သူ နေမဏိပါ”

“နေမဏိ”

ဦးဘုန်းမဟာ ဇနီးသည်၏မျက်နှာကို ငဲ့ကြည့်ပြီး သံယောင်





လိုက်ရွတ်ပြီးနောက် နေမဏိကို ပြန်ကြည့်ကာ အားတက်သွားဟန်နှင့်

“မောင်နေမဏိ”

“. . . . . . . . . . . . . . . .”

“မောင်နေမဏိ”

“ဟင်”

နေမဏိက ခြေလှမ်းကိုရပ်သွားပြီးကြည့်လေလျှင် ဦးဘုန်း မဟာ အနားသို့ရောက်လာပြီး . . .

“မောင်နေမဏိ”

“ခင်ဗျား”

“ငါ ဦးဘုန်းမဟာလေကွာ၊ မှတ်မိလား။ မင်း နေမဏိ ဟုတ်ပါတယ်နော်”

“ဟုတ်ပါတယ်၊ ကျွန်တော် နေမဏိအစစ်ပါ။ ဦးဘုန်းမဟာ ကိုလည်း မှတ်မိပါတယ်”

“ဟာ ဝမ်းသာလိုက်တာ မောင်နေမဏိရာ။ မင်းနဲ့တွေ့တာ အန်ကယ်လ်တို့ကို ဘုရားမတာပဲ”

“ကိုဘုန်းမဟာ”

“. . . . . . . . . . . . . . . .”

ခေါ်သံက မာဆတ်ဆတ်ရယ်ပါ။ ဦးဘုန်းမဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြားဟန်ပြုပြီး ဂရုမစိုက်သလိုလုပ်ကာ . . .

"အန်ကယ်လ်တို့ ကားဆိုပြတ်သွားလို့ မောင်နေမဏိရဲ့။ အဲဒါ မောင်နေမဏိ ကူညီနိုင်ရင် ကူညီပါလားကွာ"

"ဘယ်လိုကူညီရမှာလဲ"

နေမဏိအသံကလည်း မာဆတ်ဆတ်ပါ။ ဦးဘုန်းမဟာကို တော့ အားနာပါတယ်။ ဒါပေမဲ့ ဒေါ်တင်မလတ်ကြောင့်ပဲ လေသံပျော့ နဲ့ ချော့မနေနိုင်ဘူးလေ။

"မောင်နေမဏိ ဆီလေး သွားဝယ်ပေးပါလား။ လုပ်ပါ မောင်နေမဏိရယ်။ ဒုက္ခရောက်နေတဲ့သူကို ကူညီကောင်းပါတယ်။ မင်းကျေးဇူးကို အန်ကယ်လ်မမေ့ပါဘူးကွာ"

နေမဏိ ဒေါ်တင်မလတ်ကို လှမ်းကြည့်လိုက်တော့ သူ့ကို မျက်စောင်းထိုးပြီး တစ်ဖက်သို့လှည့်သွားလေသည်။ လုပ်ထားဦးပေါ့ ဒေါ်တင်မလတ်။ အပြန်အလှန်ဆိုတာ ရှိလာဦးမှာပါ။ နေမဏိ မဲ့ပြုံး ပြုံးလိုက်မိပြီး . . .

"ကောင်းပြီလေ၊ ကျွန်တော် ဝယ်ပေးပါ့မယ်"

"ဟာ . . . ကျေးဇူးတင်လိုက်တာ မောင်နေမဏိရ"

"ရပါတယ်၊ ဦးဘုန်းမဟာ ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး။ တစ်နေ့ကျရင် ဦးဘုန်းမဟာတို့က ကျွန်တော်နဲ့ အမျိုးတော်





ရမယ့် ကျွန်တော့်ယောက္ခမလောင်းတွေပဲ ဥစ္စာ"

"ဟင်"

"ဘာ . . . နေမဏိ"

ပြောပြီး နေမဏိက လှည့်ထွက်သွားလေတော့ ဒေါ်တင်မလတ် ဒေါသကို ရှံ့လို့ ဆွေ့ဆွေ့ခုန်ကာ ကျန်ခဲ့လေတော့သည်။ ပြောသွားလိုက်တာ ကိုယ်တွေကို ပမာမခန့်နဲ့ ယောက္ခမလောင်းလေး ဘာလေးတွေ ပြောသွားတာ။

"ပြောသွားတာ ကြားလား ကိုဘုန်းမဟာ။ ယောက္ခမ လောင်းလေးဘာလေးနဲ့။ အဲဒါ ရှင့်ကြောင့်"

"ပြောသွားတာ ဘာဖြစ်လဲ။ လေပဲဥစ္စာ။ လောလောဆယ် အရေးကြီးတာက ဆီရဖို့ပဲ"

"ကိုဘုန်းမဟာ"

"ဘာလဲကွာ"

"ရှင်ဟာလေ ပြောလိုက်တာ သမီးကို မျက်နှာလွှဲခဲပစ်နဲ့။ သမီးကပဲ ရှင့်သမီးမဟုတ်တဲ့အတိုင်း"

"သမီးက ငါ့သမီးပါ။ ငါ ဖခင်တစ်ယောက်အနေနဲ့ ကိုယ့် သမီးကို တိုတတ်တာပေါ့။ ဒါပေမဲ့ သူတို့နှစ်ယောက်ကြားမှာ ကံတ် တွေ ရှိထားကြတယ်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း"

ဒေါ်တင်မလတ်ရဲ့အကြည့်တွေက စူးစူးရဲရဲဖြစ်ပြီး ဒေါ်သန့်ခင်ပွန်းသည်ကို ကုတ်ဖဲ့ထုရိုက်ပစ်ချင်စိတ် ပေါက်သွားလေသည်။ ကတိဆိုတာ တည်သင့်မှတည်ရမှာမဟုတ်ဘူးလား။ ပြောသလို ဖြစ်လာသည့်တိုင်ဦးတော့ နေမကောင်းရင်ထဲမှာ အပြုံးအဝေးတွေ ရှိနေမှာပဲလေ။

ဒီလိုလူမျိုးရဲ့ ရင်ခွင်ထဲကို ...

လက်စားအချေခံပြီး ကိုယ့်သမီးကို ထည့်စရာလား။ ဒီလိုလူမျိုးက ကိုယ့်ထက်သာတဲ့အဆင့်အတန်းမျိုးလည်း ရောက်မယ် မထင်ပါဘူး။

"သူတို့ ဘယ်လိုပဲ ကတိတွေရှိရှိ ပြောသလို ဖြစ်လာမယ်လို့ ကျွန်မ မထင်ဘူး။ မိတ်ဆိုတာ ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံတာပဲ မြင်ချင်တာ ဓမ္မတာပဲ ကိုဘုန်းမဟာ။ ရှင်ကတော့လေ ဖြစ်နိုင်ရင် သမီးကို ဒီကောင်နဲ့ အခုတောင်ပေးစားပစ်ချင်နေတဲ့ပုံပဲ သိလား"

ဦးဘုန်းမဟာ တွေခနဲ ဖြစ်သွားလေသည်။ ကိုယ်ပြောလိုက်မိတဲ့စကားလုံးတွေက အဲဒီသဘော သက်ရောက်သွားလား။ သက်ရောက်တယ်ဆိုရင်လည်း ကိုယ်ကတော့ အဆင့်အတန်းဆိုတာကို ငွေကြေးဥစ္စာ ချမ်းသာကြွယ်ဝမှုနဲ့ ခွဲခြား မသတ်မှတ်ချင်ပေ။ ကိုယ်





လည်း ဆင်းရဲတဲ့ဘဝကနေ တက်လာသူမို့။

လူကို လူလိုပဲ လူတိုင်းကို မြင်ချင်မိတာ အပြစ်လား။ ကိုယ့်သမီးကို အဖက်ဖက်က တော်နေတတ်နေတဲ့သူနဲ့ ပေးစားချင်ပေမယ့် ဖူးစာရှိမှ ဖြစ်မှာလေ။

"ဖအေတစ်ယောက်လုပ်နေပြီး ကိုယ့်သမီးအတွက် သင့်တော်ရာအဆင့်အတန်းနဲ့ မရှည်ရွယ်တတ်တာ အံ့ရောပဲ"

"မင်းက အဆင့်အတန်းဆိုတာကို ဘာနဲ့သတ်မှတ်မှာလဲ"

ဒေါ်တင်မလတ် ခင်ပွန်းသည်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

ပြီးမှ ...

"ရှင် စီးပွားရှာတဲ့နေရာမှာ လုပ်ငန်းနဲ့ပတ်သက်ပြီး ဘယ်လို ဦးနှောက်နဲ့ အလုပ်လုပ်ခဲ့တာလဲ ကိုဘုန်းမဟာ"

"ဘာဖြစ်လို့လဲ"

"ဝ လုံးနဲ့သုည ရှင် မခွဲခြားတတ်သေးလို့ပေါ့"

"မင်းကရော ခွဲတတ်လို့လား"

"အဲဒီနှစ်ခု အတူတူချရေးရင် မခွဲခြားတတ်ပေမယ့် 'ဝ' လုံးနဲ့ 'ထ' ဆင်တူးကိုတော့ ရှင် ခွဲခြားတတ်ရမှာပေါ့။ အဆင့်အတန်း ဆိုတာ ဝိုင်းတာချင်းတူပေမယ့် ကျွန်မတို့က 'ဝ' တစ်လုံးလိုတဲ့ 'ထ'



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထူးလေ။ နေမဏိဘဝနဲ့ ကျွန်မတို့ဘဝက 'ဝ' လုံးနဲ့ 'ထ' ဆင်ထူးလို သိသိသာသာ ကွာခြားနေတာပဲ"

"အဲဒါ အဆင့်အတန်းခွဲခြားနည်းလား"

"ဟုတ်တယ်"

မှတ်တောင်ထားရဦးမယ်။ သူ့ဆီမှာ တပည့်ခံပြီး အဆင့်အတန်းခွဲခြားနည်းသင်တန်းတက်ရတော့မလိုပါလား။

* * *



## အခန်း (၂၀)

"ဟော ... မောင်နေမဏိ ပြန်လာပြီ"

"ဟုတ်ကဲ့"

နေမဏိ ပြောပြီး ဆီပုံးကိုကမ်းပေးလိုက်လေသည်။ သူထွက်သွားတုန်းက ဦးဘုန်းမဟာဆီကနေ ဆီထည့်ဖို့ ပုံးရော၊ ဝယ်ဖို့ပိုက်ဆံရော ဘာမှယူမသွားခဲ့ပေ။ အခု ပြန်လာတော့ သူတို့လိုတာရပါပြီ။

"ကျေးဇူးတင်ပါတယ် မောင်နေမဏိရာ။ ဒါနဲ့ ဆီဖိုး ဘယ်လောက်ကျခဲ့လဲ မသိဘူး"

ပြောရင်း ဦးဘုန်းမဟာ ပိုက်ဆံအိတ်ကိုဖွင့်လိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကျွန်တော် ဆီဖိုးလောက်တော့ တတ်နိုင်ပါတယ်။ ကားဝယ်စီးနိုင်တဲ့အခြေ မရောက်သေးတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော် ဦးဘုန်းမဟာတို့ကို ကျော်တက်ဖို့ လှေကားရင်းကိုတော့ ရောက်နေပါပြီ။ ကျွန်တော် ကျော်မတက်နိုင်အောင် အစွမ်းကုန် ကြိုးပြေးထားနော် ဒေါ်တင်မလတ်"

ဒေါ်တင်မလတ်စိတ်ထဲမှာ တင်းခနဲဖြစ်သွားပြီး နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထားမိသည်။ မျက်လုံးတွေက ဒေါသရောင်ကြောင့် ဖိတ်ဖိတ်တောက်လာပြီး . . .

"လှေကားရင်းမှာ ခြေစုံရပ်မိရုံလောက်နဲ့ စကားကြီးစကားကျယ်တွေ လာပြောမနေနဲ့ နေမကျ။ နင်ပေးတိုင်း တို့ကယူမယ်ထင်လို့လား။ ကိုဘုန်းမဟာ ဆီဖိုး ဘယ်လောက်ကျနိုင်မလဲ ရှင်းပေးလိုက်၊ ဒီမှာနေမကျ"

". . . . . . . . . . . . ."

"နင်မသိရင် မှတ်ထားလိုက်။ တင်မလတ်ဆိုတဲ့ မိန်းမက သူတောင်းစားဆီက ထမင်းပြန်တောင်းစားတဲ့အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး"

"ဩော် . . . ဟုတ်လား"

ဦးဘုန်းမဟာပေးမှာကို စောင့်မနေနိုင်တော့ဘဲ ဒေါ်တင်မ





လတ် သူမ ပိုက်ဆံအိတ်ကိုဖွင့်လိုက်ကာ တစ်သောင်းတန်တစ်ရွက်ကို ထုတ်လိုက်ပြီး . . .

"ရော့ . . . နင်ဝယ်လာတဲ့ဆီ ဘယ်လောက်ဖိုးဆိုတာ ငါ မမေးတော့ဘူး။ ပေးတာကိုယူထားလိုက်၊ နောက်ကို တို့နဲ့ပတ်သက်ဖို့ လုံးဝမကြိုးစားပါနဲ့"

"ဒေါ်တင်မလတ်"

". . . . . . . . . . . . ."

"ခင်များ ကျွန်တော့်သိက္ခာကို မစော်ကားနဲ့နော်။ အခု ဘယ်သူကအရင် ပတ်သက်တာလဲ။ ခေါင်းကောင်းရင် ပြန်စဉ်းစားလိုက်ဦး"

"ဟုတ်သားပဲ တင်မရဲ"

"ရှင့်ပါးစပ်ကိုပိတ်ထား ကိုဘုန်းမဟာ"

ဦးဘုန်းမဟာ နေမကျကို အားနာလို့ တစ်ခုခုပြန်ပြောဖို့ ပြင်လိုက်စဉ်မှာပဲ . . .

"သူခိုးဗျို့ . . . သူခိုး"

"သူခိုး . . . သူခိုးဟေ့ လိုက်"

"လိုက်ကြ . . . အဲဒီကောင် မလွတ်စေနဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံအသံတွေကြောင့် အခြေအတင် စကားသံတွေ တိတ်ဆိတ်သွားပြီး သူတို့သုံးယောက်ရဲ့အကြည့်တွေက ပြေးလွှားနေကြတဲ့သူတွေဆီသို့ ရောက်သွားလေသည်။ ရှေ့မှာပြေးလာသူက ပြေးလာပြီး လိုက်တဲ့သူတွေကလည်း လိုက်ပေါ့။

"လိုက် မိအောင်လိုက်၊ အဲဒီသူခိုး မလွတ်စေနဲ့"

"မိလို့ကတော့ ချသာချကြ"

အော်ဟစ်ပြီး လိုက်နေကြတဲ့ လူအုပ်ကြီး ရှေ့ကနေ ပြေးလာတဲ့သူက နေမဏိတို့အနားသို့အရောက်တွင် ...

"ဟော့ကောင် ... ရော့"

"ဟင်"

သူခိုးလို့ အထင်ရှိရတဲ့သူက အထုပ်တစ်ထုပ်ကို နေမဏိ ရင်ခွင်ထဲသို့ ပစ်ထည့်ပေးပြီး ဆက်ပြေးသွားလေတော့သည်။ နေမဏိကလည်း ဘုမသိ ဘမသိနဲ့ ရုတ်တရက်မို့ ဆီးဖမ်းထားလိုက်မိတာပါ။ ဒါကိုပဲ အခွင့်အရေးယူဖို့ ဉာဏ်ကြီးရှင် ဒေါ်တင်မလတ် ခေါင်းထဲမှာ ဖျတ်ခနဲ အတွေးဝင်သွားသည်က ...

သူမအတွက် ...

ဒီကိစ္စက အခွင့်အရေးတစ်ခုပဲပေါ့။ ဒီလူကို မုန်းနေပါတယ် ဆိုမှတော့ ဖြစ်နိုင်ရင် ချက်ချင်းလဲကျ သေဆုံးတာတောင် မြင်ချင်တာ။





အဲဒီတော့ လူတစ်ယောက်ရဲ့ဘဝကို ချောက်ချပစ်ဖို့ဆိုတာ ပါးပါးလေး ပါပဲ။

ဒါကြောင့် ...

နေမဏိအနားသို့ ကပ်သွားပြီး နေမဏိလက်ကို ဆုပ်ကိုင်လိုက်ကာ ...

"မြန်မြန်လာကြပါရှင် ... မြန်မြန်လာကြပါ။ ဟောဒီမှာ ကျွန်မ သူခိုးကို မိထားပါပြီ"

"ဟင်"

"ဟာ"

နေမဏိရော ဦးတုန်းမဟာပါ ပါးစပ်အဟောင်းသား မျက်လုံး အဝိုင်းသား ဖြစ်သွားကြလေတော့သည်။ ဒါ ခိုးထုပ်ပစ်ဖမ်းတဲ့ သဘော မျိုး သက်ရောက်သွားတာပေါ့။ ခိုးထုပ်က သူမကိုယ်တိုင် ပစ်တာ မဟုတ်ပေမယ့် ဘာတွေပါမှန်းမသိတဲ့ အထုပ်က နေမဏိလက်ထဲမှာပဲ လေ။ အထုပ်ဆိုတာက ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားတဲ့ ခပ်တန်တန် အထုပ်ပါ။

"ဖမ်းကြပါရှင်၊ သူ ... သူခိုးပါ။ ကျွန်မတို့ကိုရန်မူဖို့ ကြံစား တော့မယ် မြန်မြန်ဖမ်းကြပါရှင်"

"တင်မ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

နေမထိ အခုမှ သတိရပြီး လက်ကို ရုန်းလိုက်စဉ်မှာပဲ . . .

"သူများပစ္စည်းကို အချောင်လိုချင်တဲ့ကောင်ချကွာ"

"ဟာ . . . မဟုတ်ဘူး"

"ချကွာ . . . ချ"

"ခွပ်"

"မလုပ်ပါနဲ့ . . . မလုပ်ကြပါနဲ့။ သူ သူခိုးမဟုတ်ပါဘူးဗျာ။ သူ . . . သူခိုးမဟုတ်ပါဘူး"

"ခွပ်"

"အ"

ဒေါ်တင်မလတ်ရဲ့ စနက်မီးကြောင့် အခြေအနေက ရှုပ်ထွေးသွားလေတော့သည်။ သူခိုးလိုက်တဲ့သူတွေက နေမထိကိုပဲ ဝိုင်းထိုးကြတာ ဦးဘုန်းမဟာ ရှင်းပြဖို့ ကြိုးစားပေမယ့် မရပေ။

"ခွပ်"

"သူမဟုတ်ဘူး . . . မလုပ်ကြပါနဲ့"

"ဘာလို့မဟုတ်ရမှာလဲ၊ သူ့လက်ထဲမှာ ခိုးရာပါပစ္စည်းက ရှိနေတာလဲ"

"ဟုတ်တယ်၊ ဒီလောက် လက်ပူးလက်ကြပ်မိနေတာကို။





ဟောကောင်တွေ ထော်ကြတော့၊ ထော်ကြ၊ လက်လွန်လို့ ကိုယ်တွေကို အမှုပြန်ပတ်နေဦးမယ်။ သူ့ကို ရဲစခန်းသာပို့လိုက်"

"တောက်၊ စိတ်ရှိလက်ရှိ လုပ်ရရင် သေတော့မယ်ကွာ"

အသံတွေက တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေတော့သည်။ နေမထိ ဖြေရှင်းလို့မရနိုင်ဘူးဆိုတာ သိနေတာကြောင့် ဒေါ်တင်မလတ်ကို ကြည့်လိုက်တဲ့ မျက်လုံးတွေက စူးစူးရဲရဲနှင့် မီးတောက်မီးလျှံများပမာနယ်။

"ဒေါ်တင်မလတ်"

ဒေါ်တင်မလတ်က မျက်နှာကိုမော့ပြီး မဲ့ပြုံး ပြုံးလေသည်။ နေမထိ လက်သီးပြုံးငေါက်ငေါက်ထိုးပြီး . . .

"ခင်ဗျားကြီး ထမင်းဝအောင်စားထား . . . တောက်"

အရင်က မခံချင်စိတ်ဆိုတာထက် အခုတော့ ကိုယ့်အရှက်နှင့် သိက္ခာကို ရိုက်ချိုးလိုက်ခြင်းအတွက် ကမ္ဘာမကြေတော့ဘူး ဒေါ်တင်မလတ်။ လူတစ်ယောက်က လူတစ်ယောက်ဘဝကို နှုတ်ဖျားလေးနဲ့ သတ်ပစ်လိုက်တာ လွယ်ပါတယ်။

မလွယ်တာကတော့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နောက် (၅) နှစ်ခန့်ကြာသော်

"တောက် ... ငါ မင်းကို ကိုယ့်သားဆိုပြီး မျက်နှာလွှဲထား လိုက်မိတာကိုက မွေးမှားနည်းမှားတာ။ ဒီကုမ္ပဏီကို ငါဦးစီးလုပ်လာခဲ့ တုန်းက အခုလောက် တစ်ခါမှ အရှုံးမပေါ်ခဲ့ဘူး။ အခု မင်းလက်ထက် ကျမှ အရှုံးချည်းပဲ ပေါ်နေတာ၊ မင်းကပဲ ညံ့တာလား၊ ငါကပဲ တော်လို့လား မင်းမဟာ"

"ဖေဖေကလည်းဗျာ၊ သားလည်းကြိုးစားနေတာပဲ ဥစ္စာ။





ကြိုးစားနေရင်း အဆင်မပြေတာ ဘယ်လိုလုပ်ရမလဲ။ အဲဒီရှုံးသွားတာ တွေ ပြန်ရအောင်ရှာပါဆိုရင်တော့ ဖေဖေ သားကို သေနတ်တစ်လက် သာ ရှာပေးပေတော့"

"ဘာကွ"

ပြောလိုက်တဲ့စကားက စည်းလွတ်ဘောင်လွတ်မို့ ဦးဘုန်း မဟာ ဒေါသပိုထွက်ရတော့သည်။ လူတစ်ယောက် သားလေးမွေး ထားလို့ အားကိုးရပြီဆိုပြီး ဝမ်းသာအားရ ဖြစ်ခဲ့တာ။ နောက် အဲဒီ ကလေးက သေဆုံးသွားတော့ စောင်နဲ့ပတ်ပြီး မြှုပ်လိုက်ရတယ်။ အဲဒီအခါကျတော့ အားကိုးရတဲ့သား မဖြစ်တဲ့ စောင်နီးလာတဲ့ကလေး ဖြစ်သွားတာမျိုး။

အခုလည်း သူမှာ ...

သားရှိနေလို့ အားကိုးရမလားမှတ်ပါတယ်။ စောင်လာနီးတဲ့ ကလေးလို အခု စီးပွားရေးကိစ္စ ဆုံးရှုံးသွားတာတွေ အများကြီးပါပဲ။ သူ့ကို မျက်နှာလွှဲလိုက်မိမှ ဆင်းရဲတွင်းနက်အောင် ကိုယ့်ဘာသာ တူးမိသလို ဖြစ်ပါပြီ။

"မင်း စကားကို အဲဒီလို လွယ်လွယ်မပြောနဲ့ မင်းမဟာ။ မင်းက ဆန်ဘယ်ကရလဲ စပါးက ဖြစ်လာတယ်လို့ လွယ်လွယ်ပဲ တွေးတတ်တဲ့ကောင်။ အခု အဲဒါကြောင့် လွယ်လွယ်ပဲ ရှုံးနိုင်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်ပြီးတော့ အခုမှ အာခေါင်ခြစ်အော်နေလို့လည်း ပြန်မရတော့ဘူးလေ ဖေဖေရဲ့"

"အစကတည်းက မင်း တိုးတက်အောင် ကြိုးစားပါလားကွ။ အခု ကုမ္ပဏီ ဒေဝါလီခံရတော့မယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဒီလုပ်ငန်းကို ကျွန်တော် စိတ်မဝင်စားပါဘူးလို့ အစကတည်းက ဖေဖေ့ကို ကျွန်တော်ပြောခဲ့သားပဲ။ အခုမှ အပြစ်လာတင်မနေနဲ့"

"မင်းမဟာ"

"................"

"အေးပါ ... ဟုတ်ပါတယ်။ ငါမှားတာ ငါပဲမှားတာပါကွာ"

ဦးဘုန်းမဟာ ကိုယ့်ခေါင်းကိုယ်လက်နှင့်အုပ်ပြီးသာ ထိုင်ချလိုက်လေတော့သည်။ သူ့ခေါင်းမှာ မီးတွေတောက်နေပြီလေ။ မှန်တာပေါ့။ မင်းမဟာဆိုတဲ့ကောင်က ပေါ့ပေါ့နေ ပေါ့ပေါ့စား မိဘလုပ်စာကို လက်ဖြန့်တောင်းပြီး ငွေကို ရေလိုသုံးလာတဲ့ကောင်လေ။ ဒါကို ကိုယ်က ပြောင်းလဲလာမလားဆိုတဲ့စိတ်နဲ့ ကုမ္ပဏီကို ဦးစီးခိုင်းခဲ့တာ။

ဒီကောင် ..."

ကုမ္ပဏီကငွေတွေကို အလွဲသုံးစားလုပ်ပြီး သုံးချင်တိုင်းသုံး ဖြုန်းချင်တိုင်းဖြုန်းနေမှာပေါ့။ စာရင်းကိုလည်း သေသေချာချာမှ ရှင်း





မပြနိုင်တာ။ အခုတော့ ကိုယ့်နောင်တတွေ နောက်ကျခဲ့ပါပြီ။ အခု ရှယ်ယာဝင်တွေက ဆုံးရှုံးသွားတာတွေအတွက် လျော်ကြေးတောင်းနေကြပြီလေ။ သူ ဘယ်လိုဖြေရှင်းရမလဲ။

"မင်းကိုမွေးထားမိတာ ရတနာဖြစ်မလာပဲ၊ အခုတော့ ရတာနာဖြစ်နေပြီကွ သိလား"

"အဲဒါဆို ဘာလို့မွေးထားသေးလဲ"

"ဟောကောင် ... မင်း"

"ကိုဘုန်းမဟာ"

ရောက်လာပါပြီ၊ ဒေါ်တင်မလတ်တစ်ယောက်။ နောက်မှာ နှင်းမဟော်လည်းပါလာသည်လေ။

"ဖြစ်ပြီးမှ ပြောမနေပါနဲ့တော့။ မိသားစုဆိုတာ ဖြစ်လာသမျှကို အေးအတူ ပူအမျှ ရင်ဆိုင်ကြရုံပဲ။ တော်ကြာ ကျွန်မသား စိတ်လေပြီး ထွက်သွားရင် ဒီထက်ပိုဆိုးကုန်မှာနော်"

"တင်မ"

"..............."

"ဒီကိစ္စမှာ မင်း ဝင်မပါစမ်းပါနဲ့"

"မပါလို့မရဘူး ကိုဘုန်းမဟာ။ ကံမကောင်းလို့ လွဲချော်မှုတွေရှိတာကို ရှင်က သားအပေါ်ပဲ အပြစ်ပုံချနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီလို ဦးစားပေးလို့၊ မင်း ဦးစားပေးလို့ ဒီကောင် ပျက်စီးနေတာ"

"ဖေဖေ"

ခေါ်လိုက်သူက နှင်းမဟော်ပါ။ အစ်ကိုဖြစ်သူကိုလည်း အပြစ်မတင်ချင်ပါဘူး။ ဖေဖေ့ကိုလည်း သနားသည်။ ဒါကြောင့် . . .

"ဖေဖေ့ကို သမီးတစ်ခု တောင်းဆိုပါရစေ"

"ဘာလဲ"

"သဘောပျက်တာကို ဖျာစုတ်နဲ့ဖာတယ်ပဲပြောပြော ဒီလုပ်ငန်းကိစ္စ သမီးကို တာဝန်လွှဲပေးပါ။ သမီးကြိုးစားကြည့်ပါရစေ ဖေဖေ"

"ဟင်"

ဦးဘုန်းမဟာ သမီးဖြစ်သူ၏မျက်နှာကို ခပ်တွေတွေ စိုက်ကြည့်မိလေသည်။ သမီးက ထက်ထက်မြက်မြက်ကလေးတော့ရှိသား။ ဒါပေမဲ့ မိန်းကလေးမို့ သူ မခိုင်းခဲ့တာပါ။ မင်းမဟာကတော့ နှင်းမဟော်ရဲ့ တောင်းဆိုမှုကြောင့် နှုတ်ခမ်းကိုမဲ့ပြီး ထသွားလေတော့၏။

"ဖြစ်ပါ့မလား သမီးရယ်"

"သမီးကြိုးစားကြည့်ပါရစေ ဖေဖေ"

"သမီး"





"ရှင်"

"ဒီအခြေအနေမျိုးရောက်မှ သမီးက ကြိုးစားကြည့်ချင်တယ်ဆိုတော့ မေမေ စိတ်မချဘူးနော် သမီး"

"သမီးကိုခွင့်ပြုပါ မေမေ။ သမီးကြိုးစားကြည့်ချင်လို့ပါ"

"ကိစ္စတစ်ခုကို လွယ်လွယ်မတွေးနဲ့ သမီး။ မေမေ အစိုးရိမ်ဆုံးက"

ရှေ့ဆက်ချင်တဲ့စကားကို ဒေါ်တင်မလတ် ပြောမထွက်ပေ။ မပြောလို့လည်းမဖြစ်ဘူး ထင်ပါရဲ့။ ကိုယ့်သမီးလေးအတွက် မဖြစ်သေးတာတွေ ကြိုတွေးပြီး ရင်တွေပူလာသည်။

"သမီး လွယ်လွယ်မပြောပါဘူး မေမေ။ ကြောက်ရင်လွှဲရဲရင် မင်းဖြစ်ဆိုသလိုပဲ ဆုံးရှုံးသွားတာတွေအတွက် သမီး တတ်နိုင်သလောက် အဖတ်ဆယ်ကြည့်ပါရစေ"

"အို . . . မဖြစ်ပါဘူး။ ဆုံးရှုံးသွားတာတွေအတွက် အဖတ်ဆယ်ဖို့ ဘဝတစ်ခုကို ထိုးကျွေးရတာမျိုးဆိုရင် ကိုယ်ကျိုးနည်းရချေရဲ့"

"တင်မ"

"မေမေ"

ကိုယ့်သမီးလေးကို ထင်ရက်လိုက်တာလို့ ဦးဘုန်းမဟာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မကောင်းပေ။ သမီးက အဲဒီလို မိန်းကလေးမျိုးမဟုတ်ဘူး ဆိုတာ သူ ယုံကြည်ပါသည်လေ။

ဒါကြောင့် . . .

"မင်းကို ငါ မစိုးရိမ်ရဘူးလို့ မဝိတ်ပင်ပါဘူး။ မိခင်တစ်ယောက်အနေနဲ့ စိတ်ပူတယ်ဆိုတာ သဘာဝကျပါတယ်။ ဒါပေမဲ့ မင်း သမီးကို အဲဒီလောက် အထင်မသေးသင့်ဘူး"

ဒေါ်တင်မလတ် ခေါင်းငုံ့ကျသွားခြင်းနှင့်အတူ မျက်ရည်တွေ ပါ ကျလာသည်။ အမြဲတမ်း လက်မထောင်လာခဲ့တဲ့ တင်မလတ်ဘဝ အခုတော့ လက်မကို ချိုးချလိုက်ရတော့မည်လေ။ ရှေ့ ဘယ်လိုခရီး ဆက်ကြဦးမှာလဲ။

"သမီးကို ငါ ယုံတယ်၊ ဒါကြောင့် သမီး"

"ရှင် ဖေဖေ"

ဦးဘုန်းမဟာ သမီးလက်ကို ခပ်တင်းတင်းဆုပ်လိုက်ပြီး . .

"ဖေဖေ ခွင့်ပြုတယ်၊ သမီး ကြိုးစားကြည့်ပါ။ သမီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင် ပြီးတာပါပဲ"

* * *



## အခန်း (၂၂)

ကုမ္ပဏီကိစ္စတွေနှင့်ပတ်သက်ပြီး နှင်းမဟော်မှာ မနားတမ်း ဖြေရှင်းနေရတာ စိတ်ပင်ပန်း လူပင်ပန်းပါပဲ။ ဒါပေမဲ့ ပင်ပန်းလိုက်တာလို့ မညည်းနိုင်ပေ။ အခုလည်း အစည်းအဝေးလုပ်တဲ့နေရာမှာ သူတစ်ပေါက် ငါတစ်ပေါက်ပါပဲ။ ဒီတော့ သူတို့ကို ကိုယ်ကပဲ မျက်နှာ ငယ်လေးနဲ့ တောင်းပန်ပြီး . . .

ဒီကုမ္ပဏီ ပုံမှန်အတိုင်း ဆက်လည်ပတ်နိုင်ရေးအတွက် ကြိုးစားခွင့် အချိန်တောင်းရတာ ပါးစပ်ခွဲလုမတတ်ပါပဲ။ နောက်တော့ အားလုံး သဘောတူပြီး အစည်းအဝေးသိမ်းလိုက်ချိန်မှာ နှင်းမဟော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ချွေးတွေနှင့် ရွှဲနစ်နေပြီး ရေခဲရေတွေသာ ချိုးပစ်ချင်စိတ်ပေါက်တော့သည်။ အဲဒီလောက်အထိကိုပဲ ပူလောင်အိုက်စပ်နေမိတာပါ။

"မမ"

"ဟင်"

မျက်လုံးကိုမှိတ်ထားမိစဉ်မှာပဲ ခေါ်သံကြောင့် မျက်လုံးကဖျတ်ခနဲ ပြန်ပွင့်လာလေသည်။

"ပြော် စုနွယ်"

"ဟုတ်ကဲ့ မမ၊ စုနွယ် မမကို တင်ပြစရာရှိလို့ပါ"

"ဟုတ်လား ပြောလေ"

"နာမည်ကြီးကုမ္ပဏီတစ်ခုက မမကို သူတို့နဲ့လက်တွဲလုပ်ဖို့ ကမ်းလှမ်းလာပါတယ် မမ၊ မမကသာ သူတို့နဲ့လက်တွဲလုပ်မယ်ဆိုရင် အခု မမ ဒီကုမ္ပဏီနဲ့ပတ်သက်ပြီး ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို သူတို့ ဖြေရှင်းပေးသွားမယ်လို့ ပြောပါတယ် မမ"

"ဟုတ်လား။ ဘယ်လိုကုမ္ပဏီက ကမ်းလှမ်းတာလဲ စုနွယ်"

"နေရင့်ရောင်ကုမ္ပဏီကပါ မမ"

"နေရင့်ရောင် ဟုတ်လား စုနွယ်"

"ဟုတ်ကဲ့ မမ"





အိပ်မက်များ မက်နေသလားလို့ မယော် ကိုယ့်လက်ခုံကိုယ်ဆွဲဆိတ်ကြည့်ရမလိုပါ။ ဟုတ်ပါ့မလားဆိုတဲ့ သံသယစိတ်နှင့် တွေခနဲဖြစ်သွားကာ စုနွယ်ကို စကားပြန်ပြောဖို့ မေ့သွားသည်အထိပါပဲ။ နေရင့်ရောင်ကုမ္ပဏီဆိုတာ ကိုယ့်ကုမ္ပဏီအသေးအမွှားလေးနဲ့ ဟပ်စပ်ပတ်သက်ဖို့ စိတ်ကူးတောင် မယဉ်ရဲလောက်အောင် နာမည်ရှိတဲ့ကုမ္ပဏီတစ်ခုပါ။

ကိုယ်တွေရဲ့ကုမ္ပဏီက ...

ထိုကုမ္ပဏီ၏ တစ်စိတ်တစ်ဒေသပဲ ရှိတာလေ။ ရှယ်ယာဝင်တွေကလည်း အရမ်းကြီးကျယ်ခမ်းနားတဲ့သူတွေ မဟုတ်ပေ၊ တစ်ပိုင်တစ်နိုင်လေးနဲ့ လုပ်နေကြရတာမဟုတ်လား။ စောစောက ခေါင်းမှအပူနှင့် ရင်ကအပူဟပ်သမျှ သေချင်စော်နံခဲ့တာ။ အခု စိတ်ထဲမှာ သက်သာသွားသလိုလို ဘာလိုလိုပါ။

"ဟုတ်ရောဟုတ်ရဲ့လား စုနွယ်ရယ်။ နင် နားကြားများမှားနေသလား"

စုနွယ်က ရယ်လိုက်ပြီး ...

"စုနွယ် နားကြားမမှားပါဘူး မမရဲ့။ နေရင့်ရောင်ကုမ္ပဏီမှ နေရင့်ရောင်ကုမ္ပဏီအစစ်။ ဒီမှာ visiting card တောင် ပေးခဲ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး စုန္ဒယ်က ပိုက်ဆံအိတ်ကိုဖွင့်ပြီး visiting card ကို ထုတ်ပေးလေသည်။

"ရော့ ... မမ"

မဟော် ကတ်ကိုယူကြည့်ပြီး မျက်ခုံးလေးနှစ်ဖက် စုကျုံ့သွားလေသည်။ နေရင့်ရောင်ကုမ္ပဏီရဲ့ MD နာမည်က ဦးနေမဏိ ဆိုပါလား။ သူများဖြစ်နေမလား။ ကိုယ်ပေးထားတဲ့ ကတိကြောင့် ဒီနာမည်က မဟော်မေ့လို့မရခဲ့တဲ့ နာမည်လေ။ အို မဖြစ်နိုင်ပါဘူး။ လောကမှာ လူတူမရှား နာမည်တူမရှားပဲဥစ္စာ။

သူ ဘယ်လောက်ပဲကြိုးစား ကြိုးစား။

ဒီအခြေအနေမျိုး ဖြစ်လာဖို့က လွယ်တာမှမဟုတ်တာ။ သူပြောတဲ့ ဆယ်နှစ်ဆိုတဲ့အချိန်အတောအတွင်းမှာ မဟော် ချစ်သူဆိုတာ ကိုယ့်တဝမှာ ရှိမလာအောင်နေခဲ့တာ ကံကြမ္မာကို ကြိုမမြင်နိုင်လို့ပဲလေ။

ဟူး ...

အေးလေ၊ လူတစ်ယောက်ကို အထင်ကြီးလို့မရသလို အထင်လည်း သေးလို့ ရတာမှမဟုတ်တာ။ ဒါပေမဲ့ မဟော်ကတော့ နေရင့်ရောင်ကုမ္ပဏီရဲ့ MD က ကိုယ်နဲ့ပတ်သက်ဖူးတဲ့ နေမဏိ ဖြစ်နေမယ်လို့ လုံးဝမထင်ပါဘူး။ နာမည်တူတာပဲ ဖြစ်မှာပါ။





"မမ"

"ဟင်"

"ဘယ်လိုလဲ မမ။ စုန္ဒယ် ဘယ်လိုအကြောင်းပြန်လိုက်ရမလဲဟင်"

"ချက်ချင်းကြီးတော့ အကြောင်းပြန်လို့မဖြစ်သေးဘူးလေ စုန္ဒယ်ရဲ့။ မမ စဉ်းစားပါဦးမယ်"

"ဟာ ... မမကလည်း ဒီလောက်နာမည်ကြီးကုမ္ပဏီက လက်တွဲလုပ်ဖို့ ကမ်းလှမ်းတာကို ဘာစဉ်းစားစရာလိုလို့လဲ မမရဲ့။ စုန္ဒယ်က မမတို့အတွက် စေတနာနဲ့ပြောတာပါ"

မဟော် ပြုံးလိုက်မိပါသည်။ စုန္ဒယ်ရဲ့စေတနာကို သူမ နားလည်ပါသည်လေ။ ဒါပေမဲ့ ဒီကိစ္စက မရိုးရှင်းဘူးလို့ ထင်တာပဲ။ ဘာဖြစ်လို့လဲဆို နာမည်ကြီးကုမ္ပဏီတစ်ခုက ကိုယ့်ကုမ္ပဏီ အသေးအမွှားလေးနဲ့ လက်တွဲအလုပ်လုပ်ဖို့ ကမ်းလှမ်းတယ်ဆိုတော့လေ။

ကိုယ့်ကုမ္ပဏီက

သူတို့အတွက် ဘယ်လောက်များအရေးပါနေမှာမို့လို့လဲ။ ဘာပဲဖြစ်ဖြစ် လက်တွဲဖြစ်မှာကတော့ အသေအချာပါ။ လောလော ဆယ် ကိုယ်တွေရဲ့အခြေအနေက ချောက်နှုတ်ခမ်းဝရောက်နေတာ မဟုတ်လား။ ဒုက္ခရောက်တော့မယ့် ကိုယ့်မိသားစုအတွက် အရိုးမှူး



www.burmeseclassic.com

www.burmeseclassic.com



တယ် ချေးခါးတယ်လုပ်နေလို့မှ မဖြစ်တာ။

"မမ"

"..................."

"ဒီအခွင့်အရေးကို မမ လက်လွှတ်ခံလို့ မဖြစ်ဘူးနော် မမ"

"စုန္ဒယ်"

"ရှင် မမ"

"ဒီကိစ္စက နိုးရိုးရှင်းရှင်းလေး မဟုတ်ဘူးလို့ မမထင်တယ်။ စိတ်မလောပါနဲ့ စုန္ဒယ်ရယ်။ သူတို့ကမ်းလှမ်းတာကို မမတို့က ချက်ချင်း လက်ခံလိုက်ရင် ကိုယ့်ဘက်က အငမ်းမရပုံစံဖြစ်သွားမှာပေါ့။ ကုမ္ပဏီရဲ့ ဂုဏ်သိက္ခာ၊ မမရဲ့ဂုဏ်သိက္ခာဆိုတာ ရှိသေးတယ်"

စုန္ဒယ် ခပ်တွေတွေလေး ဖြစ်သွားလေသည်။ ကိုယ်ကတော့ စေတနာနဲ့ လက်ခံစေချင်တာပါ။ အမှန်ပြောရရင် အရင်တုန်းက မင်းမဟာကို စုန္ဒယ် ကြည့်မရခဲ့လို့ ခုလိုအကြံပေးတာမျိုး သိပ်မရှိပေ။ ကိုယ်က အကြံပေးလည်း သူကမှ လက်မခံတာ။ အဲဒီလူက ဝန်ထမ်းတွေအပေါ် ဆက်ဆံတာလည်း မောက်မာသည်လေ။

အခု ...

မမနှင်းမပော်ကျတော့ ဝန်ထမ်းကို ညီအစ်မလိုဆက်ဆံတော့ ချစ်လည်းချစ် လေးလည်းလေးစားပါသည်။ ဒါကြောင့်ပဲ





စေတနာထားတာပါ။

"ကဲ ... စုန္ဒယ်"

"ရှင်"

"မမတို့ သွားရအောင်"

"ဟုတ်ကဲ့ မမ"

မပော်နဲ့စုန္ဒယ် ထွက်လာခဲ့ကြတော့သည်။ ကိုယ့်မိသားစုရဲ့ စီးပွားရေးနဲ့ ဂုဏ်သိက္ခာကို အဖတ်ဆယ်ဖို့အတွက် မပော့်ခေါင်းက သွားရင်းလာရင်းလည်း အနားမနေပေ။ အချိန်ရရင် ရသလောက် ဘာလုပ်သင့်လဲဆိုတာကိုပဲ စဉ်းစားနေရတာပေါ့။ ကားပေါ်တက်ကာနီး မှာ ...

"ရွှေရင်အေး မုန့်လက်ဆောင်း"

"..................."

"ရွှေရင်အေး မုန့်လက်ဆောင်း"

"..................."

"အစ်မတို့ ညီမတို့ အားပေးကြပါဦးနော်။ ရွှေရင်အေး မုန့် လက်ဆောင်း။ နေပူပူမှာ ရွှေရင်ပူရင်တောင် အေးစေမယ့် ရွှေရင် အေး မုန့်လက်ဆောင်း"

ရွှေရင်အေး မုန့်လက်ဆောင်းအော်သံက ကိုယ့်ရှေ့နှင့် နီးနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ်ဖြစ်ပြီး အထမ်းကြီး ကိုးရိုးကားရားနှင့်မို့ ကားတံခါးဖွင့်ဖို့ မလွတ်မလပ်ဖြစ်သွားတာကြောင့် မပော့် စိတ်တိုသွားရသည်။

"တောက်"

"ဒီကညီမတို့ နေပူနေတာ ရင်အေးသွားအောင် ရွှေရင်အေး အားပေးကြပါဦးလားဗျာ"

"ဒီမှာ"

ရှုပ်လိုက်တာလို့ ရန်လုပ်ဖို့ မျက်နှာကိုအကြည့် . . .

"ဟင်"

ဒီမျက်နှာ သူမ ရင်းရင်းနှီးနှီးကို မြင်ခဲ့ဖူးတာပါ။ နှစ်တွေကြာခဲ့ပေမယ့် မေ့ပစ်လို့မဖြစ်နိုင်ခြင်းနှင့် ကတိနဲ့အတူ ဝေဝေဝါးဝါး ပြန်ပြီး ခဏခဏ ပုံဖော်နေရတဲ့မျက်နှာပါ။ နေမဏိဆိုတဲ့လူ။ အရင်ကနဲ့မတူသလိုရှိအောင် ပြောင်းလဲခြင်းကတော့ အသားတွေဖြူလို့ ပိုပြီးလူရည်သန့်နေသလိုပါပဲ။

သူဆိုတာ ဟုတ်လား မဟုတ်လား မသေချာသေးပေမယ့် ရင်ထဲက အလိုလို လက်ခံမိတာကသူ။ နေမဏိဆိုတဲ့လူပဲပေါ့။ သူကလည်း မပော့်ကိုကြည့်ပြီး အံ့အားသင့်သွားဟန်နှင့်သာ။

"မင်း"

"..............."





"မင်း နှင်းမပော့် မဟုတ်လား။ ဟုတ်ပါတယ်၊ မင်းက နှင်း မပော့်ပါ"

"ရှင်ရော နေမဏိ မဟုတ်လား"

"ဟုတ်တယ်၊ ငါ နေမဏိပဲ"

ပြောပြီး နေမဏိက ပခုံးပေါ်က အထမ်းကိုချလိုက်လေသည်။ ပြီးတော့ ပြုံးစစနှင့် မပော့်မျက်နှာကိုကြည့်ပြီး . . .

"မင်းက အရင်ထက်ပိုလှလာတယ်။ ကံမကုန်တော့ ပြန်ဆုံကြပြန်ပြီနော်"

သူ့ကိုတော့ ကိုယ်က မိန်းကလေးမို့ ရှင်လည်းပိုချောလာတယ်လို့ ပြောစရာမလိုပါဘူး။ ကံမကုန်လို့ပြန်ဆုံကြတာတဲ့လား။ တွေ့ဆုံခြင်းမှာ သူပြောခဲ့တဲ့ နင့်ထက်သာတဲ့ဘဝဆိုတာ ဘယ်မှာလဲ။ သူ့ရဲ့ပြောင်းလဲမှုက ရွှေရင်အေးရောင်းခြင်းလား။

"ရေစက်ရှိသလို ဖူးစာပါတာလည်း ကျိန်းသေပြီထင်တယ်"

"ဘာ"

"နားမကြားဘူးလား"

မပော့် မျက်မှောင်ကြုတ်သွားပြီး သူ့ရဲ့ ဝေယျာဝစ္စတွေကို ငုံ့ကြည့်လိုက်ကာ . . .

"ရှင့်ဘက်က ဘာမှမပြောင်းလဲသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာကိုလဲ"

"ရှင် ဒါတွေရောင်းနေတာ"

"အချိန်တွေအများကြီးရှိပါသေးတယ် နှင်းမဟော်။ ဒါနဲ့ မင်းမှာ ချစ်သူတွေ ဘာတွေရှိနေပြီလား"

"ကျွန်မ ပေးထားတဲ့ကတိကို ကျွန်မ မဖျက်ပါဘူး။ အေးလေ . . . ရှင့်အတွက် အချိန်တွေရှိသေးတာပဲ။ ကြိုးစားပေါ့၊ ပြောသာပြောရတယ်"

မဟော် ဆက်မပြောပေမယ့် ဘာပြောချင်တယ်ဆိုတာကို နေမထိ သိပါသည်။

ဒါကြောင့် . . .

"အခု မင်းတို့ရဲ့စီးပွားရေးအခြေအနေက ဘယ်လိုရှိလဲ ပြောပြလို့ ရမလား"

"ဟင်"

"အရင်ထက် ဘယ်လောက်ပိုတိုးတက်လာသလဲလို့ မေးတာပါ"

အခြေအနေမှန်ကို ပြောပြလိုက်ရင် သူ ထခုန်သွားမလား။ ဒါမှမဟုတ် မဲ့ရွဲ့ပြီး အထင်သေးတဲ့မျက်လုံးနဲ့ ကြည့်မလား။ လျောင်ရယ်ပဲ ရယ်မလားတော့မသိပေ။ ဘာပဲဖြစ်ဖြစ် အခြေအနေမှန်ကို





ဖုံးကွယ်လိုက်ခြင်းက သူ့အတွက် အကျိုးသက်ရောက်မှုတစ်ခုတော့ ရှိမှာပါ။ သူ ကြိုးစားရင် ကြိုးစားသလောက် သူ့အတွက်ပဲ မဟုတ်လား။

ကိုယ့်ကြောင့် . . .

လူတစ်ယောက်ရဲ့ ဘဝတိုးတက်ပြောင်းလဲသွားတယ်ဆိုတာ မင်္ဂလာရှိခြင်းပဲလေ။

"ဖြေလေ"

"ဒီလိုပါပဲ"

"ဒီလိုပါပဲဆိုတာက"

"အရင်အတိုင်းပဲလို့ ပြောတာပါ။ ကျွန်မ သွားစရာရှိသေးလို့ ခွင့်ပြုပါဦး နေမထိ"

"ဩော် . . . ရွှေရင်အေးလေး သောက်သွားပါဦး မဟော်ရဲ့။ ကျွန်တော် အလကားတိုက်မှာပါ"

မဟော် ခေါင်းညိတ်လိုက်မိသည်။ သူနဲ့ကိုယ့်ကြားမှာ တစ်ခုခု ပြောင်းလဲသွားတာတော့အမှန်ပါပဲ။ အခြားတော့ မဟုတ်ပါဘူး။ အရင်က နင်နဲ့ငါပြောခဲ့ကြတာ။ အခုတော့ ကျွန်တော်နဲ့ကျွန်မ ပြောဖြစ်ကြတာလေ။ သူလည်း ယဉ်ကျေးတတ်လာပြီပေါ့။ သူတိုက်တဲ့ ရွှေရင်အေးကို မဟော်သောက်တော့ စုန့်နွယ်ကလည်း သောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်လို့ကောင်းရဲ့လား နှင်းမဟော်"

"ကောင်းပါတယ် ... ကျေးဇူးပဲနော်။ ကျွန်မတို့ကို သွားခွင့်ပြုပါဦး"

"ကျွန်တော်ကလည်း ကျွန်တော်တိုက်တဲ့ရွှေရင်အေးကို သောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

နှင်းမဟော် ထွက်သွားလေတော့ နေမဏီ ကျေနပ်စွာနှင့် ပြုံးလိုက်မိပါသည်။ အရင်ထက်တော့ မင်း ရင့်ကျက်လာပြီပဲ နှင်းမဟော်။ ငါ့ရဲ့ ရင့်ကျက်မှုတွေကတော့ မင်းအမေကြောင့် အရှက်ရ သိက္ခာကျပြီးမှ ရလာခဲ့တာပါ။

* * *



## အခန်း (၂၃)

ကိုယ့်ကမ္ဘာ အရင်အတိုင်း ရှင်သန်လည်ပတ်နိုင်ရေး အတွက် နေရင့်ရောင်ကမ္ဘာနဲ့ လက်တွဲဖို့ မဟော် ဆုံးဖြတ်လိုက်သည် လေ။ အခုလက်ရှိ ရှုယ်ယာဝင်တွေကိစ္စကို နေရင့်ရောင်ကမ္ဘာက သူတို့ပဲ ဖြေရှင်းပေးသွားမည်တဲ့။ သူတို့ကတော့ လောလောဆယ် ရှယ်ယာဝင်တွေကို ရှယ်ယာတွေ ပြန်ခွဲပေးပြီး ပြီးမှ သူတို့နဲ့ ပူးပေါင်း ရမယ်ပေါ့။

ကိုယ့်အပေါ် ဒီလောက်ကောင်းပေးတာ ...

ဘာရည်ရွယ်ချက်နဲ့လဲဆိုတာတော့ မဟော်မသိပါဘူး။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မိသားစုစီးပွားရေးခေါင်းပြန်မော့လာနိုင်အောင်တော့ လက်တွဲရမှာပဲလေ။ တစ်နေ့နေ့မှာ သူတို့ဘက်က အကြပ်ကိုင်ပြီး တစ်ခုခု တောင်းဆိုလာတာရှိရင်တော့ တစ်မျိုးဖြေရှင်းရမှာပေါ့။

"ခုလို ကျွန်တော်တို့ကုမ္ပဏီနဲ့ လက်တွဲမယ်လို့ ဆုံးဖြတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မနှင်းမဟော်။ ကျွန်တော်တို့ MD သိရင်လည်း ဝမ်းသာမှာပါ"

"မဟုတ်တာရှင်၊ ဒီစကားကို ကျွန်မကပြောရမှာပါ ကိုထက်အောင်။ ဘာလို့လဲဆို အခြေအနေ ယိမ်းယိုင်နေတဲ့ ကျွန်မတို့ကုမ္ပဏီကို နေရင့်ရောင်က လက်တွဲခေါ်ဖို့ ကမ်းလှမ်းလို့ပါ"

"ဟုတ်ကဲ့ ကျွန်တော်တို့ MD က ဒီကုမ္ပဏီကို လက်တွဲခေါ်ဖို့ မျက်စိကျသွားတာ ကျွန်တော်လည်း တော်တော်အံ့သြမိပါတယ်။ ဒါပေမဲ့ တစ်ခုပြန်စဉ်းစားရတာက MD က သူ့အကျိုးစီးပွားအတွက် ဘာမျှော်လင့်ချက်မှမရှိဘဲနဲ့တော့ အခုလိုကမ်းလှမ်းမှာ မဟုတ်ပါဘူး"

"ဟုတ်တာပေါ့ရှင်၊ အလုပ်လုပ်နေကြတာ ဘယ်သူမဆို ကိုယ့်အကျိုးစီးပွားအတွက်ပဲလေ။ ငွေရေးကြေးရေးနဲ့ အလုပ်လုပ်နေကြတာ။ ကျောက်ခဲ သဲနဲ့ ကောက်လုပ်နေကြတာမှ မဟုတ်ပဲ"

"မှန်တာပေါ့ဗျာ။ မနှင်းမဟော်ပြောတာ သိပ်မှန်တာပေါ့"





"ဒါနဲ့"

"ဘာများလဲ မနှင်းမဟော်"

"ရှင်တို့ MD နာမည်က ဦးနေမဏိနော်"

"ဟုတ်ပါတယ်ဗျာ၊ MD နာမည်က ဦးနေမဏိပါ။ နာမည်နဲ့လိုက်အောင် စိတ်ဓာတ်က မာတယ် ပြတ်သားတယ်။ အရမ်းတော်ပြီး အရမ်းထက်မြက်တဲ့ လူတစ်ယောက်ပေါ့ဗျာ"

နှင်းမဟော် လူနှစ်ယောက်ကို စိတ်ကူးထဲမှာ ယှဉ်ကြည့်နေမိသည်။ တစ်ယောက်က ကိုယ်နှင့်မစိမ်းသက်တဲ့သူဖြစ်ပြီး ကြိုးရာအလုပ်နဲ့ ရိုးသားစွာ ငွေရှာနေတာ အောက်ခြေလူတန်းစားဘဝနှင့်ပါ။ ဟိုနေ့က တွေ့ခဲ့တာတောင် ဈေးသည်အဖြစ်နဲ့လေ။ အခုထိ မပြောင်းလဲမတိုးတက်သေးတဲ့လူ။

တစ်ယောက်ကျတော့ . . .

ကိုယ်မမြင်ဖူးသေးဘဲ သူ့အကြောင်းကြားလိုက်ရသမျှ သို့လော သို့လော ဂုဏ်ပုဒ်တွေနှင့်လူ။ ဒီလူနှစ်ယောက်ဟာ နာမည်တူနေတယ်လေ။ ဘဝချင်းက ဘယ်လောက်တောင် ခြားနားနေသလဲ။ ဆုံလည်းဆုံတတ်ပ မဟော်နဲ့မှ နေမဏိဆိုတဲ့နာမည်တွေနဲ့ ဆုံဖို့အကျိုးပေးတာလေ။ ဒါပေမဲ့ တစ်ယောက်ကတော့ . . .

မဟော်နဲ့ ကတိတွေထားခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ယောက်ကတော့ သူ့ဘဝနဲ့သူ၊ သူ့မိသားစုဆိုတာ ရှိနေမှာပေါ့။

"ဟုတ်ကဲ့ . . . အခုလို အရမ်းတော်တဲ့လူနဲ့ လက်တွဲအလုပ် လုပ်ခွင့်ရတာ ကျွန်မ ဝမ်းသာပါတယ်ရှင်၊ တကယ်ပါ"

"ကဲ . . . မနှင်းမဟော်"

"ရှင်"

"အလုပ်ကိစ္စ ဆွေးနွေးပြီးသွားပြီဆိုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

ကောင်းပါပြီရှင်ဆိုပြီး မဟော် ဒီအတိုင်း ထိုင်ကျန်ခဲ့တာ မဟုတ်ပေ။ ကိုထက်အောင်ရဲ့ နောက်ကနေ လိုက်ခဲ့ပြီး ကားနားအထိ လိုက်ပို့ပေးသည်တွင် . . .

"နှင်းမဟော်"

"ဟင်"

အသံကြားရာဆီသို့ လှည့်ကြည့်လိုက်တော့ အနားကိုရောက် လာသူက နေမဏီပါ။ သူ ဘာလာလုပ်တာလဲ။

"နေမဏီ"

"ဟိုနေ့က နှင်းမဟော် . . . ရွှေရင်အေးသောက်တာ





သောက်ကောင်းတယ်ဆိုလို့ လာပို့တာပါ"

"ကျွတ်"

နေမဏီက ရွှေရင်အေးထည့်လာတဲ့ ချိုင့်လေးကို မြှောက်ပြ လေတော့ မဟော် စိတ်ပျက်စွာ ခေါင်းခါလိုက်မိသည်။ ဒီအချိန်မှာမှ ရွှေပြီး သူ ဘာလို့ ရောက်လာရတာလဲ။ စိတ်ပျက်ဖို့ကောင်းလိုက်တာ။ ကိုထက်အောင် ဘယ်လိုထင်သွားမယ်မသိပါဘူး။ မဟော် ကိုထက် အောင်ကို စိတ်မလုံစွာနှင့် ကြည့်လိုက်မိကာ . . .

"ရော့ . . . ယူလေ နှင်းမဟော်"

"ဒီမှာ"

"ဟင်"

"ဟိုနေ့က ရှင်က စေတနာနဲ့ တိုက်တာမို့လို့ ရှင့်စေတနာ ဒါနမြောက်အောင် ကျွန်မ သောက်ခဲ့တာလေ။ ကောင်းတယ်ဆိုတာ ကတော့ အမှန်ပါပဲ"

"အခုလည်း ကျွန်တော်က စေတနာနဲ့ သောက်စေချင်လို့ လာပို့တာလေ"

"ဒါပေမဲ့ . . . ကျွန်မ ရွှေရင်အေး မကြိုက်ဘူး"

"ဟင်"

ချိုင့်ကမ်းပေးတဲ့ နေမဏီ လက်ကို ပြန်ရုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ထက်အောင်က အားနာသလိုလို သနားသလိုလို ဖြစ်သွားပြီး

"ဩော် မနှင်းမဟော်က ရွှေရင်အေးမကြိုက်ဘူးလား။ ကျွန်တော်ဆို အရမ်းကြိုက်တာဗျ။ မနှင်းမဟော်မကြိုက်လို့ မသောက်ချင်ရင် ဒီလိုလုပ်ပါလား"

"..............."

"ဘယ်လိုလဲ ကိုထက်အောင်"

ထက်အောင် နေမထိကို ကြည့်လိုက်ပြီး ...

"ညီလေး"

"................."

"နှင်းမဟော်က မကြိုက်လို့ မသောက်ချင်ဘူးဆိုတော့ အစ်ကိုကို ပြန်ရောင်းလေ ဖြစ်တယ်မို့လား"

"ဩော် ... ဟို မရောင်းပါဘူး အစ်ကို။ အစ်ကိုကြိုက်တယ်ဆိုရင် သောက်ပါ။ ဘယ်သူပဲသောက်သောက်ပါ ကျွန်တော့်စေတနာက ဘယ်သူမှ ဘယ်ဝါမှလို့ မခွဲခြားပါဘူး။ ရော့ ... သောက်ပါဗျာ"

နေမထိက ကြည်ကြည်ဖြူဖြူနှင့် ကမ်းပေးတဲ့ ချိုင့်ကို ကိုထက်အောင် ယူလိုက်လေသည်။ နှစ်ယောက်စလုံးက လူလူချင်းဘာမှ မခွဲခြားတဲ့သရုပ်ကို ပြနေတော့ နှင်းမဟော်က ခွဲခြားသူလို ဖြစ်မနေဘူးလား။ မဟော် စိတ်ထဲမှာ စနိုးစနောင့်နှင့်ပဲ။





"နေမထိ"

"................."

"ရှင်နဲ့ကျွန်မရဲ့ ကတိအတိုင်း စံချိန်စံညွှန်း မကိုက်ညီသေးခင် ကျွန်မနဲ့ဝေးဝေးနေပါ။ ကျွန်မ ဒါပဲပြောချင်တယ်"

မဟော် ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်လာခဲ့တော့သည်။ ဘယ့်နှယ်သူများတွေ စိန်ကောင်းကျောက်ကောင်းရောင်းနေကာမှ ဆေးရိုးသည် ဝင်လုပ်ရသည်လို့။

ဟူး ...

သူနဲ့မဟော်ကို ဟိုလူက ဘယ်လိုထင်သွားမယ်မသိတော့ပါဘူး။ ဘယ်လိုပဲထင်ထင် ခုမှ ဘာတတ်နိုင်တော့မှာတဲ့လဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

နှင်းမဟော် လက်ပ်တော့ပ်တစ်လုံးနှင့် အလုပ်လုပ်နေစဉ် ခြေသံကြားပေမယ့် လှည့်မကြည့်ဖြစ်ပေ။ မဟော်က အလုပ်လုပ်ပြီဆိုကတည်းက စိတ်ရောကိုယ်ပါ အလုပ်ထဲမှာပဲ နှစ်ထားတတ်သူလေ။ အခုလည်း ကြားရတဲ့ခြေသံရှင် ကိုယ်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်အထိ ...

ဘယ်သူဘယ်ဝါဆိုတာကို မော့မကြည့်ဖြစ်ပေ။

"မဟော်"

"..................."





"မဟော်"

"..................."

"ဟဲ့ မဟော်၊ ငါခေါ်နေတယ်လေ နားမကြားဘူးလား"

ခပ်ငေါက်ငေါက်ပြောလိုက်တာမို့ မဟော် ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး ...

"နားကကြားတယ်လေ မျက်လုံးကမကြည့်အားတာ။ ဒီမှာ မဟော် အလုပ်လုပ်နေတာ ကိုကိုမမြင်ဘူးလား။ ပြောစရာရှိရင်လည်း နည်းနည်းပါးပါးတော့ စောင့်ဦးမှပေါ့"

"ဟား ... စကားလုံးတွေက ကြီးကျယ်လိုက်တာ။ မနေ့က တစ်နေ့ကမှ ဒီအလုပ်ကိုလုပ်ပြီး ဆရာကြီးလေသံနဲ့ အထက်စီးမဆန်စမ်းပါနဲ့ မရွှေမဟော်ရယ်။ ဒီအလုပ်ကို ငါလည်း လုပ်ဖူးပါတယ်"

"လုပ်ဖူးပေမယ့် လုပ်ပုံလုပ်နည်းကမတူဘူး ကိုကို။ မဟော်က အလုပ်ကို အလုပ်နဲ့တူအောင် လုပ်နေတာ"

"ကျွတ်"

မင်းမဟာ စိတ်ပျက်လက်ပျက်နှင့် ဆံပင်တွေကို ထိုးမွှပ်လိုက်မိသည်။ ကိုယ် အလုပ်လုပ်ခဲ့တုန်းကတော့ သူ ဒီလိုအသံထွက်သလား။

"ကိုကို ဒီအလုပ်ကို လုပ်ဖူးပေမယ့် ကိုကိုလုပ်ခဲ့တုန်းက



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ကိုကို သိပါတယ်။ အခု မဟော်လုပ်နေရတာက သေမယ့်ဆဲဆဲ လူမမာကို အသက်လုပြီး ကုနေရသလိုမျိုးပဲ"

"တော်စမ်းပါ မဟော်ရယ်။ နင်လည်း ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတာပါ။ လက်တွဲခေါ်မယ့်သူရှိလို့ အခြေအနေတစ်ခုကို ထိန်းထားနိုင်တာ ဖင်ခေါင်းကျယ်မနေစမ်းပါနဲ့"

ဒီစကားပဲ ထွက်လာမယ်ဆိုတာ မဟော်သိသားပဲ။ ဒီအရွယ်ပဲ ရောက်နေပြီး မိဘအပေါ် မသိတတ်၊ စီးပွားရေးလည်း နားမလည်။ အိမ်မှာ ကူညီလောင်ဖက်လည်းမရသည့်အပြင် တစ်နေ့တစ်နေ့ အပြင်ပဲထွက်ပြီး ပြန်လာတော့ မူးလာတဲ့အခါလည်း မနည်း။ မိဘတွေ စိတ်ဆင်းရဲမှာကိုလည်း မပူတတ်ပေ။

သူသာသိတတ်ရင် နားလည်ရင် ...

မဟော်တို့စီးပွားရေး ဒီလောက်အထိ အခြေအနေ ယိုင်သွားစရာမှ မလိုပဲဉစ္စာ။

"ကိုကိုကလေ ကိုယ်ကိုယ်တိုင် အသုံးမကျလို့ သူများလုပ်တာကို အကောင်းမြင်ပေးမလားဆိုတော့လည်း မမြင်တတ်ဘူး။ မကူညီရင်နေ မနှောင့်ယှက်ပါနဲ့"

"ဘာ"

"..............."





"ဒီမှာ မဟော်"

"................"

"ငါ နင့်ဆီကိုလာတာ နင်ဆိုးမတာနာခံဖို့မဟုတ်ဘူးနော်။ ငါက နင့်ထက်အကြီး။ မိုးအောက်က လှန်မရှာချင်နဲ့"

"ဒါဆို ကိုကို ဘာလာလုပ်တာလဲ"

"နင့်ဆီမှာ ပိုက်ဆံတစ်သိန်းလောက်တောင်းမလို့"

ကိုယ့်ဆီမှာ ပိုက်ဆံလာတောင်းတဲ့ လေသံက ကြွေးရစရာရှိလို့ လာတောင်းတဲ့ ကြွေးရှင်ရဲ့လေသံနဲ့ပါလား။ တော်တော် ပေးချင်စရာကောင်းတယ်။ ပေးလို့ရမှန်းသိရင် ဒီလိုပဲ ခဏခဏ လာတောင်းနေဦးမှာပဲလေ။ မပေးပြန်တော့ ကိုယ်ကအငယ်မို့ အကြီးဆိုတဲ့ အာဏာပါဝါတွေပြဦးမှာ။

အဲဒီတော့ ...

"တစ်သိန်း ဟုတ်လား"

"ဟုတ်တယ်"

"အဲဒီလောက်တောင် မင်းက ဘာလုပ်ဖို့တောင်းတာလဲ မင်းမဟာ။ ငွေဆိုတာ ရေမဟုတ်ဘူးနော်။ ကိုယ်ကအဖြစ်မကြုံဘဲ အငယ်ဆီ လက်ဖြန့်တောင်းနေတာ ရှက်တတ်ရင် မင်း လဲသေလို့ရတယ်"

ပါးစပ်ကပြောရင်း ခြေလှမ်းတွေ အနားရောက်လာတာက



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေပါ။

"တစ်သိန်းမပြောနဲ့ တစ်ထောင်တောင်မပေးနဲ့ သမီး။ အလကား မိဘကိုလည်း အကျိုးမပြု၊ တိုင်းပြည်အတွက်ဆိုတာ ဝေးရော။ ဆန်ကုန်မြေလေး။ ကိုယ်သုံးဖို့ပိုက်ဆံတောင် ကိုယ်မရှာနိုင်တာ ယောကျာ်းတဲ့လားကွ"

မင်းမဟာ ဖခင်ကို ကြည့်လိုက်တဲ့အကြည့်က ရန်သူတစ်ယောက်လိုပါ။ ဒီလိုပြောတော့လည်း မခံနိုင်ပြန်ဘူးလေ။ ဒါကြောင့် ထထွက်သွားတဲ့ ခြေလှမ်းတွေက ဘယ်မှာ ညင်သာမှာတဲ့လဲ။ နင်ပဲငဆ ပြန်ပြောမသွားတာကိုပဲ ကျေးဇူးတင်ရဦးမည်သာ။

"တောက်"

* * *



## အခန်း (၂၅)

ဒေါ်တင်မလတ် ခင်ပွန်းသည်ကို ဆေးခန်းပြပေးပြီးနောက် အိမ်မှာ လိုအပ်တာလေးတွေကိုလည်း တစ်ခါတည်း ဝင်ဝယ်လာခဲ့သည်လေ။ စီးပွားရေးအခြေအနေ ယိုင်သွားပြီးဆိုကတည်းက ဦးဘုန်းမဟာမှာ စိတ်ထောင်းလို့ကိုယ်ကြေဖြစ်ပြီး ကျန်းမာရေး မကောင်းပေ။

အခု သမီးရဲ့ ကြိုးစားမှုကြောင့် . . .

စီးပွားရေးက ပြန်ပြီးဦးမော့လာပေမယ့် စွဲကပ်သွားတဲ့ရောဂါဝေဒနာကတော့ ချက်ချင်းပြန်မပျောက်သေးဘူးလေ။ ဒီတော့မှုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နေတဲ့။ တကယ်တော့ ဦးဘုန်းမဟာဆိုတာ လုပ်နိုင်ကိုင်နိုင်နဲ့ ဖလန်းဖလန်း ထနေနိုင်သေးတဲ့အရွယ်မှာ ကိုယ့်သားကို တတ်စေချင် တော်စေချင်သော ဆန္ဒနှင့် အားကိုးပြီး ကုမ္ပဏီကို ဦးစီးစေခဲ့တာ။

ကိုယ့်လက်တွေ ခြေထောက်တွေကို ကိုယ့်ဘာသာ ရိုက်ချိုးလိုက်သလိုပါပဲ။ တကယ်ဆိုရင် တတ်စေချင်လည်း ကိုယ့်လက်အောက်မှာထားပြီး အောက်ခြေကစ လက်တွဲသင်ပေးလို့ ရတယ်မဟုတ်လား။ အခုတော့ . . . သားကိုယုံပြီး ပုံအပ်ပစ်လိုက်တာ၊ နောက်ထပ်အားကိုးစရာ သမီးတစ်ယောက်ရှိနေသေးလို့ တော်သေးတာပေါ့။

"ဟယ် . . . တင်မ"

". . . . . . . . . . . . ."

"တင်မ"

"ဟင်"

ခေါ်သံနှင့်အတူ ကိုယ့်လက်မောင်းကို လာရောက်ဆုပ်ကိုင်လိုက်တာမို့ ဒေါ်တင်မလတ် လှည့်ကြည့်လိုက်စဉ် . . .

"ဟယ် . . . ဒေဝီ"

"ဟုတ်ပါ့ရှင် . . . နေကောင်းရဲ့လား တင်မ။ တို့တွေ မတွေ့ဖြစ်ကြတာ တော်တော်ကြာပြီနော်။ နည်းနည်းဝိန်သွားသလိုပဲ၊ ကျန်းမာ





ရေး ကောင်းရဲ့လား တင်မရယ်"

"ကျန်းမာရေးက ကောင်းပါတယ် ဒေဝီရယ်။ မကောင်းတာက စိတ်ပါ"

"ဟင် . . . ဘာဖြစ်လို့လဲ တင်မရဲ့"

"ဒီလိုပါပဲ ဒေဝီရယ် . . . အမျိုးသားက ကျန်းမာရေးမကောင်းဘူးလေ။ အခုလည်း သူ့ကို ဆေးခန်းလာပြရင်း အိမ်မှာလိုအပ်တာလေးတွေ ဝင်ဝယ်တာပါ"

"ဩော် . . . ဟုတ်လား"

ဒေါ်တင်မလတ် အပြုံးနှင့်ပဲ ခေါင်းညိတ်ပြလိုက်မိ၏။ အရင်ကလို သူငယ်ချင်းတွေ တွေ့ကြတယ်ဆိုပြီး စားကြသောက်ကြ စကားပြောကြနဲ့ အချိန်ဖြုန်းမနေနိုင်တော့ဘူးလေ။

အခု ဒေဝီတို့ရဲ့စီးပွားရေးက ကိုယ်သိထားသလောက် ကိုယ့်ထက်သာတဲ့အခြေအနေမှာ ကိုယ်က မျက်နှာငယ်ငယ်နဲ့ ဆက်စကားပြောမနေချင်တော့ပါဘူး။

ဒါကြောင့် . . .

"ကဲ . . . ဒေဝီ"

"ဟင်"

"အရင်လို တင်မ ဒေဝီနဲ့ အေးအေးဆေးဆေး စကားမပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့တဲ့အတွက် စိတ်မရှိပါနဲ့နော်။ ကားပေါ်မှာ အမျိုးသား ထိုင်စောင့်နေလို့ပါ"

"ဟုတ်လား။ ဪ ... အင်းပါ တင်မရယ်"

"တင်မ သွားမယ်နော်"

ဒေဝီကိုနှုတ်ဆက်ပြီး ဒေါ်တင်မလတ် ထွက်လာခဲ့တော့သည်။ ကိုယ်က သူငယ်ချင်း အချင်းချင်းယှဉ်ရင်တောင် အမြဲတမ်း လက်မထောင်ချင်သူ။ အခု ကိုယ့်လက်မက လျော့ရှိ လျော့ရဲ ဖြစ်နေရတဲ့အချိန်မှာ ကိုယ့်မိသားစုအကြောင်း ဖောက်သည်မချချင်ဘူးလေ။

"ရွှေရင်အေး မုန့်လက်ဆောင်း"

"..............."

"ရွှေရင်အေး မုန့်လက်ဆောင်း"

ဒေါ်တင်မလတ် ခြေလှမ်းတွေ တုံ့ခနဲရပ်သွားလေသည်။ ဘာလို့လဲဆို ရွှေရင်အေးသည်က ကိုယ့်ကားနံဘေးမှာ အထမ်းကိုချပြီး အော်ဟစ်ရောင်းနေလို့ပါ။ ကားထွက်ဖို့ မလွတ်မလပ်ဖြစ်နေမှာလေ။ ဒါကြောင့် တစ်ခါတည်း ရှင်းမှပါ။

"ဒီမှာ ... ဒီမှာ"

ဈေးသည်က ကြားဟန်မတူပါပဲ။





"ရွှေရင်အေး မုန့်လက်ဆောင်း။ နေပူပူမှာ ရွှေရင်ပူတာကို အေးစေမယ့် ရွှေရင်အေး မုန့်လက်ဆောင်းနော်။ အားပေးကြပါဦးဗျား ရွှေရင်အေး မုန့်လက်ဆောင်း"

"ဒီမှာ သူငယ် ... ဒီမှာ"

"ရွှေရင်အေး မုန့်လက်ဆောင်း"

"ကျွတ် ... ဒီလောက်ခေါ်နေတာ မကြားဘူး။ ဒီမှာ သူငယ် ဒီမှာ"

"ဗျာ"

စိတ်မရှည်စွာနှင့် ပခုံးကို ခပ်ဆတ်ဆတ် ပုတ်ခေါ်လိုက်မှပဲ လျှော်ထိုးဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတဲ့ မျက်နှာက မော့လာလေသည်။ မျက်နှာကိုမြင်လိုက်တော့ ...

"ဟင်"

"ကျွန်တော့်ကို ခေါ်တာလား"

သူမ ဒီမျက်နှာ ဒီမျက်နှာကို မှတ်မိနေပါသည်။ ဟုတ်လား။ သူပဲလား။ ဒါမှမဟုတ် ရုပ်ချင်းတူတာလား။ အာရုံထဲမှာ ဇဝေဇဝါ ပေမယ့် မမေ့နိုင်စရာတွေ ရှိခဲ့လို့ပဲ မှတ်မိနေတာပါ။ သူကလည်း သူမကို မြင်တော့ ...

"ခင်ဗျား ဒေါ်တင်မလတ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သိသိနဲ့ မေးလိုက်တာလေ။ ဟန်ကိုယ့်ဖို့ပဲ မဟုတ်လား။ သူတို့နဲ့ နေမဏိက အမှောင်ကလူနဲ့ အလင်းကလူ။ နေမဏိ ဘာလုပ်တယ် ဘယ်သွားတယ်ဆိုတာ သူတို့က မသိပေမယ့် သူတို့ ဘာလုပ်တယ် ဘယ်သွားတယ်ဆိုတာကိုတော့ နေမဏိက သိနေသည်လေ။ သိဆို သိချင်လို့ စုံစမ်းနေခဲ့တာပဲကိုး။

"နှင် ... နှင်က"

"ကျွန်တော် နေမဏိပါ"

ဒေါ်တင်မလတ် နှုတ်ခမ်းလေးမဲ့ခနဲဖြစ်သွားပြီး ...

"အဟွန်း ... တော်တော်တိုးတက်ပြောင်းလဲလာတာပဲနော်။ တော်တော့်ကို ကြိုးစားလိုက်ရမှာပဲ"

ဒီလို ခနဲ့မယ်ဆိုတာကို နေမဏိသိပြီးသားပဲလေ။ နေမဏိကို အထင်သေးခဲ့တဲ့ မိန်းမကြီး။ နေမဏိဘဝကို ဖျက်လိုဖျက်ဆီးနဲ့ အမှောင်ကျစေချင်ခဲ့တဲ့ မိန်းမကြီး။ ဒါပေမဲ့ နေမဏိရဲ့ဖာတာကလည်း ပိုးထိုးနေတာမဟုတ်တော့ သူများနင်းချိုးတိုင်း မကျိုးခဲ့ဘူးလေ။

အညွန့်ကိုချိုးလိုက်မှ အခက်တွေ ထပ်ဝေလာတာမျိုးပေါ့။ လူတစ်ယောက်ရဲ့ အတိတ်ကပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်ကြောင့် ဖြစ်တည်လာတဲ့ ကံကို ဘယ်သူကမှ ပယ်ဖျက်လို့ မရသလို တုပြိုင်လို့ လည်းမရဘူးဆိုတာ နားမလည်တာ အံ့ပါ။





"ကျွန်တော် ရေကူးတတ်ပါတယ် ဒေါ်တင်မလတ်"

"ဘာ"

"ငါမသေဘူး ရေကူးတတ်တယ်ဆိုတာမျိုးလေ။ ခင်ဗျားက ကျွန်တော့်ကို ရေတိမ်မှာနစ်သေအောင် ကန်ချခဲ့ပေမယ့် နေမဏိဆိုတဲ့ ကောင်က ရေကူးတတ်တယ်လို့ ပြောတာပါ"

"ရေကူးတတ်ရုံနဲ့တော့ ဘာလုပ်လို့ရမှာလဲ။ နှင် တောင်းထားတဲ့အချိန် တစ်ဝက်ကျော်သွားပြီ၊ အခုထိ"

စကားစကိုဖြတ်ထားပြီး အကြည့်က နေမဏိရဲ့အထမ်းဆီသို့ ရောက်သွားပြီးလေလျှင် ...

"ဒီဖင်နဲ့ ရွှေခုတင်ကို ထိုင်ရပါလိမ့်မယ်"

"ကျွန်တော် နှင်းမဟော်ကို လာတောင်းတော့မှာပါ"

"ဘယ်တော့လဲ"

"သူ့ရဲ့ birthday ကျရင်ပေါ့"

"ဘာ"

ဒေါ်တင်မလတ်က မျက်မှောင်ကြုတ်ပြီး ကြည့်လေတော့ နေမဏိ မထိမဲ့မြင်ပုံစံနှင့် ပြုံးလိုက်လေသည်။ မယုံဘူးဆိုတာ သိသာပဲ။ နှင်းမဟော်ရဲ့ birthday က နီးနေပြီပဲဥစ္စာ။

"ဘယ်နှစ် birthday ကို နှင်ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ပေါ့ဗျာ"

အထင်သေးတဲ့မျက်ဝန်းတွေကို နေမဏီက ရဲရဲခြင်းမျက်ဝန်းနှင့် တုံ့ပြန်လိုက်သည်။ လမ်းဘေးမှာ ဈေးရောင်းနေတဲ့သူမှာရောလုံလောက်တဲ့ငွေကြေးဥစ္စာ မရှိရဘူးတဲ့လား။

"နှင့်လို လမ်းဘေးဈေးသည်က ငှါသမီးကို လာတောင်းမယ်ဟုတ်လား နေမဏီ"

"ဟုတ်တယ်လေ၊ ဘာလဲ မယုံဘူးလား"

"ထားပါ၊ နှင် ငှါသမီးကို ဘာနဲ့တင်တောင်းမှာလဲ။ ဘယ်လောက်နဲ့ တင်တောင်းမှာလဲ"

"ဒေါ်တင်မလတ်က တော်တော်ဈေးစကားပြောတာပဲနော်။ ခင်ဗျားသမီးနဲ့ တန်သလောက်တော့ရမှာပေါ့"

"ကြည့်စမ်း"

နေမဏီစကားကြောင့် ဒေါ်တင်မလတ် ဒေါသထွက်ရပြန်ပြီလေ။ ကိုယ့်ကို ဈေးစကားပြောတယ်ဆိုတော့ ကိုယ့်သမီးက ဘယ်လိုအဆင့်အတန်း ရောက်သွားပြီလဲ။

"နှင်စကားပြောတာ မမိုက်ရိုင်းနဲ့ နေမဏီ"

"ဟောဗျာ ... ကျွန်တော့်စကားထဲမှာ ဘာများ မိုက်ရိုင်းမိလို့လဲ။ ခင်ဗျားစကားအရ ကျွန်တော်ကပြန်ပြောရတာလေ"





"တင်မ"

ဦးဘုန်းမဟာ အားလုံးကိုကြားနေရသဖြင့် ကားပေါ်မှ ဆင်းလိုက်သည်။

လူကြီးနဲ့လူငယ် လူကြီးက မချေမငံ ဆက်ဆံပြောဆိုနေမှတော့ လူငယ်က ချေပမှာပေါ့။

နေမဏီရဲ့စကားတွေက စည်းလွတ် ဘောင်လွတ်မှ မဟုတ်ဘဲလေ။

"သူပြောတာလည်း မှန်တာပဲလေကွာ။ မိန်းကလေးဆိုတာအပျိုစင်ဘဝမှာ ရောင်းကုန်ပစ္စည်းနဲ့ အတူတူပဲ။ တောင်းရမ်းစေ့စပ်တယ်ဆိုတာ ဈေးဖြတ်တဲ့ပွဲပဲလေ။ အိမ်ထောင်ပြုလိုက်ပြီဆိုရင် အဲဒီမိန်းကလေး တန်ဖိုးပြတ်ပြီပဲကွ"

"ဟဲ ဟဲ ... ဦးဘုန်းမဟာကမှ သဘောပေါက်သေးတယ်။ ခုလို ရှင်းပြပေးတာ ကျေးဇူးပဲဗျာ။ နောက်မှဆုံကြတာပေါ့။ အခုဒါတွေ ကုန်အောင် ကျွန်တော် သွားရောင်းလိုက်ပါဦးမယ်"

နေမဏီ သူ့အထမ်းလေးကို ကောက်ထမ်းပြီး ထွက်သွားလေတော့ ...

"တွေ့လား ပြောသွားတာ။ လမ်းဘေးဈေးသည်က လမ်းဘေးစကားပဲ ပြောသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ . . . သူ့အပြောနဲ့အလုပ် ညီလား မညီလား စောင့်ကြည့်လိုက်စမ်းပါ"

"တောက်"

ဒီနေ့ ပြဿဒါးမလွတ်ဘူးထင်ပါရဲ့။ ပိုဆိုးတာက ဒင်းနဲ့မှ လာတွေ့ရတာယ်လို့။

* * *



## အခန်း (၂၆)

မပော် အိပ်ရာကထပြီး ရေချိုးခန်းသို့ ဝင်ခဲ့သည်။ ဘယ်ရာသီပဲဖြစ်ဖြစ် အိပ်ရာကထပြီးတာနဲ့ ရေချိုးလိုက်ရမှ မပော် စိတ်ထဲမှာ တစ်နေကုန်လန်းသည်လို့ ထင်ရသည်လေ။ တစ်ခါတလေ ရေမချိုးဘဲ နေကြည့်တာ နေလို့မရပါဘူး။ အဲဒီလိုနေ့ဆို ရေမချိုးမချင်း စိတ်ထဲမှာနောက်နေပြီး ဟိုက ယားသလိုလို ဒီကယားသလိုလို ဖြစ်နေတတ်တာလေ။

ရေချိုးပြီးတော့ . . .

မှန်တင်ခုံရှေ့မှာ မပော် သနပ်ခါးလိမ်းနေစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ကျွန်ုပ်ရဲ့ xxx ဟာ မ ကိုင်ဘူးကွာ xxx ဘယ်ကောင့် ဖုန်းလာလာ မကိုင်ဘူးကွာ xxx ဟင်း"

"ဟင်"

ဖုန်းလာနေသဖြင့် အသံမြည်လျက်ကြီးနှင့် ဒေါ်ထွေး ယူလာတဲ့ ဖုန်းဆီသို့ အကြည့်က ရောက်သွားလေသည်။

"ဖုန်းလာနေတယ် မဟော်၊ မဟော်နဲ့ စကားပြောချင်လို့ပါတဲ့။ စောစောက ဖုန်းချသွားပြီး အခု ထပ်ခေါ်တာ"

"ဟုတ်လား၊ ဘယ်သူတဲ့လဲ ဒေါ်ထွေး"

"အဲဒါတော့ ဒေါ်ထွေး မမေးလိုက်မိဘူးကွဲ့"

"ပေး ပေး"

မဟော် ဖုန်းကိုယူပြီ နံပါတ်ကို ကြည့်လိုက်တော့ မဟော်နဲ့ မရင်းနှီးတဲ့ဖုန်းနံပါတ်ပါ။ ဖုန်းလုံးလေးကိုခွဲပြီး မဟော် ဖုန်းကိုနားမှာ ကပ်လိုက်ကာ . . .

"ဟယ်လို အမိန့်ရှိပါရှင်"

တစ်ဖက်မှ ဘာမှ တုံ့ပြန်သံမကြားရသဖြင့် လိုင်းမကောင်းတာများလားလို့ မဟော် ထပ်ပြီးအသံပေးလိုက်သည်။

"ဟယ်လို"

". . . . . . . . . . . . . . . . . ."





"ဟယ်လို အမိန့်ရှိပါရှင်"

"Happy birthday ပါ နှင်းမဟော်။ မွေးနေ့မှစ၍ နောင်အနှစ်တစ်ရာနှစ်ဆယ်တိုင် ပျော်ရွှင်စွာနဲ့ ဘဝခရီးလမ်းကို အေးချမ်းစွာ ဖြတ်သန်းနိုင်ပါစေ"

"ဟင်"

မဟော် အံ့ဩသွားရလေသည်။ ဟုတ်သားပဲ၊ ဒီနေ့ မဟော့် မွေးနေ့ပဲလေ။ ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေတာ။ ကိုယ်တောင်မေ့နေတဲ့ ကိုယ့်မွေးနေ့ကို သတိရစွာနဲ့ အခုလို ဖုန်းဆက်ပြီး ဆုတောင်းပေးတာ ဘယ်သူများပါလိမ့်။ ဒီအသံကိုကြားတော့ ကြားဖူးသလို ရှိနေသည်သာ။

"အရမ်း အံ့ဩသွားလား နှင်းမဟော်"

"ဟုတ်တယ်၊ ကျွန်မမွေးနေ့ကို ကျွန်မတောင်မေ့နေတာ"

"ဖြစ်ရမယ်"

ပြောပြီး ရယ်သံခပ်တိုးတိုးက နားထောင်လို့ ကောင်းလိုက်တာ။ သူ ဘယ်သူလဲ။

"ဟို စိတ်တော့မရှိပါနဲ့နော်။ အခု ဖုန်းဆက်ပြီး မဟော့် မွေးနေ့မှာ ဆုတောင်းပေးတာ ဘယ်သူများလဲမသိဘူး"

"မင်းနဲ့ရင်းနှီးခဲ့ဖူးတဲ့ လူတစ်ယောက်ပါ။ မင်းကိုယ့်အသံကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်မမှတ်မိဘူးလား"

"ဟုတ်ကဲ့၊ တကယ် မမှတ်မိလို့ မေးနေတာပါရှင်"

"ကိုယ် နေမဏိပါ"

"ရှင်"

မဟော် မျက်လုံးလေးဝိုင်းသွားလေသည်။ နေမဏိက သူမ မွေးနေ့ကိုသိနေတယ်တဲ့လား။ ဒါနဲ့ နေမဏိဆိုတော့ ဘယ်နေမဏိပါလိမ့်။ နေရှင့်ရောင်ကုမ္ပဏီရဲ့ MD ကလည်း နာမည်က နေမဏိပဲလေ။ ဒါပေမဲ့ မဟော် သူ့ကို ဖြူသလား မည်းသလား တစ်ခါမျှ မမြင်ဖူးသေးပါဘူး။

အခုပြောနေတာ ...

အသံကချိုနေပေမယ့် ကိုယ့်နေမဏိအသံဖြစ်နေပြန်ရော။ အဲ ကိုယ့်နေမဏိလို့ပြောရအောင် သူနဲ့ကိုယ်က ဘာမှလည်းမဆိုင်ဘဲနဲ့။ နာမည်ကတူနေတော့ ထားပါတော့။ ကိုယ့်နေမဏိလို့သုံးတာ သူများသိတာမှတ်လို့။ ကိုယ့်နေမဏိက စကားပြောရင် ဘုကန့်လန့်ဆိုတော့ အခုပြောနေတဲ့လူရဲ့အသံက ချိုသည်လေ။

ဒါဆို ...

"နှင်းမဟော်"

"ရှင်"





"မင်းအမေက မင်းကို ဘာမှပြောမထားဘူးလား"

"ဟင့်အင်း ... ဘာမှပြောမထားပါဘူး"

"ဒါဆို ကိုယ်ပဲ ပြောပြပါ့မယ်"

ပြောပြမယ်ဆိုပြီး ချက်ချင်း ဆက်မပြောပေ။ နှင်းမဟော်ကတော့ နားစွင့်နေသည်သာ။

"ကိုယ် အခု မင်းတို့အိမ်ကိုလာနေပြီ"

"ဟင် ... ဘာကိစ္စရှိလို့လာမှာလဲ"

"မင်းကိုလာတောင်းမှာ"

"ရှင်"

နှင်းမဟော်လက်ထဲက ဖုန်းပင်လွတ်ကျမတတ် ဖြစ်သွားလေသည်။ မဟော်ကို လာတောင်းမှာတဲ့။ မေမေ့ကိုပြောထားတယ်တဲ့လား။ မေမေက မဟော်ကို ဘာမှမပြောပါဘူး။ ဘာလို့မပြောတာလဲ။ ဒါနဲ့ ဒါဆို အခု ဖုန်းပြောနေတဲ့ နေမဏိက ...

"နေပါဦး ... အခုဖုန်းပြောနေတာ ဘယ် နေမဏိလဲ"

"နေမဏိက ဘယ်နှစ်ယောက်ရှိနေလို့လဲ နှင်းမဟော်။ မင်းနဲ့ ကတိကဝတ်တွေ ပြုခဲ့ကြတဲ့ နေမဏိပဲပေါ့။ ဘာလဲ ကတိကိုမေ့နေပြီလား"

"မမေ့ မမေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"Ok ကိုယ် မင်းတို့အိမ်ကို ရောက်တော့မယ်။ ယောက္ခမကြီး ကို ပြောထားလိုက်ပါဦး။ သူ့သားမက်လောင်းလေး လာနေပြီလို့"

"နေမထိ"

စောစောက ကျွန်မတွေ ဟုတ်ကဲ့တွေနှင့် ယဉ်ယဉ်ကျေးကျေး ပြောနေတဲ့ နှင်းမဟော်။ အခု တင်တင်စီးစီး စကားသံကြောင့် ဒေါသထွက်ကာ အသဲအကျယ်ပြီးမာသွားလေသည်။

"ရှင့်မှာ အဲဒီလို သုံးနှုန်းပိုင်ခွင့်မရှိဘူးနော်၊ စကားပြောရင် အသားမယူပါနဲ့"

"ရှိတာပေါ့၊ ရှိလို့ပြောတာ။ မင်းနဲ့ငါ ထားခဲ့ကြတဲ့ကတိ"

"တော်ပါတော့"

မာနနှင့် ပေးခဲ့တဲ့ကတိ။ အခု အဲဒီကတိက ကိုယ့်ကို တုပ်နှောင်ထားတာ မလွှတ်သာအောင်ပါလား။ အဲဒါကိုထား အခုသူက လာတောင်းမယ်ဆိုတော့ သူ့ဘက်ကရော ကတိအတိုင်း ဖြစ်ပြီတဲ့လား။ မဟော် ဘယ်လိုနားလည်ရတော့မှာလဲ။ မနေ့တစ်နေ့ကအထိ သူ့ကို လမ်းဘေးဈေးသည်အဖြစ်နဲ့ တွေ့ခဲ့ရတာလေ။

အခု ...

လာတောင်းမယ်ဆိုတော့ ထိပေါက်လို့လား။ ဒါမှမဟုတ် ...

"နေစမ်းပါဦး ... ရှင်က အခု ကျွန်မကိုလာတောင်းမယ်





ဆိုတော့ ဘာလဲ ထိပေါက်လို့လား။ မနေ့တစ်နေ့ကအထိ ရှင့်ကို ကျွန်မ တွေ့ခဲ့တာ လမ်းဘေးဈေးသည်အဖြစ်နဲ့ပါ"

တစ်ဖက်မှ ရယ်သံကိုကြားလိုက်ရပြီး ...

"အခု ကိုယ်လာနေပြီပဲ။ အချိန်တန်ရင် မင်းသိရမှာပါ"

"ရှင် ပြောချင်တာ ဒါပဲမို့လား"

"Ok ကိုယ် ဖုန်းချလိုက်တော့မယ်နော်"

သူက ပြောရုံပဲရှိသေး၊ မဟော်ကပဲ ဖုန်းအရင်ချပစ်လိုက်သည်။ သနပ်ခါးလူးတာ ပြီးမပြီးက အသာထား။ အခုအရေးကြီးတာက မေမေနဲ့ တွေ့ဖို့ပါ။

ထို့ကြောင့် ...

အခန်းထဲကထွက်လာခဲ့ပြီး ...

"မေမေ"

"............"

"မေမေ ... မေမေ"

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

"မေမေ . . . မေမေ"

". . . . . . . . . . . . . . . . . . . ."

"မေမေ"

"ဟဲ့ . . . ဩော် ဒီကလေးမလေး ဘာဖြစ်လာတာလဲ၊ သုတ်သီးသုတ်ပျာနဲ့"

"မေမေ့ကို သမီးမေးစရာရှိလို့"

"အင်း . . . မေးလေ၊ ဘာမေးမှာလဲ"

မေးလေဆိုတော့ မဟော် ဘယ်ကနေ ဘယ်လိုစမေးရမှန်း





မသိပေ။ သူပြောတော့ မေမေသိနေတဲ့ပုံစံလေ။ အခု မေမေက ဘာမှမသိသလို အေးအေးဆေးဆေးနှင့်ပါ။ သူလာနေပြီတဲ့၊ တကယ်လား ညာတာလား။ ဘာပဲဖြစ်ဖြစ် မေမေ့ကိုတော့ မေးမှဖြစ်မှာပါ။

"မေမေ"

မေမေက သူမကိုကြည့်ပြီး . . .

"သမီး ဘာဖြစ်နေတာလဲ။ မေးစရာရှိတယ်ဆို၊ မေးလေ"

"ဟုတ် ဟိုလေ။ မေမေ့ကို နေမဏိ ဘာပြောထားလဲ မသိဘူး"

"နေမဏိ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ အခု သူ သမီးတို့အိမ်ကို လာနေပြီတဲ့"

"ဟင်"

ဒေါ်တင်မလတ် မျက်နှာပျက်သွားလေသည်။ သူက တကယ်လာတာလား။ လာတော့ရော သူ့ကတိအတိုင်း အခြေအနေမျိုးနဲ့မှ မဟုတ်ရင် လက်ခံစရာအကြောင်းမှ မရှိဘဲလေ။

"တင်မ"

". . . . . . . . . . . . . . . . ."

"သမီးမေးနေတာကို ဖြေလိုက်လေ"

သူမ စကားပြောရင် အမြဲတမ်းကန့်လန့်တိုက်ပြီး ရှိတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ကို ခေါ်တင်မလတ် မျက်စောင်းထိုးပစ်လိုက်သည်။ သူက နေမဏိကို သဘောကျနေလားမသိပါဘူး။ သူသာ မိန်းမဆိုရင် နေမဏိနဲ့ ညားမလား မပြောတတ်ဘူးလေ။ နေမဏိ မကောင်းကြောင်းပြောရင် သူကပဲ ရှေ့နေလိုက်နေတာ ဘာသဘောလဲ။

"ပြောပါ မေမေ၊ သူ မေမေ့ကိုတစ်ခုခုပြောထားတယ် မဟုတ်လား"

"ဟုတ်တယ်"

ဖြေပုံက တစ်ခုခုကို မကျေနပ်သံနှင့်ပါ။ ဒါဆို မေမေ သိထားတာ သေချာပြီပေါ့။ ဘာလို့ မဟော့်ကို မပြောဘဲထားတာလဲ။

"သူက ဒီနေ့ သမီးကိုလာတောင်းမယ်တဲ့။ မလိုအပ်ဘူးထင်လို့ မေမေက သမီးကို မပြောတာပါ။ သူလာတော့ရော ဘာထူးမှာလဲ။ သူ့လို လမ်းဘေးဈေးသည်တစ်ယောက်နဲ့ မေမေက သမီးကို သဘောမတူနိုင်ပါဘူး"

"မင်းက နေမဏိကို အထင်သေးလွန်းစွာနဲ့ အဆုံးစွန်ထိ တွေးထားတာကိုး။ ငါကတော့ ဒီကောင် ဘယ်လိုအကွက်တွေ ရွှေ့လာမလဲ စောင့်ကြည့်ချင်သေးတယ်"

"ဘာ"

"သူ ဘလိုင်းကြီးတော့ မင်းသမီးကို လာတောင်းရဲမှာ





မဟုတ်ပါဘူး"

"တီတီ တီတီ"

"ဟော"

ကားဟွန်းတီးသံကြားတာနှင့် မဟော်ကိုယ်လေး မတ်ခနဲ ဖြစ်သွားလေသည်။ သူက ဘတ်စ်ကားတိုးစီးလာမှာလား၊ Taxi နဲ့ လာမှာလားဖြင့် မသိဘဲနဲ့ ကားဟွန်းတီးသံကြားတာနှင့်ပဲ ရင်တွေကခုန်နေသည်။ ကားဟွန်းတီးသံကတော့ အိမ်ရှေ့မှာကားရပ်သွားတယ် ဆိုတာ အသေအချာပါပဲ။

ကိုကိုပဲ ပြန်လှည့်တာလား။

ဒါမှမဟုတ် သူပဲ ကိုယ်ပိုင်ကားနှင့်လာတာလားမသိဘူး။ ကိုကိုကတော့ ဒီအချိန် အိမ်ပြန်ခဲပါတယ်။

"မကိုင်ဘူးကွာ ××× ဟာ မကိုင်ဘူးကွာ ××× ဘယ်ကောင့် ဖုန်းလာလာ မကိုင်ဘူးကွာ ××× ဟင်း"

ဖုန်းမြည်သံကြောင့် မဟော် ဖုန်းကိုင်လိုက်သည်။

"နှင်းမဟော်"

"ဟင်"

ထူးသံက အထိတ်ထိတ်အလန့်လန့်ပုံစံမျိုးနှင့်ပါ။

"အပြင်ကိုထွက်ကြည့်ဦးလေကွာ။ ကိုယ်ရောက်နေပြီ။ ခင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်မကြိုရင် ဝင်လာရေးခက်လို့ ထွက်ကြိုဦး”

“အင်း အင်း . . . လာပြီ”

မဟော် ဖုန်းချပြီးတာနှင့် အပြင်သို့ထွက်လာခဲ့တော့သည်။ ခုလို မထင်မှတ်ဘဲ မြန်းခနဲ ဟုန်းခနဲ ဖြစ်လာတဲ့ကိစ္စတစ်ခုကြောင့် မဟော့်စိတ်တွေ မတည်ငြိမ်ပေ။ မေမေနဲ့သူ ဘာတွေဖြစ်ကြဦးမလဲ မသိပါဘူး။

ဒေါ်တင်မလတ်ကတော့ . . .

နှုတ်ခမ်းကို တင်းတင်းစေ့၍ မျက်နှာထားက တင်းလို့ ကောင်းကင်မှာ မောင်းတင်ထားသည့်ပုံဖော်။

“ဟော ရောက်လာကြပြီ လာကြဗျား လာကြ ထိုင်ကြပါ”

ဝင်လာတာ မိမိတို့ထက် အသက်နည်းနည်းပိုကြီးမယ်ထင်သော အမျိုးသားကြီးတစ်ယောက်၊ အမျိုးသမီးကြီးတစ်ယောက်နှင့် နေမဏိပါ။ ဦးဘုန်းမဟာက အပြုံးနှင့်ကြိုဆိုလိုက်တော့ သူတို့ကလည်း အပြုံးတွေနှင့်ပေါ့။

“ထိုင်ကြပါဗျာ ထိုင်ကြပါ”

ကိုယ်စီနေရာယူပြီး ထိုင်ပြီးကြသည်အထိ ဘယ်သူကမှ စကားစမပြောဘဲ ငြိမ်နေကြသည်။

အတန်ကြာမှ . . .





နေမဏိကပဲ စ၍ . . .

“ကျွန်တော် နှင်းမဟော်ကို မိသားဖသားပီပီ လာတောင်းရမ်းတာပါ အန်ကယ်လ်”

“. . . . . . . . . . . . . . . . . . . . .”

“မင်းကတိပေးထားတာ အခုတို့ရဲ့ပိုင်ဆိုင်မှုထက် သာမှနော်”

“အန်တီ့ကို ကျွန်တော်ပြောပြီးပါပြီ၊ တန်သလောက်ရမယ်လို့”

“ပြောကြည့်လေ၊ မင်း ငါ့သမီးကို ဘာနဲ့တင်တောင်းမှာလဲ”

နေမဏိ လွန့်ခနဲ ပြုံးလိုက်သည်။ သူယူလာခဲ့တဲ့ မွေးနေ့ကိတ်ကို စားပွဲပေါ်သို့တင်လိုက်ပြီး ဒေါ်တင်မလတ်နှင့် နီးအောင် တွန်းပို့လိုက်ကာ . . .

“ဒီနေ့ နှင်းမဟော်ရဲ့မွေးနေ့ဆိုတော့ ဒီဘတ်ဒေးကိတ်နဲ့ တင်တောင်းရင် လုံလောက်မယ်လို့ ထင်ပါတယ်”

“ဘာပြောတယ်”

“ဟင်”

ဒေါ်တင်မလတ် ဒေါသထွက်သွားသလို နှင်းမဟော်လည်း မျက်နှာပျက်သွားလေသည်။ ကျန်တဲ့သူတွေက ပွဲကြည့်ပရိသတ်ပေါ့။ ဒေါ်တင်မလတ် နေမဏိမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"လမ်းဘေးဈေးသည်ဗီဗီ ငါ့ကို လမ်းဘေးစကားတွေ လာမပြောနဲ့ နေမဏိ။ ဘတ်ဒေးကိတ်နဲ့ တင်တောင်းရအောင် ငါ့သမီးက ပေါက်လွှတ်ပဲစား ကလေကချေ မဟုတ်ဘူးဟဲ့၊ နားလည်လား"

"ဒီဘတ်ဒေးကိတ်ရဲ့တန်ဖိုးကို အန်တီသိလို့လား"

"ဘာ"

ပြောလိုက်ပုံက ကိုယ်ကပဲ ဒါမျိုးတွေ မမြင်ဖူး မတွေ့ဖူး မစားဖူးတဲ့အတိုင်းပါလား။ ဒေါသကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ . . .

"ထွက်သွား အခု နင် ငါ့အိမ်ကနေ ထွက်သွားစမ်း"

"တင်မ"

"ဒီကိစ္စ ရှင်ဝင်မပါနဲ့"

ခင်ပွန်းဖြစ်သူ လှည့်အော်ပြီး ပြန်လှည့်လာတဲ့မျက်နှာက ဖြစ်နိုင်ရင် နေမဏိကို အစိမ်းလိုက်တောင် ဝါးစားချင်သည့်ပုံပါ။ နေမဏိကတော့ အပြုံးမပျက်ဘဲ . . .

"နှင်းမဟော်"

". . . . . . . . . . . . ."

"ကတိထားခဲ့ကြတာက မင်းနဲ့ငါ။ အဲဒီတော့ ကျန်တဲ့သူတွေနဲ့ ငါ အပိုစကားမပြောချင်ဘူး။ ဒီနေ့ မင်းရဲ့မွေးနေ့မို့လို့ ငါက





ဘတ်ဒေးကိတ်နဲ့ တင်တောင်းတာ။ ဘတ်ဒေးကိတ်လေး လှီးလိုက်ပါဦး"

"ဘာမှလှီးစရာမလိုဘူး ဒီမှာ နေမဏိ"

". . . . . . . . . ."

"နင့်လို ကလေကချေ အုတ်ကြားမြက်ပေါက်နဲ့ ငါ့သမီးကို ဘယ်တော့မှ သဘောမတူဘူး။ ပေးလည်းမပေးစားဘူး။ နင် အခု ထွက်သွား"

"ဒေါသကလည်း ကြီးလိုက်တာ"

"ပြောပုံက ခနဲ့သလိုလို ရွဲ့သလိုလို"

"တောက်"

တက်ခေါက်သံပြင်းပြင်းနှင့်အတူ ဒေါ်တင်မလတ် မွေးနေ့ကိတ်ကို ကောက်ယူလိုက်ပြီး . . .

"ဂုဏ်မရှိ သိက္ခာမရှိ မြင်ရတာကျက်သရေတုံးတယ်။ ကဲဟာ"

"ဟင်"

"မေမေ"

"မလုပ်နဲ့လေ"

အားလုံးတားလိုက်ကြပေမယ့် နောက်ကျသွားပြီး ဘတ်ဒေး



www.burmeseclassic.com

www.burmeseclassic.com



ကိတ်က ပါကေအကြွမ်းပြင်ပေါ်မှာ လွင့်စဉ်သွားလေသည်။ ပစ်ပေါက်လိုက်တာကြောင့် တစ်စစီ ပြန့်ကျဲသွားတဲ့ ကိတ်မုန့်စတွေ ကြားမှာတော့ . . .

"ဟင်"

"ဟာ"

နေမထိနှင့်အတူပါလာသူတွေက ဘာမှမထူးဆန်းသလို ငြိမ်သက်စွာကြည့်နေပေမယ့် ဦးဘုန်းမဟာနှင့် မဖော်ကတော့ အံ့သြလွန်းလို့ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် အသက်ရှူဖို့ပင် မေ့သွားသည့်အလားပါ။ ကြည့်ပါဦး၊ မုန့်စတွေကြားမှာ တဖျပ်ဖျပ် လက်နေတဲ့ စိန်ပွင့်တွေ။

ဒေါ်တင်မလတ်ကတော့ . . .

ဒေါသစိတ်နှင့်မို့ လိုက်မကြည့်တဲ့ မျက်နှာလွှဲထားတာကြောင့် ဒါတွေကိုမမြင်ပေ။ မြင်တဲ့သူတွေကတော့ . . .

"နေမထိ ရှင်"

"အခုချိန်မှာ ငါ ဘာမှရှင်းမပြချင်ဘူး နှင်းမဖော်။ မင်းတို့က လူတစ်ယောက်ကို အပေါ်ယံပဲကြည့်တတ်ကြတာကိုး။ အခုလည်း ဒီကိတ်မုန့်ရဲ့တန်ဖိုးကို အပေါ်ယံပဲကြည့်ပြီး ဆုံးဖြတ်လို့ တန်ဖိုးရှိမှန်း မသိတာ"





ပြောစရာဖြစ်သွားတော့ ပြောပြီပေါ့။ သူမတို့အထင်သေးတဲ့ လမ်းဘေးဈေးသည် နေမထိက ဒီလိုတဲ့လား။ ဒါဆို သူက သူ့ကတိ အတိုင်း တည်ခဲ့တယ်ပေါ့။ မဖော်ကရော မဖော့်ကတိအတိုင်း တည်ရတော့မည်သာ။

"အန်ကယ်လ်"

"ဟေ"

"အန်ကယ်လ့်ဖိနပ်ကို မြင်အောင်ပြပေးလိုက်ပါဦး။ အလင်းနဲ့ အမှောင်၊ အတုနဲ့အစစ်လည်း ခွဲခြားထားဖို့ သတိပေးပါအန်ကယ်လ်။ ကျွန်တော် အန်ကယ်လ့်ကို မရှိသေလို့ မထီမဲ့မြင်ပြောတာ မဟုတ်ပါဘူး။ လိုအပ်လို့ပါ"

ပြောပြီး နေမထိ ထရပ်လိုက်သည်။ ဒီကိစ္စ ဒေါ်တင်မလတ်နဲ့ ဆက်ဆွေးနွေးလို့မရတော့ဘူးလေ။ ဒီတော့ ပြန်ရုံပဲပေါ့။

"နှင်းမဖော်"

"ရှင်"

"မနက်ဖြန် မင်းနဲ့ငါ တွေ့ကြတာပေါ့"

မဖော် ခေါင်းလည်းမညိတ် ခေါင်းလည်းမခါမိခင်ပဲ နေမထိတို့က ထပြန်သွားလေသည်။ သူ မရှိတော့မှ ဖျပ်ဖျပ်လက်နေတဲ့ စိန်တွေကိုကြည့်ပြီး သက်ပြင်းမောလေးချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေရဖို့အတွက် နင် ဘယ်လောက်တောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရလဲ နေမဏိရယ်။ အခု ငါ့ကို ဒီလောက်တောင် ဂုဏ်တွေ ငွေတွေမက်တဲ့ မိန်းမ။

ဖယ်တောက်ပြီးကစားပေတော့လို့ ဒီလို လှည့်မကြည့်ပဲ ထားခဲ့တာလား။

အခုလိုဖြစ်အောင် နင် ကြိုးစားခဲ့တာ အငြိုးအတေးနဲ့ ငါ့မာနကို ရိုက်ချိုးဖို့လား။

ဒါမှမဟုတ် ...

"တင်မ"

"...................."

"သူတို့ပြန်သွားကြပြီလေ"

"သိသားပဲ၊ ကျွန်မက မျက်မမြင် နားမကြားမှ မဟုတ်တာ။ ရှင်သာ အပိုတွေမပြောနဲ့"

"အေး ... ငါကပဲ ပိုသလား၊ မင်းကပဲ ဦးနှောက်ထဲက အသိဉာဏ်တွေ အားနည်းနေတာလားတော့ မသိဘူး။ မင်း လှှင့်ပစ်လိုက်တဲ့ ဘတ်ဒေးကိတ်ကို ကြည့်လိုက်ပါဦး"

"ဘာလို့လဲ"

"သိချင်ရင် ကြည့်လိုက်လေ"





ဒေါ်တင်မလတ် ဘာများထူးဆန်းသလဲလို့ ကြည့်လိုက်တော့ မြင်လိုက်ရတဲ့ မြင်ကွင်းက သူမ မျက်လုံးကို ပြူးကျယ် ဝိုင်းစက်သွား စေသည်။

"ဟင်"

လွှင့်ပစ်လိုက်တုန်းက ဒေါ်သနှင့်မို့ သတိမထားလိုက်မိပေ။ ကိတ်ထဲမှာပဲ ကျောက်ခဲတွေ ပါသလို အသံမျိုး သူမ ကြားလိုက်သား ပဲလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဒီနေ့ ကိုထက်အောင်က မဟော်ကို သူတို့ MD နဲ့တွေ့ဖို့ ပြောတယ်လေ။ ဒါကြောင့် မဟော် နေရင့်ရောင် ကုမ္ပဏီကို ရောက်လာခဲ့ပါပြီ။ MD ဦးနေမဏိဆိုတာ အသက်က မကြီးလှသေးဘူးလို့တော့ သိထားပါတယ်။ ဒါပေမဲ့ ဖြူသလား မည်းသလား၊ အရပ်ပုသလား ရှည်သလား၊ ပိန်သလား ဝသလားဆိုတာကို မဟော်မသိပေ။

မသိဆို . . .

အလုပ်ကိစ္စလုပ်သမျှ ကိုထက်အောင်နဲ့ပဲ ဆွေးနွေးတိုင်ပင်နေရတာဖြစ်ပြီး MD ဦးနေမဏိကို တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးသေး





ဘူးလေ။ အခု တွေ့ရမယ်ဆိုတော့ နည်းနည်းရှိန်နေသလိုပါပဲ။

"ကိုထက်အောင်"

"ဟော . . . မနှင်းမဟော် ရောက်လာပြီလား"

"ဟုတ်ကဲ့ရှင့်၊ MD နဲ့တွေ့ရမယ်ဆိုတော့ ကျွန်မက စိတ်စောနေတာလေ"

ကိုထက်အောင် ပြုံးလိုက်ပြီး . . .

"မနှင်းမဟော် စိတ်စောပေမယ့် ကျွန်တော့် MD ထက်တော့ ဝီရိယနည်းပါသေးတယ်ဗျာ"

"ရှင်"

"MD က ရောက်နေပြီဗျ။ ကဲ . . . ကျွန်တော်တို့ သွားရအောင်"

"ဩော် . . . ဟုတ် . . . ဟုတ်ကဲ့ပါရှင်"

ကိုထက်အောင် နောက်ကနေ မဟော်လိုက်လာခဲ့တော့သည်။ ဟူး ကိုယ်ကမှ ဝီရိယကောင်းသလားလို့ MD ဦးနေမဏိက ကိုယ့်ထက်ပိုပြီး ဝီရိယကောင်းနေပါလား။ ဒါပေါ့လေ၊ ဒီလိုအလုပ်ကို လေးစားပြီး ဝီရိယကောင်းလို့လည်း ဒီကုမ္ပဏီကြီးက ဒီလိုအောင်မြင်နေတာပဲဖြစ်မှာပေါ့။ ရုံးခန်းဝကိုရောက်တော့ ကိုထက်အောင်ရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"MD ကျွန်တော်တို့ ဝင်လာခဲ့ရမလား MD၊ မနှင်းမယော် ရောက်လာပါပြီ"

"ဝင်လာခဲ့လေ"

ကိုထက်အောင်က ခေါင်းညိတ်ပြတော့ နှစ်ယောက်သား ရုံးခန်းထဲသို့ ဝင်လာခဲ့ကြသည်။ သူတို့ ဝင်လာခဲ့ပြီး ထိုင်လိုက်ကြသည်အထိ မယော် MD မျက်နှာကိုမမြင်ရသေးပေ။ မမြင်ဆို သူက မယော်တို့ကို ကျောခိုင်းထားပြီး ဗီရိုထဲမှာ ဖိုင်တွဲတွေကို လှန်လှောပြီး တစ်ခုခုကို ရှာနေသည်ထင်ပါ့။

နောက်ကနေ မြင်နေရတာ။

ဆံပင်ညှပ်ထားကာစထင်ပါရဲ့။ ဂုတ်သားလေးကရှင်းပြီး ဖွေးနေသည်။ ကိုယ်ဟန်အနေအထားကလည်း စမတ်ကျကျနှင့် နောက်က မြင်နေရတာတော့ အဟုတ်ကြီးပေါ့။ မျက်နှာကသာ ဘယ်လိုရှိမယ် မသိတာ။ သူမတွေးနေတုန်းမှာပဲ ဖိုင်တစ်အုပ်ကို ဆွဲထုတ်ယူပြီး ဒီဘက်လှည့်လာတဲ့ မျက်နှာကိုမြင်လိုက်ရတော့ ...

"ဟင်"

မယော် အံ့သြခြင်းနှင့်အတူ ထရပ်မိလျက်သား ဖြစ်သွားလေလျှင် ...

"ထိုင်လေ ... ထိုင်ပါ"





သူပြောပေမယ့် မယော် ပြန်မထိုင်မိပေ။ မတ်တပ်ရပ်လျက် ရှိနေဆဲမှာပဲ ...

"MD ကျွန်တော်သွားလို့ရပြီလားဗျာ"

"ဪ ... အင်းသွားလို့ရပြီ ကိုထက်။ လိုအပ်ရင် ခေါ်လိုက်မယ်လေနော်"

"ဟုတ်ကဲ့ပါ MD "

ကိုထက်အောင်က သူမကိုပြုံးပြပြီး ထွက်သွားလေတော့ ကျန်ခဲ့တာ သူရယ် မယော်ရယ် နှစ်ယောက်တည်းပါ။ သူက မယော်ကို မျက်မှောင်ကုတ်ကြည့်လိုက်ပြီး ...

"ထိုင်လေ၊ ဘာလဲ ထိုင်ဖို့ တင်ပါးမပါဘူးလား"

"လက်စသတ်တော့ နေရင့်ရောင်ကုမ္ပဏီရဲ့ MD ဦးနေမဏိ ဆိုတာ ရှင်ကိုး"

"ဘာလဲ ထင်မထားဘူးမို့လား"

"ရှင် တော်ပါတယ်။ ကတိအတိုင်း ဖြစ်အောင်ကြိုးစားနိုင်သားပဲ။ ဒီအခြေအနေအထိရောက်အောင် ရှင် ဘယ်လိုကြိုးစားခဲ့လဲ ဆိုတာတော့ ကျွန်မ မသိဘူး။ အခုလို ရှင့်ဘဝ ပြောင်းလဲတိုးတက်သွားတဲ့အတွက်တော့ တကယ်ဝမ်းသာပါတယ်"

ပြောပြီး မယော် ထိုင်လိုက်သည်။ သူလည်း ထိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာတော့ . . .

"မင်းက ကိုယ့်ရဲ့တိုးတက်ပြောင်းလဲမှုကို သံသယရှိနေပုံရတယ် ဟုတ်လား။ သံသယမဖြစ်ပါနဲ့၊ မင်းအမေ ချောက်ချလို့ ငါ အချုပ်ထဲမှာ တစ်ပတ်လောက် ဒုက္ခခံလိုက်ရတာကလွဲရင် ငါ့ရဲ့ ရိုးသားကြိုးစားမှုကြောင့် ဒီအခြေအနေထိ ဖြစ်လာခဲ့တာပါ"

"ဟင်"

မေမေ ချောက်တွန်းလို့ သူ အချုပ်ထဲမှာ တစ်ပတ်လောက် နေရတယ်ဆိုပါလား။ ဘာတွေလဲ မပေါ်ဒါတွေကို ဘာမှမသိခဲ့ရပါလား။

"မေမေက ရှင့်ကို ချောက်ချတယ် ဟုတ်လား၊ ဘယ်လို"

သူ့မစကားကို ဖြတ်၍ နေမဏိက . . .

"မင်းပုံစံက ဒီအကြောင်းတွေ မသိခဲ့ဘူးထင်တယ်။ အေးလေ၊ မင်း မသိတာ မဆန်းပါဘူး။ အဖြစ်က ဒီလိုပါ"

ဒီလိုပါဆိုပြီး နေမဏိ လွန်ခဲ့သော အတိတ်ကာလက အကြောင်းတွေကို ပြန်ပြောပြလိုက်သည်။ စကားပုံကတော့ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်တဲ့။ နေမဏိကတော့ သူများအကျိုးကို ဆောင်ပေးခြင်း၏ တန်ပြန်သက်ရောက်မှုက သူခိုးမဟုတ်ဘဲ သူခိုးလို့ ပြောင်စွပ်စွဲခံရခြင်းပါ။





"အဲဒီကိစ္စတွေ ကျွန်မ တကယ်မသိခဲ့ပါဘူး နေမဏိ။ အခုသိလိုက်ရတော့ စိတ်မကောင်းပါဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့၊ သူတော်ကောင်းကို နတ်ကောင်းမပါတယ်။ နောက် ပစ္စည်းတွေ အခိုးခံရတဲ့ အိမ်ရှင်ကိုက သူခိုးကို သူတို့မြင်လိုက်တယ်။ နေမဏိ ခိုးတာမဟုတ်ဘူးဆိုပြီး ရပ်ကွက်ထဲက လူတွေ အာမခံနဲ့ လာထုတ်ပေးကြတာလေ။ ကိုယ့်အကြောင်းကိုလည်း တစ်ရပ်ကွက်လုံးက သိနေကြတာကိုး"

"ဟုတ်ပါပြီ"

ဟုတ်ပါပြီဆိုတာ လက်ရှိပြောနေတဲ့ စကားစကို ဖြတ်လိုခြင်း အဓိပ္ပာယ် သက်ရောက်တာမို့ နေမဏိ ဘာမှ ဆက်မပြောတော့ပေ။ နောက်မှ တစ်ခုခုကို သတိရသွားကာ . . .

"ဩော် . . . မင်း ဘာသောက်မလဲ ပြောလေ။ ရွှေရင်အေးသောက်မလား၊ ဒါမှမဟုတ်"

"ကျွန်မ ဘာမှမသောက်ချင်ပါဘူး"

တစ်ယောက်ကိုတစ်ယောက် ခပ်တွေတွေလေး ကြည့်မိသွားကြသေးသည်။ ဘယ်သူ့ရင်ထဲမှာ ဘာတွေရှိသလဲဆိုတာတော့ ကောင်းကင်ရှင်တွေပဲ သိကြလိမ့်မည်ပေါ့။

"နေမဏိ"



www.burmeseclassic.com

www.burmeseclassic.com



"……….."

"ရှင် ကျွန်မနဲ့တွေ့ဖို့ ချိန်းတာ အလုပ်ကိစ္စ ဆွေးနွေးဖို့လား။ လူမှုရေးကိစ္စ ဆွေးနွေးဖို့လား"

"တို့နှစ်ယောက်ရဲ့ ကတိကိစ္စ ဆွေးနွေးဖို့ပါ"

မဟော် ရင်ထဲမှာ အောင့်သက်သက်တော့ ဖြစ်သွားလေသည်။ ဘာကြောင့်လဲဆို ကိုယ့်ကတိစကားကို သတိရမိလို့ပဲပေါ့။ သူ့ဘက်က ကတိအတိုင်း မဟော် မိဘတွေရဲ့ ပိုင်ဆိုင်မှုထက်သာတဲ့ အခြေအနေမျိုးနဲ့ မဟော့်ကို ရအောင် ယူနိုင်ရင် မဟော်ကလည်း သူ့အတွက် ကျွန်နဲ့တူသော မိန်းမဖြစ်စေရမယ်လို့ ကတိပေးခဲ့တာပါ။

"မင်းရဲ့ကုမ္ပဏီကို အနစ်နာခံပြီး ငါ ဘာကြောင့် လက်တွဲခေါ်ခဲ့တယ်လို့ မင်းထင်သလဲ"

"အဲဒီအတွက် အထူးကျေးဇူးတင်ပါတယ် နေမဏိ။ အခု ရှင် ဘယ်လိုဖြစ်ချင်လဲ ပြောပါ"

"ဖြစ်ချင်တာက မင်းကတိတည်ဖို့ပါပဲ"

"စိတ်ချပါ၊ ကျွန်မကတိကို ကျွန်မ မဖျက်ပါဘူး။ ကျွန်နဲ့တူသောမိန်းမအဖြစ်နဲ့ ရှင်စေလိုရာစေ၊ ရှင်နေစေချင်တဲ့နေရာမှာနေပြီး ရှင်လိုသလို အသုံးချလိုက်ပါ နေမဏိ"

နေမဏိ မချိတရိပြုံးမိလေသည်။ ဒီလိုဖြစ်လာဖို့အတွက်





သူ အချိန်တွေ ဘယ်လောက်ကြာအောင် ရုန်းကန်ကြိုးစားခဲ့ရသလဲ။ ဒါပေမဲ့ ဘုရားတောင်မှ အမိုရှိမှ ပွင့်တယ်တဲ့လေ။ သူ့ဘဝကို မြေတောင်မြှောက်ပေးတဲ့ ဦးပြုံးမောင်က သူ့ဘဝမှာတော့ အကြီးမြတ်ဆုံးသော အမိုး ကျေးဇူးရှင်ကြီးပါ။

အခုလို ကြိုးစားချင်စိတ်နဲ့ ဒီလိုဘဝမျိုးရောက်အောင် ကိုယ့်ရင်ထဲ အာဃာတတွေ၊ မာနတွေ၊ မခံချင်စိတ်တွေ အစာသွပ်ပေးခဲ့တဲ့ ဒေါ်တင်မလတ်ရေ။

ကျေးဇူးကမ္ဘာပါပဲဗျာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကတိတဲ့။ ကတိကိုတန်ဖိုးမထားသူတွေအတွက်ကတော့ အခါတစ်ရာကတိပေးပြီး အခါတစ်ရာ ပြန်ဖျက်ဖို့ လွယ်ကူပေမယ့် ကတိတစ်လုံးကို တန်ဖိုးထားသူတွေအတွက်ကတော့ ကတိကြောင့် ကျားကုတ်ကျားခဲ ကြိုးစားပြီး တိုးတက်ပြောင်းလဲခဲ့သလို ကတိကြောင့်ပဲ အချစ်ဆိုတာကို ဘာမှန်းနားမလည်။

ဘဝတစ်ခုလုံးရင်းပြီး ...

ရင်ခွင်တစ်ခုမှာ တစ်သက်စာခိုလှုံရတော့မည်သာ။ ဒီနေ့ပဲ နေမဏိနဲ့ နှင်းမပေါ်တို့ ဆီဗိုနားဟိုတယ်မှာ ကြီးကျယ်ခမ်းနားစွာနဲ့





မင်္ဂလာဆောင်ပြီး အကြင်လင်မယား ဖြစ်ခဲ့ကြပါပြီ။

"ညီလေး"

"နေမဏိ"

နေမဏိရဲ့အစ်ကိုတွေဖြစ်ကြတဲ့ ကောင်းကင်နဲ့ လမင်း အနားကိုရောက်လာတာပါ။ သူ့ မင်္ဂလာမဆောင်ခင်မှာပဲ ဒီအစ်ကိုတွေကို ကိုယ်တိုင်သွားခေါ်လာခဲ့တာပဲလေ။

"မင်းကို ငါ ပြောစရာရှိလို့ကွ"

"ဟာ ... ကိုကြီးကလည်း ကျွန်တော်အရင်ပြောပါ့မယ်"

"ငါ အရင်ပြောမယ်၊ ဟေ့ကောင်"

"ကျွန်တော် အရင်ပြောပါ့မယ်ဆို"

"နေပါဦး ... ကိုကြီးနဲ့ကိုလေးက ဘာပြောမှာမို့လို့ ဒီလောက် အလုအယက်ဖြစ်နေကြတာလဲဗျ"

"ဟိုလေ ... ဟိုဒင်း"

စောစောကတော့ အလုအယက်နှင့် သူပြောမယ် ငါပြောမယ် ဖြစ်နေပြီး အခုကျတော့ ပြောမလိုလိုနှင့် ခေါင်းကုတ်လိုက်သူက ကိုလေးလမင်းမောင်ပါ။

"ပြောလေ ကိုလေး"

"ဟိုကွာ မင်းတို့အိမ်က အကျယ်ကြီးမှာ အခန်းတံခါးပိတ်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရမှာဆိုတော့ အဲဒါ ငါကြောက်လို့ကွ။ ညဘက် အရေးအကြောင်းဆို ဒုက္ခ။ ငါကြောက်တတ်တာ မင်းသိလျက်သားနဲ့”

“ဒါများ ကိုလေးရယ်၊ ကိုကြီးနဲ့အတူတူ အိပ်လိုက်ပေါ့”

စရောက်လာပြီးကတည်းက ညီအစ်ကိုတွေ အတူမအိပ်ဘူးဆိုလို့ တစ်ယောက်တစ်ခန်း စီစဉ်ပေးထားတာလေ။ နှစ်တွေအကြာကြီး ဝေးကွာခဲ့ပေမယ့် ပြန်ဆုံတော့ မေးကြည့်လိုက်တာ အိပ်တဲ့နေရာမှာတော့ အရင်အတိုင်းပဲတဲ့။ နယ်မှာနေကြတုန်းကဆို နေမထိက ကိုကြီးနဲ့အတူတူအိပ်ပြီး ကိုလေးက သူ့ဘာသာ ခွဲအိပ်သည်လေ။

ခွဲအိပ်ဆို ကိုလေးက အအိပ်ကြမ်းသည်။ သူနဲ့အတူတူအိပ်တဲ့သူအပေါ် ခြေထောက်ဖြတ်တင်တာ အကျင့်ပါသည့်အပြင် တစ်ခါတလေ ရှူးပါလို့ သူနဲ့အတူတူ မအိပ်ကြတာလေ။

“ဟာ ... မလုပ်နဲ့ မလုပ်နဲ့။ အဲဒါတော့ ငါလက်မခံဘူး”

“ဘာဖြစ်လို့လဲ ကိုကြီး”

“မင်း သိတယ်လေ၊ ဒီကောင့်အကြောင်းကို။ သူနဲ့အတူတူအိပ်ရင် ငါ့အတွက် မင်း ဦးကျော်သူကိုဖုန်းဆက်ပြီး ခေါ်ထားပေး”

ကိုကြီးစကားကြောင့် နေမထိ ရယ်သော် မဟော်လည်း လိုက်ရယ်မိလေသည်။ သူတို့နှစ်ယောက်ကြားမှာ အခုချိန်ထိတော့ အရင်ထက် ပိုတဲ့ ရင်းနှီးမှုဆိုတာ မရှိသေးပေ။





“ကဲပါ ... ဒါဆိုလည်း အခန်းတစ်ခန်းတည်းမှာ ခုတင်တစ်ယောက်တစ်လုံးနဲ့အိပ် ဟုတ်ပြီလား။ ကျွန်တော် ကိုကြီး အိပ်တဲ့အခန်းထဲမှာ ခုတင်တစ်လုံး ထပ်ထည့်ပေးမယ်”

“မထည့်ပါနဲ့ကွာ။ ကရိကထတွေများလို့။ သူ ခုတင်နဲ့အိပ်မယ်ဆို ငါ့ဘာသာ ကြမ်းပြင်ပေါ်မှာပဲ အိပ်ရာခင်း အိပ်မယ်။ မင်း ဟိုဟာကြီးကိုသာ ပိတ်ပေး”

“ဟင် ... ဘယ်ဟာကြီးလဲ”

“ပန်ကာကြီးလေ၊ ညက မင်းကိုလာနှိုးပြောရမှာ အားနာလို့ စောင် ခေါင်းမြီးခြုံပြီး အိပ်ရတာ”

သူတို့အလုအယက်ပြောချင်ကြတာ ဒါတွေလား။ နေမထိ ခေါင်းညိတ်ပြီး ထွက်လာခဲ့တော့သည်။ မဟော်က နောက်မှာကပ်လျက်ပေါ့။ ကိုကြီးအခန်းထဲက ပန်ကာကို ဝင်ပိတ်ပေးခဲ့ပြီး သူတို့ရဲ့ မင်္ဂလာအိပ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။

“မဟော်”

“.............”

“မနက်ဖြန်ကစပြီး ဒီအိမ်က ဝေယျာဝစ္စတွေမှန်သမျှ မင်း တာဝန်ယူရမှာနော်။ ငါ မင်းကိုယ်တိုင်ချက်တဲ့ ထမင်းဟင်းပဲ ကျွေးချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မဟော် သူမျက်နှာကို မော့ကြည့်လိုက်မိသည်။ မဟော်မှ ဟင်း ကောင်းကောင်းမချက်တတ်တာလေ။ အခြား ဝေယျာဝစ္စတွေ တော့ မဟော် လုပ်ပေးလို့ရပါသည်။ ဘယ်လိုပြောရပါ့မလဲဆိုပြီး မဟော် ခေါင်းလေးငုံ့ကာ စဉ်းစားလိုက်မိ၏။ ဒီအိမ်မှာ ထမင်းချက် ဒေါ်သန့်ဆိုတာ ရှိနေတာပဲ။

ကိုယ်ချက်တာကိုမှ စားချင်တယ်ဆိုတော့ ...

ဟင်း ... အေးလေ၊ ကိုယ့်ကတိကိုက ကျွန်နဲ့တူသော မိန်းမဖြစ်စေရမယ်လို့ ကတိပေးခဲ့မိတာကိုး။ သူခိုင်းသမျှ လုပ်ပေတော့ နှင်းမဟော်။

"မင်း မချက်တတ်ဘူးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ဘယ် သူကများ မွေးကတည်းက အလုပ်ကိုဖက်ပြီးမွေးလာတာမှတ်လို့။ အရာအားလုံး သင်လို့တတ်တာချည်းပဲ။ မင်း လောလောဆယ် ဒေါ်သန့်ဆီမှာ တပည့်ခံလိုက်ပေါ့'

မဟော် နှုတ်ခမ်းလေးမဲ့ခနဲဖြစ်သွားပြီး ရင်ထဲမှာလည်း နင့်ခနဲ ခံစားလိုက်ရသည်။ အစကတည်းက ကိုယ့်ကိုချစ်လို့ ယူခဲ့တာမှ မဟုတ်ပဲလေ၊ လက်စားချေချင်လို့ ယူခဲ့တာပဲဥစ္စာ။

"ငါပြောတာ ကြားလား"





"ကြားပါတယ်"

"ကြားရင် တစ်ခုခုတော့ ပြန်ပြောမှပေါ့ကွ"

"ရှင်ခိုင်းသမျှ ကျွန်မလုပ်ပေးရမှာပဲလေ။ ပြောစရာမှ မရှိ တာ"

"ပြောစရာစကားမရှိဘူး ဟုတ်လား"

"ဟုတ်တယ်"

"အခု မင်းနဲ့ငါက လင်မယားဖြစ်သွားပြီ၊ ငါ့ရဲ့လုပ်ရပ်အတွက် မင်းရင်ထဲက ကျေနပ်ခြင်း မကျေနပ်ခြင်းတွေ"

"ကျွန်မကတိအတွက် ကျွန်မ ကျေနပ်ပါတယ်"

ပြောပြီး မဟော်က သူ့ရှေ့မှ ထွက်သွားလေလျှင် ...

"ဒါက ဘယ်ကိုလဲ"

"ရေသွားချိုးမလို့"

"အဲဒါဆို ခဏနေဦး"

နေမထိက လိုက်လာပြီး မဟော်အနားသို့ ရောက်လေလျှင်

"ကိုယ်လည်း ရေချိုးမလို့ အင်္ကျီကြယ်သီးတွေ ဖြုတ်ပေဦး"

ကိုယ့်ရှေ့မှာ တည့်တည့်လာရပ်တာမို့ မဟော် မလွှဲမရှောင် သာနှင့် သူ့အင်္ကျီကြယ်သီးကို ဖြုတ်ပေးဖို့ ရင်ဘတ်နားက ကြယ်သီးကို ကိုင်မိလိုက်လေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ဟူး ...

ဘယ်လိုလုပ်ရပါ့မလဲ။ မျက်နှာပြင်မှာ ထူပူရှိန်းဖိန်းနေပြီး ရင်ထဲမှာ ကတုန်ကယင်ဖြစ်လာသည်။

"ဖြုတ်လေ"

မငံ့မရဲနှင့်ပဲ မျက်နှာလွှဲပြီး ကြယ်သီးကိုဖြုတ်ပေးနေစဉ် ...

"ဘာလဲ ရှက်နေတဲ့လား ကိုယ်က မင်းယောကျာ်းလေ"

ပြောပြီး သူက မပေါ်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေတော့ မပေါ့်ကိုယ်လေး တောင့်မတ်သွားလေသည်။ နှင်းမပေါ်ဆိုတာ ကတိကြောင့် အချစ်ဆိုတာကို ရှောင်ရှားပြီး ယောကျာ်းတွေနှင့် တတ်နိုင်သလောက် ခင်မင်ရင်းနှီးခြင်းမရှိ ကင်းအောင်နေခဲ့သည့် အရိုင်းပန်းလေးပါ။ အခု အချစ်ဆိုတာကို ဘာမှန်းမသိဘဲ အိမ်ထောင်ပြုခဲ့ရသည်။

သူမ၏လည်တိုင်ကျော့လေးဆီမှာ ...

နွေးခနဲ ဖြစ်သွားတာကို ရင်ခုန်ရမယ့်အစား ကြောက်နေမိသည်သာ။ အချစ်မပါဘဲ ပြုမူသည့်အနမ်းဟာ သူမရင်ကို ပန်းတွေလို မွှေးစေမတဲ့လား။ အချစ်မပါတဲ့ အနမ်းမို့ ကြမ်းသည်ဟုပင် ထင်ရသည်လေ။

"မပေါ်"





"............."

"မင်း ကိုယ့်ကိုချစ်လား"

မပေါ် ကိုယ်လေးတွန့်လိမ်ကာ ရုန်းလိုက်ပြီး ...

"အဲဒီမေးခွန်းကို ရှင် ကျွန်မကို မေးမယ့်အစား ရှင့်ကိုယ်ရှင်ပြန်မေးကြည့်လိုက်ပါ နေမင်း။ ရှင်ရော ကျွန်မကို ချစ်လို့လက်ထပ်ခဲ့တာလားဆိုတာ"

"............."

'ရှင့်ရင်ထဲမှာရှိတာ မခံချင်စိတ်နဲ့ အငြိုးအတေးတွေပဲ မဟုတ်လား"

"အဲဒါတော့"

"ကျွန်မ သိပါတယ်။ အခု ကျွန်မက ရှင့်လက်ခုပ်ထဲကရေပဲ။ ကတိအတိုင်း ကျွန်မက ကျွန်မယားအဖြစ်နဲ့ ရှင် ကြိုးဆွဲသမျှ ကနေမှာပါ"

ပြောပြီး လှည့်ထွက်သွားတဲ့ ကျောပြင်ကိုကြည့်ပြီး နေမင်း ခေါင်းခါလိုက်မိသည်။ ကိုယ်ပြောချင်တာကတစ်မျိုး၊ သူမ အဓိပ္ပာယ်ကောက်သွားတာက တစ်လွဲပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဒေါ်သန့်"

"ဟင်"

ဒေါ်သန့်နဲ့မဟော် ပြိုင်တူလှည့်ကြည့်လိုက်တော့ မီးဖိုချောင်ဝမှာ ခါးထောက်ရပ်နေတာ နေမဇာ်ပါ။

"ထမင်းဟင်းချက်တာရော အိမ်က ဝေယျာဝစ္စတွေလုပ်တာရော သူ့ကို အကုန်မျက်နှာလွှဲလို့ရသည်အထိ တတ်အောင်သင်ပေးနော်။ နောက်ဆို ဒေါ်သန့်ကို ကျွန်တော် အန်တီကေသီဆီပို့ပေးတော့မှာ။ အန်တီကေသီက ကျန်းမာရေးမကောင်းဘူး။ အခုရှိတဲ့ ကောင်မ





လေးနဲ့ထားရတာ စိတ်မချလို့ ဒေါ်သန့်ကို ပို့ပေးရမှာ"

"စိတ်ချပါ မောင်နေမဇာ်ရယ်။ ဒေါ်သန့် ဆရာစားမချန် အကုန်သင်ပေးမှာပါ"

"ကျေးဇူးပဲ နှင်းမဟော်"

ဒေါ်သန့်ကို ကျေးဇူးပဲ ပြောပြီးနောက် မဟော့်ကို ခေါ်သဖြင့် မဟော် တစ်စောင်းအနေအထားမှ သူ့ဘက်သို့ တည့်တည့်လှည့်ရပ်လိုက်သည်။ ဘာခိုင်းဦးမလဲ၊ ရှင် ခိုင်းချင်သလောက်ခိုင်းပါ နေမဇာ်။ ကျွန်မကတိကို ကျွန်မ အသက်နဲ့လဲပြီး တည်သွားစေရပါ့မယ်။

"ဒေါ်သန့်က အသက်ကြီးနေပြီနော်။ ဘာဖြစ်ဖြစ် မလုပ်တတ်သေးဘူးဆိုပြီး ဒေါ်သန့်ကိုချည်းပဲ မခိုင်းနဲ့။ မတတ်တာကို တတ်အောင်သင်ရမှာ မင်းတာဝန်"

"ကျွန်မ သဘောပေါက်ပါတယ်"

ပြောပုံက မာဆတ်ဆတ်နှင့် ဘာကို သဘောပေါက်တာလဲ နေမဇာ် မျက်မှောင်ကြုတ်သွားကာ ...

"မင်းက ဘာကိုသဘောပေါက်တာလဲ"

"ကျွန်မ ဘာတွေလုပ်သင့်တယ်ဆိုတာကိုပါ ရှင် စိတ်ချ ကျွန်မကတိကို သေတဲ့အထိ ကျွန်မတည်အောင် ကြိုးစားသွား ရှင် ခိုင်းချင်တာခိုင်းပါ၊ ကျွန်မကို အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မပော့်စကားကြောင့် နေမထိရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားရလေသည်။ သူမ ပြောပုံက ကိုယ်က သူမကိုခိုင်းဖို့ သက်သက် တစ်ခုနဲ့ တစ်ဘဝလုံးရင်းပြီး လက်ထပ်ထားသလိုပါလား။ ဒါပေါ့လေ။ သူက သူကတိကို သူမှတ်ထားတာကိုး။ တကယ်တမ်းမှာ ကိုယ်ကတော့ ကတိပျက်မှာ တစ်ခုတည်းကို စိုးရိမ်ပြီး ဒီဘဝရောက်အောင် ကြိုးစားခဲ့တာ မဟုတ်ပေ။

အစကတည်းက သူ ကျွန်တစ်ယောက်ကို ဝယ်ယူခဲ့တာမှ မဟုတ်ဘဲ။ ဇနီးမယားတစ်ယောက်အဖြစ် လက်ထပ်ထားတာပဲလေ။ လက်စားချေလို့မှ တစ်ခုတည်းနဲ့တော့ ကိုယ့်နှလုံးသားကို အရင်းအနှီး လုပ်ပုံမလား။

ဒါပေမဲ့ ...

လောလောဆယ်အဖို့မှာတော့ မင်းအမေရော မင်းရောကို ပညာပေးချင်လို့ပါ မပော်။ မာနဆိုတာ မထားသင့်တဲ့နေရာမှာ မထားရဘူးဆိုတာ သိစေချင်လို့ပါ။

"မကိုင်ဘူးကွာ၊ ဟာ မကိုင်ဘူးကွာ ××× ဘယ်ကောင့်ဖုန်း လာလာ ××× မကိုင်ဘူးကွာ။ ဟင်း"

"သမီး ဖုန်း"

"ဟုတ်ကဲ့ ဒေါ်သန့်"





ဒေါ်သန့်က ကြက်သွန်လှီးနေရင်း သူမ ဘေးနားမှာချထား တဲ့ ဖုန်းကိုယူပေးလေသည်။ နေမထိက အနားရောက်လာပြီး ...

"ဘယ်သူ့ဆီက ဖုန်းလဲ"

"မေမေဆက်တာ"

"စပီကာဖွင့်ပြော"

မပော် ဖုန်းလုံးကိုမဆွဲသေးဘဲ သူ့ကို ခပ်ကြောင်ကြောင်နှင့် ကြည့်နေသဖြင့် နေမထိပဲ ဖုန်းကိုယူပြီး ဖုန်းလုံးကို ဆွဲလိုက်သည်။ ပြီးတော့ စပီကာပါဖွင့်ပြီး မပော့်လက်ထဲသို့ ပြန်ထည့်ပေးလိုက်တော့

"ဟယ်လို"

"သမီး"

"ရှင် မေမေ ပြောပါ"

"အမယ်လေး ... နေနိုင်လိုက်တာသမီးရယ်။ မအေဆီကို ဖုန်းလေး ဘာလေးတောင် ဆက်ဖော်မရဘူး။ ဘာလဲ မေမေ့သမီးက ပျော်နေလို့ မေမေတို့ကို သတိမရတာလား။ အေးလေ ... ဒါပေါ့။ ချစ်စ ခင်စ ကြင်နာစဆိုတော့"

"မဟုတ်ပါဘူး မေမေ အဲဒီလိုမဟုတ်ပါဘူး"

စကားက ချက်ချင်းရှေ့မဆက်ဖြစ်ပေ။ တကယ်က စိတ်ညစ် လို့ ခုရက်ထဲမှာ မပော် မိဘတွေကို ဖုန်းမဆက်တာပါ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးက မိုးမမြင် လေမမြင်နေရလောက်တဲ့ အခြေအနေမျိုးမှ မဟုတ်ပဲလေ။

အချစ်မပါတဲ့ အိမ်ထောင်ရေးပဲဥစ္စာ။

မပေါ် ပျော်နိုင်ပါ့မလား။

"သမီး အလုပ်တွေရှုပ်နေလို့ပါ မမေရယ်၊ နောက်ရက်တွေကျရင် သမီး ဖုန်းဆက်ပါ့မယ်နော်"

"ဟင် ... အလုပ်တွေ ရှုပ်နေတယ် ဟုတ်လား။ သမီး ဘာတွေလုပ်နေရတာလဲ။ သူက ဘယ်လောက်တောင် ဘာတွေခိုင်းနေလို့လဲ။ မေမေ့ကို မှန်မှန်ပြောစမ်း သမီး။ သမီး အဲဒီမှာနေရတာ အဆင်ပြေရဲ့လား"

"အင်"

ပြောလိုက်မိတာ မှားပါပြီ။ တစ်ဖက်က မေမေ့အသံက မညင်သာတော့ဘူးလေ။

"ဟို အဲဒီလိုမဟုတ်ဘူး မေမေရဲ့။ သူက မခိုင်းပါဘူး။ အလုပ်မခိုင်းတဲ့အပြင် အပြင်တောင် သိပ်ထွက်ခိုင်းတာ မဟုတ်ဘူး။ သမီးက ပျင်းလို့ လျှောက်လုပ်နေတာပါ"

"သြော် ... သမီးကလည်း ပျင်းရင် မေမေတို့အိမ်ဖြစ်ဖြစ် သူငယ်ချင်းတွေဆီဖြစ်ဖြစ် အလည်လေး ဘာလေးထွက်ပေါ့။ အိမ်





အလုပ်တွေချည်းပဲ လုပ်မနေနဲ့။ တော်ကြာ ညည်းယောက်ျား ရောင့်တက်နေဦးမယ် သိလား"

"ဟွန်း ... အတတ်ကောင်းတွေ သင်ပေးနေတယ်"

နေမဏိ နှုတ်ခမ်းကိုမဲ့ပြီး ခပ်တိုးတိုး ပြောလေလျှင် မပေါ် ဖုန်းကို လက်ဝါးနှင့်အုပ်ပြီး တစ်ဖက်သို့လှည့်လိုက်၏။

"သမီး"

"ရှင် မေမေ"

"ညည်းယောက်ျား အနားမှာလား"

"ရှိ ... အဲ မရှိပါဘူး မေမေ"

ပြောမိတဲ့စကားအတွက် သူ အနားမှာရှိတယ်ဆိုရင် မေမေ စိတ်ထင့်သွားမှာစိုးလို့ မပေါ် ညာလိုက်ရခြင်းပါ။

"ဟုတ်လား။ မေမေ အသံကြားလိုက်သလားလို့ပါ"

"သြော် ... အဲဒါ သူမဟုတ်ဘူး မေမေရဲ့။ ခြံစောင့် ဦးလေးကြီးပါ။ ဒေါ်သန့်နဲ့ စကားပြောနေတာလေ"

မေမေက ဒီအိမ်ကို တစ်ခါမှ မရောက်ဖူးတော့ ကြုံသလိုပဲ ညာလိုက်ရတာပေါ့။ နေမဏိကတော့ သူ့ကို ခြံစောင့်ဦးလေးကြီးဆို အပြောခံရလို့ အောင့်သက်သက်နှင့်ပါ"

"သြော် ... အေးပါ။ နေရာတကာတော့ အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



နဲ့နော် သမီး။ ယောက်ျားတွေက ကိုယ်ပြောနိုင် ဆိုနိုင်မှ တော်ကာ ကျတာ''

''ဟုတ်ကဲ့''

''အိမ်ကို သမီးအလည်လာခဲ့ဦးနော်''

''ဟုတ်ကဲ့ပါ မေမေ''

''ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်နော်''

တစ်ဖက်က ဖုန်းချသွားတာနှင့် ပြောချင်လို့ ဒီအနားကနေ တစ်ဖဝါးမှ မခွာဘဲ ရပ်နေဆဲရှိတဲ့ နေမဏီ။ မဟော် ဖုန်းထားမလို့ နေရာရွှေ့တာကိုပင် ရွှေ့လိုက်ကာ ...

''မင်းအမေကလေ စိတ်ဝီသတယ်နော်။ သမီးကို ဆုံးမလိုက်တာများ မှတ်လောက်သားလောက်စရာတွေချည်းပဲ။ ဘာတဲ့ ယောက်ျားကို အလျှော့မပေးနဲ့ ရောင့်တက်မယ်တဲ့။ မှတ်သားလောက်ပါပေတယ်ဗျာ''

''ရှင် မေမေ့ကို ဘာမှပြောစရာမလိုပါဘူး။ ကျွန်မ ရှင် ကြိုးဆွဲရာကနေမယ်ဆိုရင် ရှင် ကျေနပ်လိုက်တော့လေ''

''ဟုတ်သွားပဲ သားရယ်။ ဟိုက မအေဆိုတော့လည်း သူ့ သမီးကို စိတ်မချဖြစ်ပြီး စိုးရိမ်နေမှာပေါ့။ နားလည်ပေးလိုက်ပါကွယ်''

''သူ့အမေအကြောင်းကို ဒေါ်သန့်မသိဘူးနော်။ ဒေါ်သန့်





ကျွန်တော်က သိလို့ပြောနေတာဗျ''

မဟော် သူ့ဘက်သို့ ချာခနဲလှည့်လိုက်ကာ ...

''ဒီမှာ''

''.............''

''အခု ရှင်အတင်းပြောနေတဲ့ ဒေါ်တင်မလတ်က ရှင့် ယောက္ခမဖြစ်နေပြီနော်၊ ဂါရဝတရားလေးတော့ ရှိသင့်ပါတယ်၊ ရှင် မေမေ့မကောင်းကြောင်း ဆက်ပြောနေမယ်ဆိုရင်တော့ ကျွန်မ ကျွန်မ ကတိကို ဖျက်ရလိမ့်မယ်''

''ဘာ''

ပက်ခနဲ ပြန်ပြောတတ်ပေမယ့် နေမဏီ မပြောတော့ပါဘူး လေ။ တော်ကြာ ယောက်ျားတန်မဲ့နဲ့ ဘာဖြစ်တယ် ညာဖြစ်တယ် ပြောနေဦးမယ်။

အဲဒီတစ်ယောက် ပါးစပ်ကလည်း ပြောတတ်ပါဘိ။ နှင်း မဟော်ဆိုတဲ့ ကိုယ့်မိန်းမပဲလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ကောင်းကင်နဲ့လမင်း အိမ်ရာကနေနိုးလာပြီဆိုတာနှင့် သွားတိုက် မျက်နှာသစ်။ ပြီးတော့ မနက်စာစားဖို့က အဆင်သင့်ပါ။ သူတို့က ကော်ဖီသောက် မုန့်စားလိုက်ရုံနဲ့ ဗိုက်ကဝတာ မဟုတ်ဘူးလေ။ ရွာမှာဆို ထမင်းပူပူလေးနဲ့ ပဲပြုတ်နဲ့။ ဒါမှမဟုတ် မျှင်ငါးပိဖုတ်လေးကို ဆီလောင်းပြီး ထမင်းကိုစားရမှ ဗိုက်ပြည့်သည်ဟု ပြောရမလိုပါ။

ဒီမှာကျတော့ ...

မနက်ဆို သူများတွေ ကော်ဖီသောက်ချိန်မှာ သူတို့အတွက်





ထမင်းကြော်။ ထမင်းကြော်စားဖို့ စားပွဲမှာ ဝင်ထိုင်လိုက်ရင်း ကောင်းကင်က အရင်ညည်းတွားလေသည်။

"အား ... ကျွတ် ကျွတ်"

"ဟင် ... ဘာဖြစ်လို့လဲ ကိုကြီး"

မဟော်က ထမင်းကြော်ပန်းကန်ကို ချပေးရင်း မေးလေလျှင်

"မသိပါဘူး ညီမလေးရယ်။ ကိုယ်တွေ လက်တွေ ကိုက်သလိုလို ဘာလိုလို။ နေရတာ မအီမလည်နဲ့ တောပြန်မှကို ဖြစ်တော့မှာပါ"

"နေမကောင်းဖြစ်ချင်ရင် ဆေးထိုးဆေးသောက်လုပ်မှ ပျောက်မှာပေါ့ ကိုကြီးရဲ့။ တောပြန်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ ဒီမှာက အလုပ်မရှိ အကိုင်မရှိနဲ့ စားလိုက် သောက်လိုက်၊ အိပ်လိုက် ထိုင်လိုက်ပဲ ဖြစ်နေတော့ သွေးလေလည်ပတ်မှုနည်းပြီး ဖြစ်တာပေါ့။ ရွာမှာဆို အလုပ်နဲ့လက်နဲ့ သိပ်မပြတ်တော့ သွေးလေလည်ပတ်မှု ကောင်းတယ်လေ။ အဲဒီတော့ ကျန်းမာရေးကောင်းတာပေါ့"

"အဲဒါတော့ ဟုတ်တယ်။ ကျွန်တော်လည်း ဒီမှာနေရတာ ပျင်းလာပြီကိုကြီးရေ။ နားလည်းမအေး နှာခေါင်းလည်းပူ အသက်ရှူရတာတောင် မဝသလိုပဲ။ ကားသံတွေ တဝီဝီနဲ့ ညှော်နံ့က ထုံနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျွန်တော် ရွာကိုပြန်ချင်နေပြီဗျ။ ပြောရင်းနဲ့ ကိုဟန်သောင်း ထန်းရည်ဆိုင်က ကြွက်ကြော်ကို သတိရလိုက်တာ"

"မင်းကလည်း တစ်မျိုး"

မဟော် ပြုံးစိစိ ဖြစ်သွားလေသည်။ ဒါပေါ့လေ၊ သူ့ရွာနဲ့သူ အထာကျနေတော့လည်း ဒီမှာ သူတို့ ဘယ်ပျော်ပါ့မလဲ။ ဒါပေမဲ့

"ရောက်တုန်းရောက်ခိုက်လေး နေပါဦး ကိုလေးရဲ့။ ကိုလေး ပျင်းရင် ဘယ်သွားချင်လဲပြောလေ။ မဟော်လိုက်ပို့ပေးမှာပေါ့"

"နေပါစေဟာ၊ ဘယ်မှမသွားချင်တော့ပါဘူး။ အပြင်ထွက်တော့လည်း အမြင်မတော်တာတွေမြင်ရင် အကုသိုလ်များလို့ပါ"

"ဟင် ... ကိုလေးက ဘာကိုအမြင်မတော်တာလဲ"

"ညည်းတို့ မိန်းကလေးတွေ ဝတ်တာ စားတာကို အမြင်မတော်တာလေ။ အချို့ဆို ငါ မပြောလိုက်ချင်ဘူး"

"တွေ့ထည့်မပြောစမ်းပါနဲ့ကွာ။ မိန်းကလေးတိုင်း မဟုတ်ပါဘူး။ အချို့ကျတော့လည်း ယဉ်ကျေးပါတယ်ကွ"

တောနဲ့မြို့ဆိုတာ လူနေမှုစနစ်က အရမ်းကွာခြားသည်လေ။ လူချင်းတူကြပေမယ့် အမြင်ချင်း အဆင်ချင်းက ဘယ်တူပါ့မလဲ။ ဒီတော့ သူတို့အတွက် အမြင်မတော် အကြားမတော်တွေရှိတာ မဆန်းပါဘူးလေ။ အချိန်ကာလတွေကြာခဲ့ပြီပေမယ့် မဟော် သူတို့ရွာကို





ရောက်ဖူးခဲ့သားပဲ။ ကိုယ်က သူတို့နေရာနဲ့ အထာမကျလို့ မပျော်ပေမယ့်

အထာကျတဲ့သူတွေအတွက်ကတော့ ...

သူတို့တောက အများသောအားဖြင့် သဘာဝအတိုင်းပဲမို့ မျက်စိလည်းအေး နားလည်းအေးပါ။ လတ်ဆတ်တဲ့လေကို ရှူပြီး ဒီမှာကျ မွမ်းကျပ်နေမှာပေါ့။

"ကိုကြီး"

"ဟင်"

"ကျွန်တော်တို့ ဒီလိုလုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုလဲ"

"ကျွန်တော်တို့ ဒီအတိုင်းထိုင်ပြီး ပျင်းနေမယ့်အစား ဒီအိမ်က အလုပ်တွေကို ဝိုင်းကူလုပ်ကြမယ်လေ။ မကောင်းဘူးလား"

"ကောင်းတာပေါ့ကွ လုပ်ကြတာပေါ့"

"ဟာ ... မဟုတ်တာကိုကြီးနဲ့ ကိုလေးရယ်။ တော်ကြာ ကိုကြီးတို့ညီ မဟော့်ကို ဆူနေပါဦးမယ်"

"ဘာဆိုင်လို့လဲဟ၊ နင်ခိုင်းတာမှ မဟုတ်ဘဲ။ တို့ဘာသာ တို့လုပ်တာလေ။ ဘာမှ တွေးပူမနေနဲ့။ ညီမလေးဘက်မှာ ကိုကြီးတို့ ရှိနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတော့လည်း မပော်ဘာမှမပြောတော့ပေ။ နေမထိကသူတို့ညီပဲဥစ္စာ။ ပြဿနာဖြစ်လာရင် သူတို့ဘာသာ ဖြေရှင်းကြမှာပေါ့။ ထမင်းကျော်စားပြီးတော့ လုပ်ငန်းကစလေပြီ။ သူတို့က အလုပ်လုပ်ရမှ ကျန်းမာရေးကောင်းတယ်ဆိုတော့ မပော်ပဲ ဦးဆောင်ပြီး ပန်းအိုးတွေ ရွှေ့၊ ကားရေဆေး။

ပြီးတော့ ...

တောက်တိုမယ်ရ အကုန်လျှောက်လုပ်ကြလေသည်။ နောက် ကြမ်းတိုက်ကြသည်တွင် မပော်ဗိုက်ထဲရစ်လာတာနှင့် ရေအိမ်ဝင်ပြီး ပြန်ထွက်လာသည်တွင် ...

"နှင်းမပော်"

"...................."

"နှင်းမပော်"

ခေါ်သံကြားရာဆီသို့ မပော် ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ ဒါ နေမထိအသံပဲလေ။ ဒီနေ့ စောစောပြန်လာပါလား။ သူပြန်လာတာကို ထွက်မကြိုဖို့ ဒေါသဖြစ်နေတယ်ထင်ပါရဲ့။

"နှင်းမပော် ခေါ်နေတာ မကြားဘူးလား။ ဘယ်ရောက်နေတာလဲ"

"...................."





"နှင်းမပော်"

"လာပြီ ... လာနေပြီ"

မပော် အပြေးတစ်ပိုင်းနှင့်ပဲ သွားလိုက်လေသည်။ သူ့အနားကို မပော်ရောက်သွားလေတော့ သူက မပော့်ကို မီးထတောက်တော့မယ့် မျက်ဝန်းတွေနှင့် ကြည့်နေလေလျှင် မပော် ဘာဖြစ်လာတာလဲလို့ သူ့ကိုမေးရခက်သွား၏။

"ဟွန်း ... ငါကတော့ ငှါမိန်းမ တော်လှချည်ရဲ့လို့ထင်နေတာ။ လက်စသတ်တော့ မင်းက ငှါအစ်ကိုတွေကို ငှါကွယ်ရာမှာ ခိုင်းပြီး ငှါရှေ့မှာ နာမည်ကောင်းယူနေတာကိုး။ ငှါအစ်ကိုတွေကို မင်း ဒီလိုမျိုးတွေ ခိုင်းနေတာ ဘယ်နှစ်ရက် ရှိပြီလဲ နှင်းမပော်"

"ဟင်"

"ဖြေလေကွာ"

"မဟုတ်ဘူး နေမထိ၊ သူတို့ကို ကျွန်မ ဘာမှမခိုင်းပါဘူး။ သူတို့ဘာသာသူတို့"

"တိတ်စမ်း"

နေမထိရဲ့ အော်သံကိုကြားတဲ့ ကောင်းကင်နဲ့လမင်း။ ဘာများ ဖြစ်နေကြပါလိမ့်လို့ နှစ်ယောက်စလုံး ထလာခဲ့ကြသည်။ သူတို့ ကြမ်းတိုက်နေတာကိုမြင်ပြီး ဘယ်သူခိုင်းတာလဲ။ ကိုကြီးနဲ့ကိုလေးက



www.burmeseclassic.com

ကျွန်တော့်မိဘတွေ။ ဒီအိမ်က ကျွန်တော်ပိုင်တဲ့အိမ်။ ဘယ်သူက ဘာပဲခိုင်းခိုင်း ဘာမှလုပ်စရာမလိုဘူးလို့ ပြောခဲ့ပြီးထွက်သွားတာ။

အခု ...

မယော်ခိုင်းတယ်ထင်ပြီး မယော့်ကို ရန်လုပ်နေတာလား။

"မင်း ငါ့ကို ပြောင်လိမ်ပြောင်စားမလုပ်နဲ့။ မင်း မခိုင်းရင် ဘယ်သူက ခိုင်းမှာလဲ"

"နေမဏီ ... ရှင်မသိဘဲနဲ့ ကျွန်မကို မစွပ်စွဲနဲ့နော်"

"မင်း ငါ့ကို ပြန်မပြောနဲ့"

အစ်ကိုတွေ ကြမ်းတိုက်နေတာကိုမြင်ပြီး နေမဏီ စိတ်မကောင်းဖြစ်တာထက် ဒေါသက နှစ်ဆပိုတာ မယော်ခိုင်းလို့ လုပ်တာပဲလို့ အတိအကျ ယုံကြည်လိုက်လို့လေ။ မြင်လိုက်ပြီး ဆိုကတည်းက ဒေါသဖြစ်လွန်းလို့ မျက်လုံးတွေပင် ပြာဝေသွားရသည့်အထိပါ။

"မိန်းမယုတ် ... ကဲ"

"ဖြန်း"

"အား"

"ဟာ"

"ဟော့ကောင်"

ကောင်းကင်နဲ့လမင်း ရောက်လာတာ နောက်ကျသွားခဲ့ပါပြီ။





နေမဏီက မယော့်ပါးပြင်ကို ရိုက်လိုက်လျှင် မယော်မျက်နှာလေး လည်သွားလေသည်။

"နေမဏီ ... မင်း ဘာလုပ်လိုက်တာလဲ။ မိုက်ရိုင်းလှချည်လားကွ"

"ညီမလေး"

"ကျွန်တော် မိုက်ရိုင်းတာမဟုတ်ဘူး။ ဒီမိန်းမ ကိုကြီးတို့ကို ခိုင်းလို့"

"ခွပ်"

"အ"

"ဟာ"

လမင်းမှာ မယော့်ကို ထိရမလို ကိုင်ရမလိုနှင့် မထိဖြစ် မကိုင်ဖြစ်ရှိနေခဲ့မှာပဲ ကောင်းကင် နေမဏီကို လက်သီးနှင့် ထိုးလိုက်တာပါ။ ဘယ်သူပဲလွန်လွန် ကိုယ့်လူကို ကိုယ်ခုံးမရှုမှာပဲလေ။ ကိုယ်တာ မိဘနေရာနေရတာ တစ်ဖက်စောင်းနင်းနိုင်လို့ ဘယ်ဖြစ်မှာလဲ။ အခုကိစ္စက ...

နေမဏီလွန်တာ။

"မင်း ဘာမှ မမေးမစမ်းနဲ့ ဘာလို့ အဲဒီလိုလုပ်ရတာလဲ။ ညီ့ကို မယော်က ဘာမှမခိုင်းဘူးကွ။ သူ့ဘာသာသာပဲလုပ်နေတာ။ တို့က

www.burmeseclassic.com



အလုပ်မရှိတော့ နေမကောင်းဖြစ်ချင်လို့ ကိုယ့်ဘာသာလုပ်နေတာ။ မဟော်က တားသွားပဲ။ တို့က လက်မခံခဲ့တာ။ အခုတော့ မင်းကွာ''

''ဟုတ်တယ် နေမထိ၊ မဟော်က မင်းကြိုးဆွဲရာကနေတဲ့ အရုပ်ပါကွ။ မင်း အခုလို အနိုင်ကျင့်တာတော့ မကောင်းဘူး''

နေမထိ လွှန့်ပြီးမှပဲ နားလည်သွားရသည်။ ဟုတ်တယ် သူ မှားတာပေါ့။ တကယ်ဆို သူ လက်မပါသင့်ခဲ့ပါဘူး။ အခုတော့ အပြစ်မရှိဘဲ မဟော် အသားနာခံလိုက်ရတာ။ အဲဒီအတွက် အသည်းတော့ နာမသွားလိုက်ပါနဲ့ မဟော်ရယ်။ ကိုယ် တောင်းပန်ပါတယ်ကွာ။

''နေပါစေ ပြောမနေကြပါနဲ့တော့။ ကျွန်မကိုက ဒီဝဋ်ကြွေးတွေ ဆပ်ရဖို့ ကံပါလာတာပါ။ ဝဋ်ရှိသရွေ့တော့ ခံနေရဦးမှာပဲ။ မခံနိုင်တဲ့အဆုံး ကိုယ့်ကိုယ်ကိုယ်ပဲ သတ်သေပစ်လိုက်မယ် ဟီး''

''ဟာ ... မဟော်''

ပြောပြီး မဟော် ချာခနဲလှည့်၍ ပြေးထွက်သွားလေတော့သည်။ ရှင့်ရဲ့လက်စားချေမှုက ဘယ်တော့မှ ပြီးဆုံးမှာလဲ နေမထိရယ်။

* * *



## အခန်း (၃၂)

''မဟော်''

''ဒေါက် ဒေါက်''

''မဟော်''

''ဒေါက် ဒေါက်''

''မဟော် တံခါးခဏဖွင့်ပါဦး။ ကိုယ် မင်းကို ရိုက်မိတာအတွက် တောင်းပန်ပါတယ်ကွာ။ ကိုယ်မှားပါတယ်။ ကိုယ် တောင်းပန်ပါတယ်။ နောက်ကို အဲဒီလို မဖြစ်စေရပါဘူး။ ကိုယ် ကတိပေးပါတယ်''



www.burmeseclassic.com

မဟော် တသိမ့်သိမ့်ရှိုက်ငိုနေမိရင်း ရင်ထဲမှာ ပို၍ နာရှုနာကျင်လာလေသည်။ သူ့အသံကိုကြားတော့ ပိုပြီး နာကျင်ရသည်လေ။ တကယ်ဆိုရင် မဟော် မျှော်လင့်ခဲ့တာ ဒီအခြေအနေမျိုး မဟုတ်ခဲ့ပါဘူး။ ကတိဆိုတာထက် ကိုယ့်ဘက်ကတော့ သူ့ကို တိတ်တဆိတ် မြတ်နိုးနေမိခဲ့တာပါ။

အဲဒီလိုမှ မဟုတ်ခဲ့ရင် ...

မဟော် ကတိတည်ချင်မှ တည်ခဲ့မှာပါ။ လက်ထပ်ပြီးရင် အဆင်ပြေသွားမယ်လို့ ထင်ခဲ့တာ။ သူ့ဘက်ကတော့ အပြုံးအဝေးတွေ၊ ကလဲ့စားချေလိုခြင်းတွေနဲ့ပါလား။ မဟော့်ကို ကျွန်လိုသဘောထားပြီး ခိုင်းချင်တာနိုင်း မဟော်လုပ်ပေးနိုင်ပါတယ်။ အသားနာအောင် နှိပ်စက်တဲ့အထိတော့ မဖြစ်သင့်ပါဘူး။

"မဟော်"

"အဟင့် ဟီး"

"တံခါးခဏဖွင့်စမ်းပါ"

"မဖွင့်ဘူး၊ မလာနဲ့"

"မဖွင့်ဘူးလား"

"မဖွင့်ဘူး"

"အဲဒါဆို ကိုယ်တံခါးဖျက်ပြီး ဝင်လာမှာနော်"





မဟော် ဘာမှ ပြန်မပြောတော့ဘဲ စောင်ကိုခေါင်းမြီးခြုံထားလိုက်သည်။ တံခါးဖျက်ဝင်ရုံမကလို့ အိမ်ပါပဲ မီးရှို့ရှို့၊ တစ်အိမ်လုံးပြာကျသွားတော့ အေးရောပေါ့။

"ဒုန်း ဒုန်း"

"................"

"ဒုန်း ဒုန်း"

"ဟင်"

"ဒုန်း"

အဲ တံခါးကို တကယ်ဖျက်နေပြီထင်တယ်။ မဖြစ်သေးပါဘူး၊ သွားဖွင့်ပေးမှာပါ။ တော်ကြာ ပတ်ဝန်းကျင်မှ ကြားလို့မကောင်း။ ပြီးတော့ ဒီတံခါးပျက်သွားရင် သူဝင်လာမယ့် အတူတူ ဖွင့်ပေးလိုက်တာပဲ ကောင်းပါတယ်။

"ဒုန်း ဒုန်း"

"နေမကောင်း"

"ဒုန်း"

"နေမကောင်း"

သူမ သူ့နာမည်ကို အကျယ်ကြီးအော်ခေါ်လိုက်တော့ ဒုန်းဒုန်းအသံက ပျောက်သွားလေသည်။ မဟော် တံခါးကို ဆွဲဖွင့်လိုက်

www.burmeseclassic.com



တော့ သူက လက်ထဲက သစ်သားပိုင်းကို အောက်သို့ပစ်ချပြီး အခန်းထဲသို့ ဝင်လာသည်လေ။ ဒီသစ်သားပိုင်းလေးနဲ့ထုပြီး ဒီတံခါးကို ဖျက်မှာတဲ့လား။

ဖျက်ပါလိမ့်မယ် အားကြီး။

ဒါ တမင်သက်သက် ဟန်ဆောင်ပြီး ထုပြတာ။ မကျေမနပ်နှင့်ပဲ သူ့ကို ကျောခိုင်းပစ်လိုက်စဉ် . . .

"မဟော်"

"အင်"

နောက်ကနေ ခါးကိုသိမ်းဖက်လိုက်တာကြောင့် မဟော် ရုန်းလိုက်ကာ . . .

"ဖယ်စမ်းပါ"

"ဟင့်အင်း မဖယ်ဘူး"

"ဖယ်ဆိုနော်"

"ဘာလို့ဖယ်ရမှာလဲ။ ကိုယ့်မိန်းမကိုယ် ဖက်တာကို"

"ဘာမိန်းမလဲ။ ကျွန်မက ရှင့်မိန်းမ မဟုတ်ဘူး။ ရှင့်ရဲ့ အခိုင်းအစေ။ ရှင်နှိပ်စက်တာကို ခံရဖို့လူဖြစ်လာတဲ့ ရှင့်ရဲ့ကျွန်"

"မဟော်"

ဖက်ထားတဲ့လက်က ပိုတင်းသွားလေသည်။





"ဘာလို့ အဲဒီစကားကို ခဏခဏ ပြောနေတာလဲ"

"ဟုတ်တာပြောနေတာပဲလေ"

"မဟုတ်ဘူး။ အရင်တုန်းက ပြောခဲ့ ဆိုခဲ့တာတွေကို ခေါင်းထဲမှာ ထားမနေစမ်းပါနဲ့။ မင်းက ကိုယ့်ရဲ့မိန်းမ။ ကိုယ်လွန်ခဲ့တာတွေ အတွက် ကိုယ်တောင်းပန်ပါတယ်ကွာ။ နောက် ဒီလိုမဖြစ်စေရဘူးလို့ ကိုယ် ကတိပေးတယ်နော်"

မဟော် မျက်ရည်တွေကျလာပြန်သည်။ ဒီတစ်ခါ တောင်းပန်လို့ ကျေအေးလိုက်ရင် နောက်လည်း ရှမ် ဒီလိုပဲ နှိပ်စက်လိုက် တောင်းပန်လိုက် လုပ်နေမှာလား နေမထိရယ်။

"နော်လို့"

". . . . . . . . . . . . . ."

"မဟော်"

"ကိုယ့်ကို စကားပြန်ပြောဦးလေ"

"ကျွန်မမှာ ပြောစရာစကား မရှိတော့ဘူး"

"ဟုတ်လား။ ဒါဆို ပြောစရာစကားတွေ အများကြီးဖြစ်အောင် ကိုယ်ရှာပေးမယ်လေ"

ပါးချင်းကပ်ပြီး ပြောနေတာမို့ မဟော် တစ်ဖက်သို့ ရှောင်လိုက်မယ့် သူက အတင်းလိုက်ကပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်းပါ"

"မဖယ်ပါဘူးဆို"

မပေါ် အတင်းရုန်းပြီး ခုတင်ပေါ်တက်ကာ စောင်ကို ခေါင်းမြီး ဆွဲခြုံပြီး အိပ်နေလိုက်သည်။ သူကလိုက်လာပြီး စောင်ကိုဆွဲကာ

"ဟော့"

"........."

"ကိုယ့်ကို အသည်းယားအောင်မလုပ်နဲ့နော်"

"..............."

"မပေါ်"

မပေါ် စောင်ကို ကျစ်နေအောင်ဆုပ်ကိုင်ထားပြီး ဆွဲထားပေမယ့် မရပေ။ သူက မပေါ့်ခါးကို ကလိထိုးလေတော့ မပေါ့်ကိုယ်လေး တွန့်လိမ်သွားစဉ်မှာပဲ စောင်ကို မရမက ဆွဲခွာလေလျှင်

"ဘယ်လိုဖြစ်နေတာလဲ ဖယ်နော်"

"ဒီလောက် တောင်းပန်နေတာကို စိတ်ဆိုးမပြေသေးဘူးလား မပေါ်ရဲ့။ မကျေနပ်ရင်လည်း ကိုယ့်ပါးကို ဆတိုးနဲ့ ပြန်ရိုက်ကွာ။ အဲဒီလိုကြီးတော့ မနေပါနဲ့"

"နေမှာပဲ ဖယ်"

"အလျော်ပြန်ယူပါဆို"





"မယူဘူး"

"ဒါဆို ဖြေဆေးပေးမယ် ... ကဲ"

ပြောပြီး နေမထိ မပေါ့်ပါးပြင်လေးကို နမ်းရှိုက်လိုက်လေသည်။ ဒါကို မပေါ်က လက်ဖဝါးနှင့် ပါးပြင်ကိုပွတ်ပစ်လေလျှင်...

"ဘာလို့ပွတ်ပစ်တာလဲ"

"..............."

"ချစ်တာကို ချစ်မှန်းမသိတဲ့ ကောင်မလေး တွေ့မယ်"

သူ့စကားကြောင့် မပေါ် သူ့မျက်နှာကို ကြည့်လိုက်မိစဉ်မှာပဲ အနမ်းနွေးနွေးက ပါးပြင်ပေါ်မှာ ဆက်ကယ် ဆက်ကယ်ပါ။

သူက ...

မပေါ့်ကို ချစ်တယ်တဲ့လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ကိုကြီးနဲ့ကိုလေးက တောပြန်တော့မယ်ဆိုတော့ နေမဏီ စိတ်မကောင်းပေ။ ဒီအစ်ကိုတွေနဲ့ သူခွဲခွာခဲ့တာ နှစ်တွေကြာခဲ့ပြီလေ။ အခု ပြန်ဆုံနေကြပြီပဲ။ ထပ်ပြီးမခွဲချင်တော့ပေ။ ဒီမှာ အတူနေကြဖို့ ရည်ရွယ်ချက်နဲ့ သူသွားခေါ်လာခဲ့တာပေမယ့် နှစ်ယောက်စလုံးက ဒီမှာ မနေနိုင်ဘူးတဲ့။

အစစအရာရာ လိုလေသေးမရှိတဲ့ဘဝမှာ သူတို့ ဘာကြောင့်များ မနေနိုင်ကြပါလိမ့်။ သူ ဘယ်လိုပြောရပါ့မလဲ။

"ကိုကြီးတို့ကလည်းဗျာ၊ မပြန်ပါနဲ့လို့ အတန်တန်တားနေ





တာကို မရဘူး။ ကျွန်တော်ကတော့ တစ်နေ့အတူတူနေကြမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီအခြေအနေရောက်အောင် ကြိုးစားခဲ့ရတာ။ အခုတော့ ကျွန်တော် မျှော်လင့်ချက်တွေ တစ်စစီဖြစ်ကုန်ပြီ"

"စိတ်မကောင်းမဖြစ်ပါနဲ့ ညီလေးရာ။ မင်းက အိမ်ထောင်သည် ဖြစ်နေပြီလေကွာ။ မင်းမိသားစုနဲ့ မင်း ပျော်ပျော်ရွှင်ရွှင် နေနိုင်အောင်သာ မင်းကြိုးစားစမ်းပါ။ တစ်နေ့ အတောင်အလက်အခက်စုံလို့ ပျံသန်းကြရင် ဒီလိုပဲခွဲကြရတာမဟုတ်လား။ ဒီနည်းနဲ့ မခွဲကြလည်း တစ်နေ့ ဟိုနည်းနဲ့ ခွဲကြရမှာပဲလေ"

"အဲဒါတော့ ဟုတ်တယ်ကွ။ ပျော်ရာမှာမနေရ တော်ရမှာ နေရဆိုသလို မင်းဘဝ အခုလို တော်ရာအရပ်မှာ ပြည့်ပြည့်စုံစုံနဲ့ နေရတာကိုပဲ အစ်ကိုတို့က ဝမ်းသာလှပါပြီကွာ။ ပြီးတော့ မလာချင်ရင်သာ ခရီးဝေးတာ။ လာချင်ရင် အနီးလေးပါကွ။ ရန်ကုန်နဲ့ တို့ရွာဆိုတာ လာရင် တစ်မနက်ခရီးပဲရှိတာ။ တို့ ခဏခဏလာမှာပေါ့ကွ"

"ညီလေး"

ကောင်းကင်က သူတို့ရွာပြန်တော့မယ်ဆိုလို့ စိတ်မကောင်းဖြစ်နေတဲ့ ညီလေးပခုံးကို ဖက်လိုက်ကာ . . .

"ငါ့ညီလေးက သူဌေးဖြစ်ရမယ့်ဇာတာပါလို့ အခုလို ပြည့်ပြည့်စုံစုံဘဝနဲ့ မြို့မှာ နေနိုင်တာကွ သိလား။ အစ်ကိုတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ဖြစ်တာ ပါသလား မသိပါဘူးကွာ။ တောမှာနေပြီး တောကအလုပ်တွေကိုလုပ်နေရမှ ကျန်းမာရေးကောင်းတာကွ။ မိဘတွေထားခဲ့တဲ့ အမွေကို ထိန်းသိမ်းတဲ့အနေနဲ့ လယ်တွေလုပ်ရဦးမယ်။ အဲဒီ လယ်တွေကို စိတ်မချဘူးလေ ညီလေးရ"

"အဲဒီလယ်တွေကို ရောင်းပစ်လိုက်ပါလို့ ပြောတာကို"

"ရောင်းပစ်လို့ဖြစ်မလားကွ။ အဲဒီလယ်တွေက မိဘတွေ လက်ထက်ကတည်းက တို့တွေကို ထမင်းကျွေးလာတဲ့ ကျေးဇူးရှင်။ ငါးစိမ်းမြင်မှ ငါးကင်ပစ်လို့ ဖြစ်မလား။ မင်း ဘာမှနားမလည်ဘဲနဲ့။ တို့က လယ်လုပ်နေရမှ ကျန်းမာရေးကောင်းတာ။ လယ်လုပ်နေရမှ ပျော်တာ။ သေတဲ့အထိ လယ်လုပ်စားသွားမှာ နားလည်လား"

အစက ပြေရာပြေကြောင်း ပြောနေရင်း အခုတော့ လမင်းမောင့်အသံက စိတ်မရှည်ဟန်နှင့်ပါ။ ဟုတ်တယ်လေ၊ သူတို့မှ မြို့မှာ မနေနိုင်တာကို။

"အဲဒါဆိုလည်း မပြောတော့ဘူး တစ်သက်လုံးပဲ လယ်အလုပ်လုပ်စားကြ။ ကိုကြီးနဲ့ကိုလေးသေရင် အဲဒီလယ်ထဲမှာပဲ မကျွတ်မလွတ်ဘဝနဲ့ လယ်စောင့်သရဲကြီးတွေ ဖြစ်လိမ့်မယ် သိလား"

"ဖြစ်ဖြစ်ကွာ"

"တားမရလည်း ပြန်ကြ၊ ခုပြန်ကြဗျာ"





တားမရတဲ့အဆုံး ဒေါ်သဖြစ်ဖြစ်နှင့်ပြောပြီး နေမထိ ထသွားလေတော့သည်။ ကိုယ်ကတော့ အစ်ကိုကြီးအဖအရာဆိုပြီး အစ်ကိုနှစ်ယောက်စလုံးကို အလုပ်မပင်ပန်းစေချင်ဘဲ မိဘလို အိမ်ဦးခန်းမှာ ထားချင်တာ။ ပြုစုယုယချင်တာ။ ဒါကို မနေနိုင်ဘူးဆိုတော့ သွားကြပေါ့။

"မဟော်"

"................."

"မဟော်"

မဟော့်ကိုခေါ်ပြီး အပြင်သွားမည်ဟု ခေါ်ကြည့်တော့လည်း မရပေ။ တစ်အိမ်လုံး လိုက်ရှာတော့လည်း မတွေ့။ ဒေါ်သက သူမဆီသို့ ကူးစက်သွားသည်သာ။

"မဟော်"

"..............."

"တောက် ... ဒီမိန်းမ ဘယ်ရောက်နေပါလိမ့်"

မဟော့်ကို ရှာမတွေ့တဲ့အဆုံး ဒေါ်သန့်ဆီသို့ ရောက်လာသည်သာ။

"ဒေါ်သန့်"

"................."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သန့်"

"ဘာလဲ မောင်နေမဏိ၊ ဒေါ်သန့် ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်မပေးနဲ့၊ မပော် ဘယ်သွားတာလဲ၊ တစ်အိမ်လုံး ရှာတာ နှံ့နေပြီ။ ဘယ်မှာမှ ရှာလို့မတွေ့ဘူး"

"သြော် ... မပော့် သူ့မိတ်တွေကို သတိရလို့ သွားဦးမယ် ဆိုပြီး ထွက်သွားတယ် မောင်နေမဏိရဲ့"

"တောက် ... အရေးထဲကွာ"

နေမဏိတစ်ယောက် ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်မရတော့ ဒေါသက ဟိုကနေ ဒီကိုကူးဆက်လာသည်လေ။ စိတ်ပြေလက်ပျောက် မိန်းမနဲ့အပြင်ထွက်ရမလား မှတ်ပါတယ် မိန်းမက အိမ်မှာမရှိ၊ အပြင်ကို အတူတူထွက်ကြဖို့ ကြံလိုက်တိုင်း မပော်က ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ မအောင်မြင်ခဲ့ပေ။

ခုလည်း ...

အိမ်မှာ မရှိဘူးတဲ့။ ချက်ချင်းပဲ ဖုန်းကိုထုတ်ပြီး မပော့် ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

"ဟယ်လို"

"အခု မင်း ဘယ်ရောက်နေတာလဲ"

"မေမေတို့အိမ်မှာလေ၊ အခုမှရောက်တာ။ ဒေါ်သန့်ကို





ပြောခဲ့တာပဲ ဥစ္စာ"

"ဘယ်သူ့ကိုပဲ ပြောခဲ့ပြောခဲ့ ငါမသိဘဲနဲ့ မင်းသွားစရာမလို ဘူး။ အခုပြန်လာခဲ့"

"နေမဏိ"

အခုမှ ရောက်တယ် အခုပြန်လို့ ဘယ်လိုလုပ်ပြီးဖြစ်မှာလဲ။ နေရာတကာ သူ့စိတ်သူ့ဒေါသချည်းပဲ၊ ချက်ချင်းပြန်ရင် မေမေက တစ်မျိုးပြောဦးမည်။

ဒါကြောင့် ...

"အခုမှရောက်တယ် အခုပြန်လာလို့ဖြစ်မလား။ ဒီမှာ မေမေ နဲ့ ဘာမှတောင်မပြောရသေးဘူး"

"မလိုချင်ဘူးကွာ၊ ငါက ပြန်လာဆိုရင် ပြန်လာခဲ့"

မပော် ဒေါသထွက်သွားရသည်။ ဘယ်လိုလူပါလိမ့်။ ကိုယ် ဖြစ်ချင်တာတစ်ခုကလွဲပြီး သူ့ဘက်ကိုယ့်ဘက်မျှ မတွေးပေးတတ်တဲ့ လူ၊ ဖြစ်ချင်ရာဖြစ်ပါစေတော့။

"ကျွန်မ ပြန်မလာနိုင်ဘူး နေမဏိ"

"ဘာကွ"

မပော် အပြတ်ပြောပစ်လိုက်သည်။ ကိုယ်ကတိတည်ခဲ့ တာ အပေါ်မှာ အခွင့်ကောင်းယူခဲ့တဲ့လူ။ သူနဲ့ကိုယ် လက်ထပ်ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သူ့ဇနီးမယားဖြစ်တဲ့အတွက် မချစ်ရင်တောင် မရက်စက်လောက်ဘူးလို့ ထင်ခဲ့တာ မဟော်မှားတာပါ။ အခုတော့ သူက ကတိအတိုင်း သဘောထားနေသူဆိုတော့ . . .

မဟော် ကတိမတည်သူဖြစ်ရင်လည်း ဖြစ်ပါစေတော့။ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ပေ။

"မင်း တကယ်ပြန်မလာဘူးလား နှင်းမဟော်"

သူ့အသံက မာဆတ်ဆတ်ဖြစ်သလို မဟော်ကလည်း နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိပြီးမှ . . .

"တကယ်ပြန်မလာဘူး"

"ကောင်းပြီလေ"

". . . . . . . . . . . . ."

နေမထိဘက်က ခဏ အသံတိတ်သွားပြီးမှ ပြန်ထွက်လာတဲ့အသံက ခပ်ပြတ်ပြတ်နှင့်။

"မင်း ဘယ်တော့မှ ပြန်မလာခဲ့နဲ့။ တစ်သက်လုံး ပြန်မလာနဲ့တော့"

"ကောင်းပြီလေ၊ အဲဒီစကားကို ရှင်ပြောတာနော်။ ကိုယ့်စကား ကိုယ်မှတ်ထား။ ပြီးမှ ကျွန်မအလွန်မဖြစ်စေနဲ့။ ကျွန်မကလည်း အဲဒီစကားပဲ ကြားချင်နေတာ။ စိတ်ချ ကျွန်မ တစ်သက်လုံး ရှင့်ဆီကို





ပြန်မလာတော့ဘူး"

"တောက်"

"ထွီ"

မဟော် ဖုန်းချပစ်လိုက်တော့ သူ့ပဲ ဒေါသတွေ အထပ်ထပ်မိုးတိုးကာ . . .

"ဟာ ကွာ"

"ခွမ်း"

"အမေ့"

နေမထိ ဒေါသထွက်ပြီဆို အဲဒီလို။ မဆီမဆိုင် လက်ထဲက ဖုန်းကို ပေါက်ခွဲလိုက်တော့ ဒေါသနဲ့ခမျာ လန့်အော်ပြီး ရင်ဘတ်ကလေးဖိလို့ပါ။ ထိုစဉ်မှာပဲ အိမ်ဖုန်းက အသံမြည်လာသဖြင့် နေမထိကပဲ သွားကိုင်လေလျှင် . . .

"ဟယ်လို"

". . . . . . . . . . . . ."

"ဟုတ်ကဲ့၊ ကျွန်တော် နေမထိပါ အန်တီကေ"

". . . . . . . . . . . . ."

"အဲ . . . ဟို အဲဒါ ကျွန်တော် ခုလေးတင်ပဲ ပေါက်ခွဲပစ်လိုက်လို့ပါ အန်တီကေ"



www.burmeseclassic.com

www.burmeseclassic.com



"..................."

"အဲဒါထားပါ၊ အန်တီကော ဘာပြောစရာရှိလို့လဲ ပြောလေ"

ကျေးရွာရှင် ဒေါ်ကေသီကို စကားပြောတော့ နေမဏိအသံက ပျော့ပျောင်းနူးညံ့သွားလေသည်။

"ဗျာ ... အန်ကယ့်လ်ကို ဆေးရုံတင်ရမယ် ဟုတ်လား အန်တီ။ ဘာဖြစ်တာလဲဗျာ"

"................"

"ဟုတ်ကဲ့ ... ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်။ ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

"................"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ပြောပြီးတာနှင့် နေမဏိ ဖုန်းကိုချခဲ့ပြီး ထွက်သွားလေတော့သည်။ ကျေးရွာရှင်ကြီး ဦးပြုံးမောင် သွေးတိုးနေလို့တဲ့။ ကိုယ့်ဘဝရဲ့ ပွဲကိုင်ရှင်မို့ နေမဏိအတွက် အရမ်းအရေးကြီးသည့်ကိစ္စပါလေ။

* * *



## အခန်း (၃၄)

နေမဏိ ဆေးရုံမှာ ဦးပြုံးမောင်အတွက် လိုအပ်တာတွေ လုပ်ပေးနေရတာနှင့် ဆေးရုံမှာအန်တီကေ နေလို့မဖြစ်တာကြောင့် နေပေးရတာနှင့် အလုပ်တွေရှုပ်ပြီး မဟော့်ကို သတိရပေမယ့် ဖုန်းမခေါ်ဖြစ်ပေ၊ အိမ်ကိုလည်း မပြန်ဖြစ်ပဲ၊ ဆေးရုံနဲ့ ကုမ္ပဏီသာ ကူးနေရသည့် အဖြစ်ပါ။

သူ ကုမ္ပဏီကိုသွားနေတော့ ...

အန်တီကေက ဆေးရုံစောင့်ပေါ့။ ညရေးညတာကျတော့ အန်တီကေနဲ့ အဆင်မပြေတာကြောင့် သူ စောင့်ပေးရင်း အိမ်ကိုမပြန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ တစ်ပတ်ပင်ရှိခဲ့ပါပြီ။

"သား ဖုန်းလာနေတယ်"

အန်တီကေကာ ဖုန်းကိုယူပေးသဖြင့် နေမဏိ ဦးပြုံးမောင်ကို အကျိုလဲပေးနေရာမှ ယူပြီးကိုင်လိုက်စဉ် . . .

"မောင်နေမဏိ"

"ဟုတ်ကဲ့ပြောပါ ဒေါ်သန့်"

"မောင်နေမဏိ အိမ်ပြန်မလာတာ တစ်ပတ်ရှိပြီနော်။ ဖုန်းလည်းမဆက်လို့ အခု ဒေါ်သန့်ဆက်လိုက်တာပါ။ ဟိုဖုန်းက ပေါက်ခွဲလိုက်တော့ ဘယ်ဖုန်းကို ဆက်ရမှန်းလည်းမသိဘူး။ ခုမှ မောင်ထက်မောင် ပြောပြလို့ ဒီဖုန်းနံပါတ်ကို သိတာ"

"ဆောရီး . . . ဒေါ်သန့်၊ ကျွန်တော် အရမ်းအလုပ်ရှုပ်နေလို့ အိမ်ကို ဖုန်းပြန်မဆက်ဖြစ်တာပါ။ ဒါနဲ့ မပော် အနားမှာရှိလား ဒေါ်သန့်။ ကျွန်တော် သူနဲ့စကားပြောချင်လို့ ခေါ်လိုက်စမ်းပါ"

သူပြောလိုက်တော့ ဒေါ်သန့်ဘက်မှ တိတ်ဆိတ်သွားလေသည်။

အတန်ကြာသည်အထိ ဘာမှပြန်မပြောလေတော့ . .

"ဟယ်လို . . . ဒေါ်သန့်"

"မောင်နေမဏိ"





ဒေါ်သန့်အသံက ခပ်တုန်တုန်မို့ နေမဏိ မျက်မှောင်ကြုတ်သွားလေသည်။

"မပော် . . . မောင်နေမဏိနဲ့ စကားများပြီးကတည်းက အိမ်ပြန်မလာဘူးလေကွယ်"

"ဗျာ"

နေမဏိရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိပါဘူး။ မပော် တကယ်ပဲ အိမ်ပြန်မလာဘူးလား။ ကိုယ်ပြောလိုက်မိတာအတွက် ကိုယ့်ကို တကယ်ပဲ စိတ်နာသွားပြီလား မပော်ရယ်။

"ဟုတ်ပြီ ဒေါ်သန့်၊ ကျွန်တော် ညနေပြန်လာခဲ့မယ်။ ဖုန်းချလိုက်တော့မယ်နော်"

ဒေါ်သန့်နဲ့စကားစကိုဖြတ်ပြီး မပော့်ဖုန်းကိုခေါ်တော့ ခေါ်လို့မရပေ။ စက်ပိတ်ထားတယ်ချည်း ပြောနေတာပါပဲ။ ဒါကြောင့် ကိုယ်ပြောခဲ့မိတာ ကိုယ့်အမှားပါလားဆိုတဲ့ နောင်တနဲ့ သက်ပြင်းသာ ချလိုက်မိတော့သည်။

မပော့်ဘက်မှာလည်း . . .

"သူကတော့ နေနိုင်သေးတာ သမီးလည်း နေလိုက်[illegible] သမီးရယ်။ လာမခေါ်လည်း နေပါစေ ငိုမနေနဲ့။ အစကတ[illegible] မေမေသိတယ်။ ဒီကောင်က သမီးကိုလက်စားချေချ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အဲ့တေးတွေနဲ့ လက်ထပ်ခဲ့တာ။ သူ တောင်းပန်ပြီး လာမခေါ်ပဲနဲ့ သမီး လုံးဝပြန်စရာမလိုဘူး''

''တင်မ''

ဦးဘုန်းမဟာ လေသံမာမာနှင့် ခေါ်ပစ်လိုက်သည်။ ဖြစ်မိသွားတဲ့ အိမ်ထောင်ရေးတည်မြဲအောင်လို့ မိဘက သွန်သင်ဆုံးမပေးမယ်တော့မရှိဘူး။ မြှောက်ပေးနေတာ ကောင်းသလား။ တစ်ခုလပ်တစ်လင်ကွာဆိုတဲ့ ဂုဏ်ပုဒ်ကို ကောင်းတယ်လို့များ မှတ်နေသလား မသိပါဘူး။

ကိုယ်ကတော့ . . .

ကိုယ့်သမီးလေးရဲ့ အိမ်ထောင်ရေးကို မပြိုကွဲစေချင်ပေ။

''ဟုတ်တယ်၊ သားလည်း အဲကောင်ကို ကြည့်လို့မရဘူး မေမေ။ သူကိုယ့်သူ နေရင့်ရောင် ကုမ္ပဏီရဲ့ MD ဆိုပြီး လူကို လူလို မမြင်ဘူး''

''တကယ်တမ်း လူကို လူလိုမမြင်တတ်တာကမင်းပဲ မင်းမဟာ။ သူများကို ဘာမှ လျှောက်ပြောမနေနဲ့။ နေမထိက တကယ် အရည်အချင်းရှိတဲ့ယောကျ်ား။ မင်းလို လတ်လျား လတ်လျားလုပ်ပြီး အချိန်ဖြုန်းနေတာ မဟုတ်ဘူးကွ''

''ရှင် ကျွန်မသားကို ဘာမှပြောစရာမလိုပါဘူး''





''အေး . . . သားကို ပြောတာမကြိုက်ရင် အမေကို ပြောမယ်ကွာ။ မင်း မိခင်တစ်ယောက်လုပ်နေပြီး သားသမီးကို ဘယ်လိုဆုံးမနေတာလဲ။ မင်းမသိရင် မှတ်ထား။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို လက်စားချေလို့မှုတစ်ခုတည်းနဲ့ ဒီဘဝရောက်အောင်ကြိုးစားပြီး ဘယ်တော့မှ လက်မထပ်ဘူး။ ကိုယ့်အတ္တတစ်ခုအတွက် ဘယ်တော့မှ ဘဝတစ်ခုလုံး ရင်းနှီးပြီး လက်မတွဲဘူးကွ''

''ဟင်''

မေမေ့စကားကြောင့် မပေါ့်ကိုယ်လေး မတ်ခနဲဖြစ်သွားလေသည်။ ဒါဆို နေမထိက မပေါ့်ကိုချစ်လို့ လက်ထပ်ခဲ့တာပေါ့ ဒီလိုလား။ ယုံလိုက်ချင်ပါတယ်။ အဲဒီလိုသာ တကယ်ဖြစ်ခဲ့ရင် မပေါ့် သူကို မချေမငံ့ စကားတွေ ပြောခဲ့မိမှာ မဟုတ်ပါဘူး။ အခုက သူ မပေါ့်အပေါ် ဆက်ဆံပုံက ရင့်သီးလွန်းလှပါသည်။

''ဒီမှာသမီး''

''ရှင်''

''သမီးအပေါ်မှာ နေမထိ နှိမ့်ချဆက်ဆံနေတာ အရင်တုန်းက သမီးတို့သားအမိ မောက်မာခဲ့တာအတွက် လက်စားချေတာ [illegible] ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါ ကာလအတိုင်းအတာ [illegible] မိန်းမတစ်ယောက်ကို မချစ်ဘဲနဲ့ လက်ထပ်လိုက်ရအောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှုးကြောင်ကြောင်ကောင် မဟုတ်လို့ ဒီဘဝ ဒီအခြေအနေအထိ တိုးတက်ပြောင်းလဲလာတယ်ဆိုတာ သမီးမှတ်ထား''

မပေါ် မျက်ရည်ကို သုတ်လိုက်ပြီး မျက်လုံးလေးတွေက တောက်ပလာလေသည်။ ဟုတ်တယ် ဖေဖေပြောတာမှန်တာပေါ့။ မပေါ်တောင် သူ့ကို ချစ်လို့ ကြည်ကြည်ဖြူဖြူ လက်ခံခဲ့တာပဲဥစ္စာ။ မချစ်လို့ကတော့ ကတိဆိုတာ ပါးစပ်ကပေးတာ တည်နေစရာ အကြောင်း မရှိဘူးလေ။

ကတိအတွက် ...

ဘယ်သူက နှလုံးသားကို စတေးရဲမှာလဲ၊ သူကရော မခံချင် စိတ်ကလေးတစ်ခုနဲ့ နှလုံးသားကို စတေးမှာလား။ မပေါ် နားလည်လိုက်ပါပြီလေ။

ထို့ကြောင့် ...

မပေါ် ထရပ်လိုက်လေလျှင် ...

''သမီး ဘယ်သွားမလို့လဲ''

''သမီး ... သမီး ... အိမ်ကိုပဲ ပြန်တော့မယ် မေမေ''

''ဟင်''

''ဟုတ်တယ်၊ ဖေဖေပြောတာ မှန်တယ် မေမေ။ သမီးလည်း သူ့ကို ကတိတစ်ခုတည်းကြောင့် လက်ထပ်ခဲ့တာမဟုတ်ပါဘူး။





သူလည်း ဒီလိုပဲ နေမှာပါ။ ကတိတစ်ခုတည်းအတွက်နဲ့တော့ ဒီဘဝ ဒီအခြေအနေမျိုးရောက်အောင် သူ ကြိုးစားခဲ့မှာမဟုတ်ပါဘူး။ သူ သမီးကို ဖုန်းလည်း မဆက်၊ လာလည်းမခေါ်တာ အရေးကြီးကိစ္စ ရှိနေလို့ဖြစ်မှာပါ''

''ကောင်းတယ် သမီး။ သမီး ပြန်သင့်နေတာကြာပြီ''

''ကိုဘုန်းမဟာ''

''သွားတော့ သမီး''

မပေါ် ခေါင်းညိတ်ပြီး ခြေလှမ်းသွက်သွက်နှင့် ထွက်လာခဲ့တော့သည်။ ကျွန်မ နားလည်လိုက်ပြီ နေမဟာ။ ရှင် ဘီလူးခေါင်း ခေါင်းထားပေမယ့် ရှင့်ရင်ထဲမှာ ကျွန်မကိုချစ်တဲ့ အချစ်တွေ ရှိနေတယ်ဆိုတာကိုပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၅)

"တီ တီ"

"ဟင်"

"တီ တီ"

မပေါ့်ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ခြံထဲကိုဝင်လာပြီး ဟွန်းတီးနေတဲ့ကားက နေမဏိကားပါပဲ။ သူလိုက်လာပြီပေါ့။ မပေါ်ကလည်း အခုပဲ အိမ်ပြန်တော့မလို့လေ။ သူလိုက်လာပြီဆိုတော့ အတော်ပဲပေါ့။

နေမဏိ …





ကားကိုရပ်ပြီးတာနှင့် ကားပေါ်က ဆင်းလိုက်တာ အလျှင်စလိုပါ။

"မပေါ်"

"……………"

အနားကိုရောက်တာနှင့် မပေါ့်လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ …

"ဆောရီး … ကိုယ်တောင်းပန်ပါတယ် မပေါ်ရယ်။ ဟိုတစ်ခါ ကိုယ် စိတ်လိုက်မာန်ပါ ပြောလိုက်မိတာကို ခွင့်လွှတ်ပါနော်။ အဲဒီနေ့က အစ်ကိုတွေ ရှာပြန်မယ်ဆိုတာ တားမရလို့ ကိုယ် စိတ်တိုနေတာနဲ့ ပြောလိုက်မိတာ"

"……………"

"ပြီးတော့ ဒီကြားထဲ ကိုယ် မပေါ့်ကို လာမခေါ်ဖြစ်တာ အန်ကယ်လ်ပြူးမောင် ဆေးရုံတက်နေလို့ အဲဒီမှာ နေပေးနေရတာနဲ့ လာမခေါ်ဖြစ်တာပါ။ အခု ကိုယ်မပေါ့်ကို လာခေါ်တာ။ အိမ်မှာ မပေါ်မရှိရင် ကိုယ်မနေတတ်ဘူး"

မပေါ် သူ့မျက်နှာကို ခပ်တွေတွေလေးမော့ကြည့်ပြီး ဘာမှ ပြန်မပြောဖြစ်ပေ။ ထင်ပါတယ်၊ သူ အကြောင်းတစ်ခုခုကြောင့် [illegible] ကို လာမခေါ်ဘူးဆိုတာကိုလေ။ မပေါ်က သူလာအခေါ်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့သူ။ လာမခေါ်တော့ စိတ်နာသလိုရှိခဲ့ပြီး ဖေဖေစကားတွေကြောင့်ပဲ . . .

ထိုနာကျင်မှုတွေ ပျောက်ဆုံးသွားခဲ့တာ။

ကျွန်မ ရှင့်ကိုသိပ်ချစ်လို့ပါ နေမထိရယ်။

"မပော်"

". . . . . . . . . . . . . . ."

"ကိုယ်နဲ့ပြန်လိုက်ခဲ့ပါနော်။ ဖြစ်ခဲ့ပြီးတာတွေအတွက် ကိုယ်တကယ်တောင်းပန်နေတာပါ။ နောက်ကို မပော်စိတ်ဆင်းရဲအောင် ကိုယ် ဘာမှမပြောတော့ပါဘူး။ ကိုယ် ကတိပေးပါတယ်။ မပော့်ကို ကိုယ် စိတ်ချမ်းသာအောင် ထားပါ့မယ်ကွာနော်"

"ရှင် တကယ်ပြောတာလား"

"တကယ်ပေါ့ မပော်ရယ်"

"အရင်လို ကျွန်မကို အော်လိုက် ငေါက်လိုက်လုပ်မယ်ဆိုရင် ပြန်မလိုက်ဘူး"

ပြန်မလိုက်ဘူးဆိုက်လာတာပေမယ့် မူခွင့်ရှိလို့ မူလိုက်တာပါလေ။

"စိတ်ချပါ မပော်၊ ကိုယ် ကတိပေးပါတယ်။ တကယ်တော့ ကိုယ် အမြင်ကပ်ခဲ့တာက အစကထည်းက မပော်မှ မဟုတ်ခဲ့တာ။ ကိုယ့်ဘဝမှာ မပော်မရှိလို့မဖြစ်ဘူး မပော်။ ကိုယ် မပော့်ကို





ဒီနေ့ကစပြီး မပော့်စိတ်တိုင်းကျ နေခွင့်ပေးပါ့မယ်"

"ဘာဖြစ်လို့လဲ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြတဲ့ မျက်ဝန်းတွေထဲမှာ မာန်မာနတွေ ကင်းစင်လို့ ချစ်ရိပ်တွေသာ တစ်ဝေဝေနှင့်ပါ။ ဒီအချိန်မှာ ကိုယ့်ရင်ထဲရှိတဲ့အတိုင်း ဖွင့်ပြောသင့်နေပြီလေ။ ဖုံးကွယ်ထားဖို့မှ မလိုတော့တာ။

ထို့ကြောင့် . . .

"မင်းကို ကိုယ် အရမ်းချစ်လို့၊ ကိုယ့်ဘဝထဲမှာ မင်းက မရှိမဖြစ်လိုအပ်နေလို့ပေါ့ မပော်ရယ်"

". . . . . . . . . . . . . ."

"မိန်းမတစ်ယောက်ကို ကိုယ်မချစ်ဘဲနဲ့ လက်ထပ်ရလောက်အောင် ကိုယ်က ငပေါကြီးမှ မဟုတ်တာ။ ကတိကို တန်ဖိုးထားလို့ ကတိတစ်ခုတည်းကြောင့် ကိုယ် ဒီဘဝရောက်အောင် ကြိုးစားခဲ့တာ မဟုတ်ဘူး မပော်။ ဟိုးအရင်ကတည်းက မင်းကို ကိုယ်သိပ်ချစ်ခဲ့လို့ ဒီဘဝ ဒီအခြေအထိရောက်အောင် ကိုယ် ကြိုးစားခဲ့တာပါ"

သူ ဆုပ်ကိုင်ထားတဲ့လက်ကို မပော် မရုန်းမိဘဲ သူ့လက်ကို ပြန်၍ ဆုပ်ကိုင်ထားမိလိုက်သည်။ ကိုယ်လည်း ဟိုးအရင်ကတည်းက သူ့ကိုချစ်ခဲ့လို့ ကတိတည်နိုင်ခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မဟော်ကရော"

"ဟင် ဘာလဲ"

"ကိုယ့်ကိုချစ်လားလို့"

မဟော် ခေါင်းလေးငုံ့ပြီး ရှက်စနိုးလေး ပြုံးလိုက်မိသည်။ သူက မဟော့်ပခုံးလေးကိုကိုင်ပြီး မျက်နှာကိုငုံ့ကြည့်ကာ ...

"မေးနေတာဖြေလေ"

"မဟော်လည်း အခုပဲ အိမ်ကိုပြန်မလို့ ထွက်လာတာပါ"

"ကိုယ်မေးတာ အဲဒါမဟုတ်ဘူးလေ"

"သိပါတယ်၊ အိမ်ကို ကိုယ့်ဘာသာပြန်နိုင်ဖို့ ထွက်လာတယ် ဆိုမှတော့ စဉ်းစားကြည့်ပေါ့"

"ပြောပြီး မဟော် သူ့လက်ကို ဖယ်ချခဲ့ပြီး ကားဆီသို့ လျှောက်လာခဲ့တော့သည်။ နေမဏိလည်း ကားပေါ်သို့ တက်လိုက်ပြီး

"ဒါဆို"

"............."

"မဟော် ကိုယ့်ကို ချစ်တယ်ပေါ့နော်. ဟုတ်လား"

"ကျွန်မလည်း ရှင့်လိုပဲပေါ့"

"ဟင် ... တကယ်"

"လာမခေါ်လို့ ... ဒီမှာ ဘယ်လောက်ငိုခဲ့ရလဲ သိလား။





ယောကျ်ားတစ်ယောက်ကို မချစ်ဘဲနဲ့ လက်ထပ်ရအောင် ဒီကလည်း အရူးမဟုတ်ပါဘူးနော်"

"ဟာ ... မဟော်ရယ်"

မဟော့်ကိုယ်လေး သူ့ရင်ခွင်ထဲသို့ရောက်သွားလေတော့သည်။ ခြော် ချစ်သူ့ရင်ခွင်က နွေးထွေးသည်ဆိုတာ အခု မဟော့် အတွက် တကယ်နွေးထွေးခဲ့ပါပြီလေ။

"ရှင် ကျွန်မကို အနိုင်ကျင့်ဦးမှာလား"

"မကျင့်တော့ပါဘူး။ ကိုယ်ချစ်တဲ့ ကိုယ့်မိန်းမကို အနိုင်ကျင့် စရာလား"

ပြောပြီး ပါးပြင်လေးကို ဖျတ်ခနဲ ငုံ့နမ်းကာ ...

"ကိုယ်တို့နှစ်ယောက် မပွင့်လင်းခဲ့တာတွေအတွက် အချိန် တွေကို နှမြောလိုက်တာကွာ"

"မဟော်က မိန်းကလေးလေ၊ ရှင့်ကိုချစ်ပါတယ်လို့ စပြော ရမှာလား"

မျက်စောင်းလေးထိုးပြီးပြောတော့ နေမဏိ အသည်းယားစွာ မဟော်ပါးပြင်လေးကို လိမ်ဆွဲပြီး ရယ်လေသည်။

"ကိုယ်ကလည်း မပြောနိုင်ဘူးလေ"

"ဟွန့် ... ပြောစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟော်"

"………………"

"ကိုယ့်ကို ရှင်တွေ ကျွန်မတွေနဲ့ မပြောနဲ့တော့နော်။ ကိုယ်မကြိုက်ဘူး။ ဒီနေ့ကစပြီး ကိုယ် ကောင်းကင်အနှံ့ မဟော့်ကို ချစ်တဲ့အချစ်တွေ ကြဲဖြန့်ထားလိုက်တော့မယ် နော် အချစ်"

"အင်း"

"အရမ်းချစ်တယ်"

နေမထိက တိုးလို့ဖက်တော့ မဟော်ကလည်း သူ့ကိုပြန်ဖက်ထားလေသည်။ အခုမှပဲ အချစ်နဲ့ စတင်တည်ဆောက်တော့မည့် အိမ်ထောင်ရေးဟာ ဘယ်သူဖျက်ဖျက် မပျက်ခြင်းနဲ့ ထာဝရလက်တွဲ ပျော်ရွှင်ကြရတော့မည်သာ။

နှစ်ယောက်သား အချစ်တွေကို …

ကောင်းကင်အနှံ့ ကြဲဖြန့်ထားလို့ ခိုင်မြဲသော လက်တွေက ဘယ်သောအခါမှ ပြုတ်မည် မဟုတ်တော့ပေ။

* * *





**ကောင်းကင်အနှံ့ ငါ့အချစ်တွေ ကြဲဖြန့်ထားပါရစေ**

တိုးတိုးတိတ်တိတ်
ပေါက်ဖွားလာတဲ့
ရင်ခုန်သံတွေသည်
ပြင်းပြင်းရှရှ ဝိုင်တစ်ခွက်လို
ချိုမြိန်ခါးသက်လှပြီး
ရှုရှူးမှူးမှူး စွဲလမ်းနေတဲ့
ငါ့စိတ်အစဉ်တို့သည်
တမ်းတမ်းတတ သတိရရင်
နင်မသိတဲ့ ငါ့အချစ်တွေကို
ကောင်းကင်အနှံ့ ကြဲဖြန့်ထားပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်အနှံ့ ပို့အချစ်တွေ ကြဲဖြန့်ထားပါရစေ" ကဗျာကို ရေးစပ်ပေးပို့ပါသော မောင်လေးဆန်းလင်း (မြိတ်) အား အထူးကျေးဇူးတင်ပါသည်။

ဆန္ဒနဲ့ဘဝ ထပ်ထပ်တည်းကျနိုင်ကြပါစေ။

အလင်းသစ်

BURMESE CLASSIC



www.burmeseclassic.com